www.burmeseclassic.com

# ကိုငြိမ်းဦး



# ချစ်သူ ငါ့ အိန်ဂျယ်

အချစ်ဟာသ
လုံးချင်းဝတ္ထုသစ်


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ကိုငြိမ်းဦး



# ချစ်သူ့ဝင်္ကန်ရယ်

တော်ဝင်မြို့မ စာအုပ်တိုက်
အမှတ် (၈၈)၊ ဒုတိယထပ်(ယာ)၊ ၃၈-လမ်း။
ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ကိုငြိမ်းဦး၏ စာအုပ်အမှတ်စဉ် ( ၂၃ )

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၉၉၀၃၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၉၂၀၉၀၉

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | ဟိန်းမင်းဇော် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၈လမ်း ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မှန်ရွှေပုံနှိပ်တိုက်) |
| | | (၈၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းယု |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၅.၈၃

ငြိမ်းဦး ၊ ကို

ချစ်သူအိန်ဂျယ် / ကိုငြိမ်းဦး။ - ရန်ကုန်။

တော်ဝင်မြို့မစာပေ ၊ ၂၀၀၉။

၁၇၀ - စာ၊ ၁၃ စင်တီမီတာ × ၂၀.၅ စင်တီမီတာ။

(၁) ချစ်သူအိန်ဂျယ်


## (၁)

**ကား** စက်သည် ရုတ်တရက်ထိုးရပ်သွားသည်။ ကျွန်တော် အသံတစ်ချက်ထွက်ပြီး ဆဲလိုက်မိသည်။ မိုးသက်လေပြင်းကျနေသည့်ညဖြစ်သည့်အပြင် အဝေးပြေးလမ်းမကြီး တစ်လျှောက် ကားအသွားအလာမရှိသလောက်ရှင်းနေ၏။ ကားရှေ့ မှန်ပေါ်သို့ ရေတွေသွန်ချသလိုကျနေသဖြင့် ရေသုတ်တံလည်း မတတ်နိုင်တော့ပြီ။

ကားမီးရောင်သည် သည်းထန်စွာရွာသွန်းနေသည့်မိုးကြောင့် ရှေ့သို့သိပ်မရောက်။ အမှန်ကတော့ သည်လောက်ရွာနေသည့် မိုးနှင့်ဆိုလျှင် ကားကိုဆက်မမောင်းသင့်ကော့။ ကားကို လမ်းဘေး တစ်နေရာချရပ်ပြီး ကားပေါ်မှာပင် တရေးအိပ်နေလိုက်ဖို့ပင်ကောင်းသည်။ သို့သော် မနက်ဖြန်ရန်ကုန်မှာကျင်းပမည့် ဂေဟာင်းမြတ်ထရေဒင်းကုမ္ပဏီ၏အမှုဆောင်အစည်းအဝေးသို့ ကျွန်တော်တက်ရောက်ဖို့အရေးသည် အလွန်ပင်အရေးကြီးနေသည်။

အစုရှယ်ယာဝင်ခြောက်ဦးဖြင့် မဟာည်ဖွဲ့စည်းထားသောဤကုမ္ပဏီတွင် ကျွန်တော်နှင့် ဖေဖေဦးကောင်းမြတ်က အစုရာခိုင်နှုန်း လေးဆယ်ပိုင်ဆိုင်ထားသဖြင့် ဖေဖေကကုမ္ပဏီ၏ အမ်ဒီရာထူးကိုရသည်။ ကျွန်တော်ကတော့ အထွေထွေမန်နေဂျာရာထူးကိုသာ

www.burmeseclassic.com



ယူထားသည်။ မနက်ဖြန်နံနက် ဆယ်နာရီ၌ တစ်နှစ်တာငွေစာရင်းရှင်းတမ်းနှင့် ပရိုဂျက်အသစ်တစ်ခုအတွက် ကျွန်တော်မတက်ရောက်လျှင် မဖြစ်သည့်အခြေအနေ ဖြစ်ပါသည်။

ကားစက်ကို ပြန်နှိုးကြည့်လိုက်သည်။ စတတ်တာမော်တာ လည်သံသည် အားပျော့နေလေ၏။ ထို့ကြောင့် ရှေ့မီးတွေကိုပိတ်လိုက်ပြီး စက်ပြန်နှိုးကြည့်လိုက်သည်။ သည်တစ်ခါတော့ မော်တာလည်သံသည် စောစောကထက် အားပျော့လာသည်။ လျှပ်စီးလက်လိုက်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးသည် ဝင်းဝင်းလက်သွား၏။ ယခုတော့ဖြင့် ကျွန်တော်ဒုက္ခရောက်နေလေပြီ။ မိုးသက်လေပြင်းကလည်း အတော်နှင့် ရပ်သွားမည့်ပုံမပေါ်။

ဤနေရာသည် မည်သည့်နေရာဖြစ်သနည်း။ တောင်ငူကို ကျော်လာခဲ့ပြီကတော့ သေချာသည်။ ထိုတောင်ငူမှာပင် ကျွန်တော် ညစာစားခဲ့သေးသည်။ ကျွန်တော်နာရီကြည့်လိုက်သည်။ ညဆယ့်တစ်နာရီထိုးပြီးသွားလေပြီ။ ကျွန်တော်လည်း ကားနောက်ခန်းမှာထည့်ထားသည့် မိုးကာဂျာကင်ကိုလှမ်းယူလိုက်ပြီး၊ အပေါ်က ထပ်ဝတ်လိုက်သည်။ ပြီးတော့ ကားတံခါးကို ဖွင့်ကာအောက်သို့ ဆင်းလိုက်၏။

ခပ်ပြင်းပြင်း မိုးစက်မိုးပေါက်တွေက ကျွန်တော့်မျက်နှာပေါ် ကျလာသည်။ မိုးသက်လေပြင်းသည် အပြင်၌ ပို၍ဆိုးနေပါသည်။ လေသည် ကျွန်တော့်တစ်ကိုယ်လုံးကို မြောက်ပါသွားစေမတတ် တိုက်ခတ်နေ၏။ ကားစက်ခေါင်းရှိရာသို့ ကျွန်တော်ခပ်သွက်သွက်သွားလိုက်ပြီး ကားစက်ခေါင်းဖုံးကိုဖွင့်လိုက်သည်။ ပြီးတော့ ခပ်ဝါးဝါး အလင်းရောင်ဖြင့်ပင် ကားရေတိုင်ကီဖုံးကို မှန်း၍ဖွင့်လိုက်၏။

ထိုအခိုက်မှာပင် ကျွန်တော့်ကား ရပ်ထားရာနေရာရှိ သစ်ပင်ကြီးမှ သစ်ကိုင်းတစ်ကိုင်းသည် ရုဘ်တရက်ကျိုးကျလာတော့သည်။ ထိုသစ်ကိုင်းပေါ်၌ ကျွန်တော့်အာရုံမရှိသဖြင့် သစ်ကိုင်းသည်



ကျွန်တော့်ချိုစောင်းကို တည့်တည့်ပင်ထိလေသည်။ ကျွန်တော့်ခေါင်းသည် ပူခနဲဖြစ်သွားပြီး ရှေ့သို့ ကျွန်တော် ငိုက်ကျသွားသည်။ စေးထန်းသော သွေးတွေက မိုးရေနှင့်ပျော်ဝင်ပြီး ကျွန်တော့်ပါးစပ်ထဲ ဝင်လာသည်။

ကျွန်တော်မူးသွားကာ ကားစက်ခေါင်းဖုံးကို လက်နှင့်အသာ ထိန်းကိုင်လိုက်ရသည်။ ဒုက္ခတော့ ရောက်ချေပြီ။ ကားပျက်သဖြင့် ဘာလုပ်ရကောင်းမည်လဲဟု ကားစက်ကိုလာကြည့်မိပါသည်။ ခေါင်း၌ ဒဏ်ရာပါရနေရလေပြီ။ ကျွန်တော့်ကိုယ်ပေါ်ကို ရိုက်ခတ်သွားသည့် သစ်ကိုင်းကို ဘေးသို့တွန်းချပြီး ကားထဲပြန်ဝင်သည်။

ပြီးတော့ အဝတ်အစားထည့်သည့် သားရေအိတ်ကို လှမ်းယူကာ အထဲကစွပ်ကျယ်အင်္ကျီတစ်ထည်ကို ဆွဲထုတ်သည်။ စွပ်ကျယ်ကို လက်နှင့်ပင်ဆွဲဖြဲပြီး ခေါင်းကဒဏ်ရာကို စည်းဖို့ပြင်ရလေတော့သည်။ ဒဏ်ရာကို ပတ်တီးစည်းပြီးသည်နှင့် ကားပေါ်မှာကျွန်တော် ခဏလှဲနေမိသည်။ စောစောကထက်စာလျှင် အမူးသက်သာလာသော်လည်း ဒဏ်ရာက ယခုမှနာကျင်လာ၏။ သွေးကလည်း ရုတ်တရက် မတိတ်။

ထိုအခိုက်မှာပင် လျှပ်ရောင်လက်သွားပြီး ကားတစ်စီးလာနေသံကြားရသည်။ ကျွန်တော်ခေါင်းထောင်ကြည့်လိုက်ရာ ကုန်တင်ကားကြီးတစ်စီးက အရှိန်နှင့်မောင်းလာကာ ကျွန်တော့်ကားဘေးမှ ဖြတ်ကျော်သွား၏။ လျှပ်ရောင်ထပ်အလက်တွင် ရှေ့မလှမ်းမကမ်းမှာရှိသော မြေညီလမ်းကလေးတစ်ခုကို တွေ့လိုက်ရသည်။ ကျွန်တော် ကားစက်နှိုးမိပြန်သည်။ သို့သော်သည်တစ်ခါတော့ စတတ်တာမော်တာသံပင် မကြားရတော့။

မြေနီလမ်းကလေးအတိုင်းဝင်သွားလျှင် အိမ်တစ်လုံးတော့လေတော့ တွေ့ရပါလိမ့်မည်။ ထိုအိမ်ကိုပင်သွားနှိုးပြီး ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အကူအညီသွားတောင်းရလျှင် ကောင်းမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ခေါင်းက ဒဏ်ရာဟလည်း ယခုထိသွေးတွေ ထွက်နေသေးသည်။ ပြီးတော့ ယခုကားရပ်ထားရာ နေရာသည် ကားအတွက်ရော၊ ကျွန်တော့်အတွက်ပါ လုံခြုံမှုမရှိပါ။ သစ်ကိုင်းတွေ ထပ်၍ကျိုးကျလာနိုင်သလို၊ သစ်ပင်ကြီးပါ အမြစ်ကကျွတ်ပြီး ကားပေါ်လဲကျလာနိုင်ပါသည်။

ကျွန်တော်လည်း ဆုံးဖြတ်ချက်နှင့်အတူ ဝတ်ထားသော မိုးကာဂျာကင်ကိုချွတ်ပြီး ခေါင်းပေါ်ကိုလွှမ်းခြုံလိုက်ကာ ကားထဲမှ ထွက်လိုက်သည်။ ခေါင်းက ဒဏ်ရာသည် မည်မျှကြီးသနည်း ကျွန်တော်မသိရသေးခင် မိုးရေတွေစိုပြီး သွေးတွေပိုထွက်လာမှာစိုးသောကြောင့် ဖြစ်သည်။ ပြီးတော့ ကားကို ပြတင်းအပြင်မှထိန်း၍ တစ်မျိုး၊ တွန်း၍ ကစ်မျိုး ပြုလုပ်ရင်း ရှေ့က မြေနီလမ်းကလေးသို့ တွန်းသွားလိုက်သည်။ လမ်းကလေးသို့ရောက်သော် လမ်းအတိုင်း ကားကို ချိုးကွေ့သည်။

ဘာပဲဖြစ်ဖြစ် သည်နေရာကလေးသည် စောစောကနေရာထက် ပို၍လုံခြုံပါသည်။ ကျွန်တော့်တစ်ကိုယ်လုံးလည်း စိုရွှဲနေလေပြီ။ မိုးနှင့်အတူ လေကပါလာသဖြင့် ကျွန်တော်ချမ်းလာ၏။ မြေနီလမ်းကလေးကို လှမ်းမျှော်ကြည့်လိုက်သော် ခပ်လှမ်းလှမ်း တစ်နေရာ၌ မီးရောင်ကိုတွေ့ရသည်။ လူနေအိမ်ခြေတွေများလား၊ ကားကို သော့ခတ်ပြီး ကျွန်တော် မိုးရွာထဲမှာလမ်းလျှောက်သည်။ ဆယ်မိနစ်လောက် လျှောက်လိုက်ရပြီးနောက် သစ်သားအိမ်အိုကြီးတစ်လုံးသို့ ကျွန်တော် ရောက်သွား၏။ စောစောက မြင်ခဲ့ရသော မီးရောင်သည် ဤအိမ်ကြီးမှပင် ဖြစ်၏။

ကျွန်တော်လည်း ပိတ်ထားသော အိမ်တံခါးရွက်တွေကို ခပ်ပြင်းပြင်းလေး ခေါက်လိုက်မိ၏။ အထဲမှ ဘာသံမျှ မကြားရ။ လေသံ၊





မိုးသံတွေ ဆူညံနေသောကြောင့် တံခါးခေါက်သံကို မကြားလေရော့သလားဟု စဉ်းစားမိပြီး တံခါးကိုထပ်ခေါက်မည်ပြုစဉ် တံခါးသည် ပွင့်သွား၏။

တံခါးဝ၌ လူကြီးတစ်ယောက်သည် မှန်အိမ်ကြီးကို လက်မှဆွဲပြီး ရပ်နေသည်။ ထိုအခါမှာ ကျွန်တော်လည်း ကသောကမျော ပြောလိုက်မိ၏။

"ကျွန်တော် ကားပျက်သွားလို့ပါ ခင်ဗျာ . . . နောက်ပြီး ခေါင်းမှာ ဒဏ်ရာလည်း ရထားလို့ပါ . . . အဲဒါ . . ."

"လာ လာ . . . အထဲကိုဝင် . . ."

ထိုလူကြီးကနောက်ဆုတ်ပေးသဖြင့် ကျွန်တော်အိမ်ထဲတိုးဝင်လိုက်သည်။ အိမ်ထဲမှာ နောက်ထပ်မှန်အိမ်တစ်လုံး ထွန်းထားသဖြင့် သင့်တင့်ရုံလင်းနေ၏။ ကြီးမားသော်လည်း ဟောင်းနွမ်းနေသည့် နှစ်ယောက်ထိုင်ဆက်တီခုံမှာ ကျွန်တော်ခြေပစ်လက်ပစ်ဝင်ထိုင်လိုက်ပြီးမှ ကျွန်တော်အားနာသွားမိသည်။ ကျွန်တော့်ကိုယ်မှာ ရေတွေ စိုရွှဲနေသည် မဟုတ်ပါလော။

"ထိုင် ထိုင် သား . . . ရတယ် ကိစ္စမရှိဘူး သား . . . ဘာမှ အားမနာနဲ့ . . ."

ထိုလူကြီးက ကျွန်တော့်အားနာမှုကို ရိပ်မိသွားပုံရ၏။ သူသည် လက်ထဲကမှန်အိမ်ကို စားပွဲပေါ်မှာလှမ်းတင်ပြီး ကျွန်တော့်ဘေးကခုံမှာ ဝင်ထိုင်၏။

"မိုးရော‌လေရောကလည်း ကောင်းလွန်းသကိုး . . . ကဲ ပြောပါဦး . . . ဘာကွဖြစ်လာတာလဲ"

ကျွန်တော်လည်း ထိုအခါမှပင် ပြည့်ပြည့်စုံစုံပြောလိုက်ရသည်။ ထိုလူကြီးသည် ကျွန်တော့်စကားဆုံးသည်နှင့် ထိုင်ရာမှ အသာပြန်ထပြီး ဗီရိုတစ်လုံးပေါ်မှာရှိသည့် ဆေးသေတ္တာကိုသွားယူသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်တို့ မင်းရောက်လာမှာကိုသိလို့ မအိပ်သေးဘဲ စောင့်နေတာ . . . "

ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းတွေ ထသွားသည်။ သည်လူကြီးပြောတာ ဘာအဓိပ္ပါယ်ပါလိမ့်။ လူသူပြတ်လတ်သော ယခုလိုနေရာမျိုးမှာ အိမ်အိုကြီးတစ်လုံး။ ထိုအိမ်အိုကြီးမှာ နေထိုင်သူတွေသည် လူမှ ဟုတ်ပါ၏လော။ တစ္ဆေသရဲ နာနာဘာဝ များပင်လော။

အဘိုးကြီးသည် သေတ္တာကိုယူပြီး ကျွန်တော့်ရှေ့သို့ ပြန်ရောက်လာသည်။ ကျွန်တော်လည်း ထိုအခါမှပင် အဘိုးကြီးကို သေသေချာချာ အကဲခတ်လိုက်မိသည်။ ဤလူကြီးသည် အသက်ခြောက်ဆယ်လောက်ပင် ရှိဦးမည်။ သို့သော် သည့်ထက်လည်း ငယ်နိုင်သည်။ သူသည် ကုတ်အင်္ကျီဖားဖားကြီးကို ဝတ်ထားပြီး အောက်ကတော့ ရှိုးရှိုးချည်လုံချည်ကိုသာ ဝတ်ဆင်ထားသည်။

"ကဲ . . . သား . . . မင်းဒဏ်ရာကို ဆေးထည့်ရအောင် . . . အန်ကယ့်ဆီမှာတော့ ဆေးတွေ အတော်စုံပါတယ် . . ."

အဘိုးကြီးက ကျွန်တော့်ရှေ့မှာ ကုလားထိုင်တစ်လုံးနှင့် လာထိုင်သည်။ ထိုအခိုက်မှာပင် သီချင်းဆိုသံ ခပ်တိုးတိုးကို စကြားရလေသည်။ မိန်းကလေးတစ်ယောက်၏ သီချင်းဆိုသံ။ သို့သော် မြန်မာသီချင်းမဟုတ်။ ကျွန်တော်မသိသည့် ဘာသာစကားတစ်ခုဖြင့် သီဆိုနေလေသည်။ သီချင်းသံ ထွက်ပေါ်လာရာကို ကျွန်တော် စူးစမ်းလိုက်မိသည်။ အိမ်ပေါ်ထပ်က လိုလို။ အိမ်အတွင်းခန်းက လိုလို။ မိုးသံလေသံတွေကလည်း ဆူညံနေဆဲမို့ ကျွန်တော် ကောင်းကောင်းမခန့်မှန်းနိုင်။

အဘိုးကြီးသည် ကျွန်တော့်ခေါင်းမှာ စည်းထားသည့် စွပ်ကျယ်စကို ဖြည်နေ၏။





"အင်း . . . ဒဏ်ရာက တစ်လက်မလောက် ကွဲသွားတာဝဲ . . . သွေးတော့တိတ်နေပြီ . . . ဒီဒဏ်ရာလောက်ဆို ချုပ်ရလိမ့်မယ် ထင်တယ် . . . ဒါပေမယ့် အန်ကယ်တို့ကလည်း ဆရာဝန် မဟုတ်တော့ မလုပ်တတ်ဘူး . . . ဒီနားမှာလည်း ဆရာဝန် တစ်ယောက်မှ မရှိဘူး . . ."

ကျွန်တော် အဘိုးကြီးကို မော့ကြည့်လိုက်သည်။ အဘိုးကြီးက ကျွန်တော့်ကို နူးညံ့စွာပြုံးပြသည်။ ထိုအခိုက်မှာပင် ဖန်ခွက်တစ်လုံး ကျကွဲသံထွက်ပေါ်လာ၏။ အသံသည် မီးဖိုခန်းဘက်ဆီမှ ဖြစ်သည်။ အဘိုးကြီးသည် မျက်မှောင်တစ်ချက်ကုပ်သွားပြီး မီးဖိုခန်းဘက်ဆီသို့ လှမ်းကြည့်၏။ တစ်အိမ်လုံးသည် မိုးသံလေသံမှတစ်ပါး တိတ်ဆိတ်သွား၏။ သို့သော် ခဏပဲဖြစ်ပါသည်။ အမျိုးအမည် မခွဲခြားတတ်သည့် သီချင်းသံသည် ရုတ်တရက်ထွက်ပေါ်လာပြန်သည်။

"ဒီတော့ ဒီလိုလုပ်ရအောင် . . . ဒဏ်ရာကို ပိုးသတ်ဆေးထည့်မယ် . . . ပြီးရင် ပလာစတာနဲ့အတင်းဆွဲစေ့ပြီး ကပ်ထားလိုက်မယ် . . . ဘာပဲဖြစ်ဖြစ် ချုပ်တာလောက်မကောင်းတောင်မှ နည်းနည်းတော့ တော်သေးတာပေါ့ . . ."

"အန်ကယ်ကောင်းမယ်ထင်သလိုသာလုပ်ပါတော့ ခင်ဗျာ"

"အေးဟုတ်ပြီ . . . အဲဒါဆို ဆံပင်တွေနည်းနည်းရှင်းပစ်ရမယ် . . . ခဏနေဦး . . . အန်ကယ်ကပ်ကြေးသွားယူလိုက်ဦးမယ် . . ."

အိမ်ကြီးသည် ဟောင်းနွမ်းအိုမင်းနေသည့်အပြင် ပရိဘောဂတွေကလည်း ဟောင်းနွမ်းနေ၏။ သို့သော် ဟောင်းနွမ်း တက်နေသည်၊ မှိုတက်နေသည့် အနံ့မျိုးတွေကိုတော့ မရပါ။ နေ့စဉ် မှန်မှန်ပင် သုတ်သင်ရှင်းလင်းထားပုံရ၏။ ထိုအခိုက်မှာပင် အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



၏ တစ်နေရာဆီမှာ နာရီဆယ့်နှစ်ချက်ထိုးသံကြားရသည်။ ခဏနေတော့ အဘိုးကြီးပြန်ရောက်လာပြီး ကျွန်တော့်ဒဏ်ရာဘေးမှ ဆံပင်တွေကို ကပ်ကြေးနှင့်ကိုက်ကာ ဒဏ်ရာကိုဆေးထည့်သည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲကွ . . ."

"ကျွန်တော့်နာမည် . . . အိမ်စိုးပါ . . ."

"ဩော် . . . အန်ကယ့်နာမည်လည်း မှတ်ထားပေါ့ . . . ဦးမင်းဝေ လို့ခေါ်တယ် . . ."

ဒဏ်ရာကစပ်သဖြင့် ကျွန်တော် တစ်ချက်ညည်းလိုက်မိသည်။

"ဒါနဲ့ မင်းညစာစားခဲ့ပြီးပြီလား . . ."

"ဟုတ်ကဲ့ . . ."

"ဒီလိုလုပ်ကွာ . . . ဒီအချိန်ရောက်နေမှတော့ မင်းလည်း ဆာနေမှာပဲ . . . ညလယ်စာ တစ်ခုခုစားရင်းနဲ့ ကော်ဖီသောက်ကြရအောင် . . ."

ထိုအစီအစဉ်သည် အလွန်ပင်သင့်မြတ်သည့် အစီအစဉ်ဖြစ်ပါသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော်ချမ်းနေ၏။ အဝတ်အစားတွေကိုလည်း မိုးကရွှဲရွှဲနစ်မျှ စိုခဲ့သည်မဟုတ်ပါလော။ အဖိုးကြီးသည် ကျွန်တော် ပခုံးတွန့်လိုက်သည်ကို သတိပြုမိသွားသည်။

"မင်းကားကို ဘယ်နားမှာ ရပ်ခဲ့သလဲ . . ."

"ဒီ မြေညီလမ်းကလေးထိပ်မှာပါ အန်ကယ် . . ."

"အင်း . . . လောလောဆယ်တော့ အန်ကယ့်အဝတ်အစား တချို့ကိုပဲ မင်းဝတ်ထားလိုက် . . . မနက်ကျမှပဲ တို့တွေကားဆီသွားကြတာပေါ့ . . ."

ထို့နောက်မှာတော့ အဘိုးကြီးက ကျွန်တော့်ကိုဆေးထည့်ပြီး သွားသဖြင့် ကျွန်တော့်အတွက် အဝတ်တစ်စုံသွားယူလာပေးသည်။





သူ့အဝတ်အစားတွေကို ကျွန်တော်လဲနေစဉ် အတွင်းတွင် ခေါင်းက ဒဏ်ရာမှ တစစ်စစ်ကိုက်လာ၏။ အဘိုးကြီးကတော့ မီးဖိုဘက်ဝင်သွားသည်။ ခဏနေတော့ သူက လင်ပန်းတစ်ချပ်နှင့် ပြန်ရောက်လာ၏။ ထိုလင်ပန်းထဲတွင် ဘီစကွတ်မုန့်အချို့၊ ကျဲဖြင့် ပြုလုပ်ထားသော အချိုမုန့်အချို့နှင့် အငွေ့တထောင်းထောင်းထနေသော ကော်ဖီမတ်ခွက်နှစ်ခွက်ပါလာသည်။

သူသည် လင်ပန်းကို စားပွဲပေါ် အသာလှမ်းတင်ပြီး ကော်ဖီမတ်ခွက်တစ်ခွက်ကို ကျွန်တော့်အားပေးသည်။ ထိုအခိုက်မှာပင် မီးဖိုဘက်ဆီမှ လှုရိပ်တစ်ခုမြင်ရသည်။ ထိုလှုရိပ်သည် မှန်အိမ်တစ်လုံးကို လက်မှဆွဲလျက် အထဲမှ ထွက်လာခြင်းဖြစ်သည်။ ကျွန်တော့်ရင်သည် ထိတ်ခနဲ ဖြစ်သွား၏။ ထွက်လာသော သဏ္ဍာန်သည် အဖြူရောင်သဏ္ဍာန်ဖြစ်နေ၏။ သေသေချာချာကြည့်မိတော့မှ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ထားသည့် မိန်းကလေးတစ်ယောက်ဖြစ်နေ၏။ သူမသည် လက်တစ်ဖက်ကမှန်အိမ်ကိုဆွဲ၍ ကျန်လက်တစ်ဖက်က လင်ပန်းတစ်ချပ်ကို ကိုင်၍လည်းကောင်း၊ ထွက်လာခြင်းဖြစ်သည်။

စောစောက ကြားခဲ့ရသော သီချင်းသံသည် ဤမိန်းကလေး သီဆိုခဲ့ခြင်းပင်လော။ သူမလမ်းလျှောက်လာဟန်သည် နွဲ့နေ၏။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့ အနားသို့ ရောက်လာသည်။

"လာ သမီး . . . ဒီမှာ လာထိုင် . . ."

သူမသည် အဘိုးကြီးနားမှာကပ်ထိုင်သည်။ တစ်ကိုယ်လုံးတွင် အဖြူရောင်ဝတ်ထားသည့် မိန်းကလေး။ သူမဝတ်ထားသည်မှာ အင်္ကျီလည်းမဟုတ်၊ ထဘီလည်းမဟုတ်ဘဲ ခြုံထည်တစ်မျိုးသာလျှင် ဖြစ်သည်။ ပြီးတော့ အလွန်တရာမှ နူးညံ့ပုံရသည့် ဖာကဲ့သို့ အသားမျိုး။ သူမသည် ကျွန်တော်ကို ဖျတ်ကနဲတစ်ချက်ကြည့်သည်။ ထူးခြားစွာလှပသော သူမ၏အလှကြောင့် ကျွန်တော့်ရင်တွေခုန်သွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏမှာပင် သူမ၏မျက်နှာမှာရှိသော ထူးခြားမှုတစ်ခုကို ကျွန်တော်တွေ့လိုက်ရပါသည်။ ရွှေရောင်လော့ကတ်သီးနှင့် ရွှေဆွဲကြိုးကို နဖူးပြင်ဝင်းဝင်းကလေးမှာ ပတ်ချည်ထားခြင်းပင်ဖြစ်သည်။ ရွှေရောင်လော့ကတ်သီးတွင် ပတ္တမြားလား၊ ကျောက်နီလား မသိသည့် ကျောက်တစ်လုံးက အလယ်တည့်တည့်မှာရှိနေ၏။ ကျွန်တော် အံ့ဩသွားမိသည်။ ယခုကဲ့သို့ နဖူးပြင်၌ လက်ဝတ်ရတနာ ဝတ်ဆင်ခြင်းကို တစ်ခါမျှ မမြင်ဖူးခဲ့၍ပင် ဖြစ်သည်။

"သမီး. . . ဒါ မောင်အိမ်စိုးတဲ့. . . ရန်ကုန်ကပဲ. . . မန္တလေးက ပြန်လာရင်းနဲ့ လမ်းမှာကားပျက်လို့ . . . ခေါင်းမှာလည်း ဒဏ်ရာနည်းနည်းရလာတယ်. . ."

"သစ်ကိုင်းကျိုးကျပြီး ရတဲ့ဒဏ်ရာမဟုတ်လား . . ."

ကျွန်တော်မည်မျှအံ့ဩသွားမိသည် ထင်ပါသနည်း။ သူမသည် ကျွန်တော်မည်သို့ ဒဏ်ရာရခဲ့သည်ကိုသိနေ၏။ ဖြစ်နိုင်ခြေများကို ကျွန်တော်စဉ်းစားကြည့်လိုက်သည်။ စောစောကတော့ ကျွန်တော်ဒဏ်ရာရခဲ့သည့် အကြောင်းအရင်းကို အဘိုးကြီးအားပြောပြခဲ့သည်။ ထိုအခါအဘိုးကြီးကပင်လျှင် ကော်ဖီသွားဖျော်ရင်းနှင့် သူမ ကို အကျိုးအကြောင်းပြောပြခဲ့၍ပင်လော။

ကျွန်တော် သူမကိုဖျတ်ခနဲကြည့်လိုက်သည်။ သူမဝတ်ထားသည့် ခြုံထည်(ဝါ)ဝတ်ရုံကြောင့် ကျွန်တော့်မျက်လုံးထဲတွင် ဆန်းနေ၏။ သည်နေ့ခေတ်တွင် ဤမိန်းကလေးဝတ်သည့် ခြုံထည်မျိုးကို မည်သူမျှဝတ်ဆင်ကြလိမ့်မည် မဟုတ်ပါ။ အဖြူဖြူသည် ပါးလွှာနူးညံ့လွန်းသဖြင့် သူမအထဲကဝတ်ထားသည့် ဘရာစီယာအဖြူလေးကိုပင် မြင်နေရသည်။

သူမသည် ကျွန်တော့်ကိုမကြည့်ဘဲ စားပွဲပေါ်မှာတင်ထားသည့်ဗန်းထဲမှ ပန်းကန်လေးတစ်ချပ်ကိုလှမ်းယူကာ စတီးဇွန်းကလေးနှင့် အထဲမှ အရည်တစ်မျိုးကို ခပ်ကာသောက်သည်။ အရည်သည် ညိုညစ်ညစ်ပျစ်ချွဲချွဲဖြစ်သည်။ ပြီးတော့ ဂျုံဖြင့်ပြုလုပ်ထားသည့် မုန့်တစ်ချပ်ကို ယူစားသည်။

"ရှင် ဒီမှာ တစ်ပတ်တိတိနေရလိမ့်မယ် . . ."

"ဟာ မဖြစ်ဘူး. . . မနက်ကျရင် ကျွန်တော်ရန်ကုန်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ သွားမှဖြစ်မယ်. . . အခုတောင်မှ အစည်းအဝေးကို မီမယ်မထင်တော့ဘူး . . ."

"ဒီမှာ တစ်ပတ်တိတိနေတာဟာ ရှင့်အတွက်အကောင်းဆုံးပဲ. . . ဒါပေမယ့် ရှင်လိုက်နာချင်မှ လိုက်နာပါလေ. . . ကျွန်မကတော့ အကြံပေးရုံပဲ ပေးနိုင်တယ် . . ."

ကျွန်တော့်စိတ်ထဲ မရှင်းသည့်အချက်တစ်ချက်ပေါ်လာသဖြင့် ဖြတ်မေးလိုက်မိလေသည်။

"ဘာကြောင့် ကျွန်တော့်ကို ဒီမှာ တစ်ပတ်တိတိနေစေချင်တာလဲ ဟင် . . ."

"ဘာကြောင့် ဟုတ်လား . . . အင်း . . . လူတစ်ယောက် အန္တရာယ်ဖြစ်မှာကို စိုးရိမ်လို့ . . . တစ်ပတ်အတွင်းမှာ ရှင်အသက်အန္တရာယ်ကျရောက်နိုင်တယ် . . ."

ကျွန်တော် ရယ်လိုက်မိသည်။ သူမသည် ကျွန်တော့်ကို ဖျတ်ခနဲ တစ်ချက်ကြည့်၏။

"ကျွန်တော် ဗေဒင်ပညာကို မယုံသလို . . . အကြားအမြင်ပညာကိုလည်း မယုံဘူး"

"သြော်. . . အခု ကျွန်မပြောနေတာတွေကို ရှင်က အကြားအမြင်ပညာလို့ ထင်နေတာကိုး . . . အင်းလေ. . . ထားပါတော့ ရှင်ထင်ချင်သလို လွတ်လပ်စွာထင်နိုင်ပါတယ်. . . ဒါပေမယ့် ကျွန်မကလည်း ကာဝန်အရတော့ ရှင့်ကို တားရမှာပဲ . . ."

www.burmeseclassic.com



ကျွန်တော် အံ့ဩသွားမိပြန်သည်။ တာဝန်အရဆိုပါက လား။ တာဝန်အရဟုပြောရအောင် သူမက ဘာမို့လို့လဲ။ ရဲအရာရှိဟု ပြောရအောင် သူမဝတ်စားဆင်ယင်ထားတာနှင့် တခြားစီဖြစ်နေသည်။ သည်သို့ဆိုလျှင် သူမက ဘာလဲ။ သူမကို ကျွန်တော် သေသေချာချာ ကြည့်မိပြန်သည်။

ဆံကေသာသည် ပကတိနက်မှောင်နေပြီး ကျောပေါ်သို့ ဖားလျားချထားသည်။ မျက်နှာသည် ပကတိတင့်တယ်နေ၏။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့သည် ကျက်သရေရှိစွာလှနေသည်။ လည်တိုင်သည် ဝင်းမွတ်နေလေ၏။ သူမသည် ပန်းကန်ထဲက အရည်တစ်မျိုးကို ဇွန်းနှင့်ခသောက်လိုက်ပြန်သည်။ ကျွန်တော်သိချင်စိတ်ဖြင့် လွှတ်ခနဲ မေးလိုက်မိသည်။

"အဲဒါ ဘာလဲဟင်. . . ချောကလက် အရည်လား . . ."

ကျွန်တော်တို့နှစ်ယောက် မျက်လုံးချင်းဆုံမိကြသည်။ သူမက နူးညံ့စွာ ခပ်တိုးတိုးဖြေလေသည်။

"ပျားရည် . . ."

ကျွန်တော် အံ့ဩသွားမိပြန်သည်။ ယနေ့ခေတ် မိန်းကလေးတွေထဲမှာတော့ သူမလိုပျားရည်သောက်သော မိန်းကလေးမျိုး တစ်ယောက်မျှရှိလိမ့်မည်မထင်ပါ။ ကျွန်တော့်အတွက်တော့ အံ့ဩစရာတွေ တစ်ခုပြီးတစ်ခုတွေ့နေရသည်။ ထို့ကြောင့် ကျွန်တော်မေးမိသည်။

"ခင်ဗျား နာမည် ဘယ်သူလဲ ဟင် . . ."

"တဒင်္ဂလောက် ဆုံကြရတာပဲ . . . နာမည်သိစရာမလိုဘူး ထင်ပါတယ်. . ."

"ဗြော်. . . သမီးရယ်. . . တဒင်္ဂပဲဆုံဆုံ. . . တစ်သက်တာပဲဆုံဆုံ. . . နာမည်လောက်ကတော့ သိထားသင့်တာပေါ့ . . ."

မိုးသံလေသံတွေ စောစောကထက်စာလျှင် လျော့သွား၏။ သူမသည် ကျွန်တော့်ကိုမကြည့်ဘဲ၊ မျက်လွှာချကာ ခပ်တိုးတိုးဖြေလေသည်။

"ကျွန်မနာမည် ထားအိသိမ့်ပါ. . ."

သူမသည် ထိုမျှသာပြောပြီး စားပွဲပေါ်မှာစားထား သောက်ထားပြီးသား ပန်းကန်တွေကို လင်ဗန်းထဲသို့ စီကာရီကာ ထပ်ကာသိမ်းသည်။ ပြီးတော့ မတ်တတ်ထရပ်သည်။ မှန်အိမ်နောက်ခံတွင် ရပ်နေသည်ဖြစ်သဖြင့် ကျော့ရှင်းသောခန္ဓာကိုယ်အလှသည် ဇာဝတ်ရုံအောက်မှာ ပီပီသသ။

"ကဲ . . . ညဉ့်နက်ပြီ သား. . . ဒီညတော့ ဒီမှာပဲ အိပ်လိုက် . . . မနက်ကျမှ စီစဉ်စရာတွေ ထပ်စီစဉ်ကြတာပေါ့ . . ."

အဘိုးကြီးကပါ မတ်တတ်ထရပ်သဖြင့် ကျွန်တော်လည်း ထရပ် လိုက်ရ၏။

"လာ . . . ဒီအောက်ထပ်ကအခန်းမှာပဲ သားအိပ်လိုက် . . . ဟိုနောက်ဘက်မှာ မီးဖိုဆောင်ရှိတယ်. . . အဲဒီရဲ့နောက်မှာ အိမ်သာရှိတယ်. . . ရော့. . . ဒါက လက်နှိပ်ဓာတ်မီး. . . ညရေးညတာ အပေါ့အပါးသွားရင် သုံးလို့ရအောင် ယူထား . . ."

အခန်းကလေးထဲတွင် တစ်ယောက်အိပ်ခုတင်တစ်လုံးရှိနေသည်။ အိပ်ရာသည် အဆင်သင့်ခင်းထားပြီးသား။ ပြန့်ပြန့်ရန့်ရန့် သပ်သပ်ယပ်ယပ်။ ခုတင်ဘေးမှာ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံးရှိသည်။ အဘိုးကြီးပေးသော လက်နှိပ်ဓာတ်မီးကို ယူပြီးသည်နှင့် ခုတင်ပေါ်မှာကျွန်တော်တက်လှဲသည်။ မီးရောင်သည် တဖြည်းဖြည်းဝေးသွားသည်။ ခဏအကြာမှာ တစ်အိမ်လုံးမှောင်အတိကျသွား၏။

စောစောကသောက်ထားသော ကော်ဖီအရှိန်နှင့်ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



အရှိန်ကြောင့် ကျွန်တော်ချက်ချင်းအိပ်မပျော်။ သည်အတိုင်းဆိုလျှင် မနက်ဖြန် နံနက်ဆယ်နာရီတွင် ကျင်းပမည့်ကုမ္ပဏီအစည်းအဝေးကို ကျွန်တော် မမီနိုင်တော့ပြီ။ မိုးတွေလေတွေကလည်း မတိတ်သေး။ အကယ်၍ မနက်စောစောတွင် မိုးတိတ်သွားသည်ပဲ ထားဦး။ ကျွန်တော့်ကားက ပျက်နေသေးသည်။ ဘတ္တရီပဲ အားနည်းသွားသည်လော။ ပလပ်ခေါင်းတွေပဲ ရေဝင်ကုန်သည်လော။ သို့မဟုတ် တခြား ကျွန်တော် မသိသည့် စက်အစိတ်အပိုင်းတို့ပင်လျှင် ပျက်နေသည်လော။

မြေနီလမ်းထိပ်နားမှာ ရပ်ထားခဲ့သည့်ကားကို စိတ်ပူမိပြန်သည်။ အဝေးပြေးလမ်းမကြီးပေါ်မှာ မဟုတ်ပဲ၊ လမ်းမြောင်လေးပေါ်မှာ ဖြစ်နေသဖြင့် အဝေးပြေးကားကြီးများ၏မတော်တဆ ဝင်ဆောင့်မည့် အန္တရာယ်ကတော့ လွတ်နေပါလိမ့်မည်။ တစ်ခုပဲ စိုးရိမ်ရပါသည်။ သူခိုးသူဝှက်တို့သည် ကျွန်တော့်ကားထဲမှ အဝတ်အစားနှင့် ငွေတချို့ကို လွတ်လပ်စွာယူငင်နေနိုင်ပါသည်။

သို့သော် သည်မျှမိုးသက်လေပြင်းကျနေသည့်အချိန်မှာ တော်ရုံတန်ရုံ သူခိုးသူဝှက်တို့လည်း အပြင်ထွက်ကြလိမ့်မည်မထင်ပါ။ သည်လို အခြေအနေမျိုးကြုံလာမှတော့ ကမ္ဘာသကာပဲပေါ့။ တွေးပူနေလို့လည်း ဘာမှ ထူးခြားလာမှာမှ မဟုတ်ဘဲ။ ကျွန်တော့်အတွေးသည် ထားအိသိမ့်ဆိုသော အမျိုးသမီးအကြောင်းရောက်သွားပြန်၏။ ထူးတော့ ထူးဆန်းလှပါသည်။ သည်လိုနေရာမျိုးတွင် သည်မျှလှပသည့် အမျိုးသမီးတစ်ယောက်ယခုလိုနေထိုင်ခြင်းသည် သဘာဝကျပါ၏လော။

သူမ၏ဦးခေါင်းနှင့်နဖူးပြင်တွင် ဝတ်ဆင်ထားသော ရွှေကြိုးနှင့် လော့ကက်သီးသည် ယနေ့ခေတ်အတွက် ဆန်းနေ၏။ သူမသည် အဝတ်အစားဖက်ရှင်တွေ တီထွင်ချုပ်လုပ်သော မော်ဒယ် ဒီဇိုင်းနာ





တစ်ဦးပင်ဖြစ်သလော။ သို့သော် ယခုလိုနေရာမျိုး၌ မည်သည့် မော်ဒယ်ဒီဇိုင်းနာမှ နေထိုင်လိမ့်မည် မဟုတ်ပါ။ ပြီးတော့ သူမသည် ကျွန်တော်ရောက်လာမည်ကိုလည်း သိနေသည်ဟုဆိုပါသည်။

ကျွန်တော့်ခေါင်းမှ ဒဏ်ရာရလာပုံကိုလည်း သူမသိနေပါသည်။ ထိုပြင်သူမသည် ကျွန်တော့်တွင်ကျရောက်လာမည့် အန္တရာယ်အတွက် ဤနေရာ၌ တစ်ပတ်တိတိနေထိုင်ရန်ပြောပြန်ပါသည်။ သူမပြောသလိုပင် ကျွန်တော့်မှာ တကယ်ပင်အန္တရာယ်ကျရောက်နိုင်ပါသလား။ စိတ်တန်ခိုးရရှိထားသူ၊ သမာဓိအားကောင်းလွန်းသူတချို့သည် ယခုကဲ့သို့ အနာဂတ်ဟောကိန်းမျိုး ထုတ်နိုင်သည်ဟု ကြားဖူးသော်လည်း၊ လက်တွေ့ မကြုံခဲ့ဖူးသဖြင့် ယုံရခက် နေ၏။

ထို့အပြင် သူမစားသောက်ပုံတို့သည် ထူးခြားနေ၏။ ပျားရည်သည် ဆေးဖက်ဝင်သော အာနိသင်အများအပြားရှိသော်လည်း သူမကဲ့သို့ အများအပြားသောက်သုံးသူ ရှိလိမ့်မည်မထင်ပါ။ ယခုတွေ့ ကြုံနေရသော အဖြစ်အပျက်တို့သည် ပဟေဠိဆန်နေ၏။ အဘိုးကြီးနှင့် ထားအိသိမ့်တို့သည် လူစင်စစ်မှ ဟုတ်ပါ၏လော။ ကျွန်တော်ကျောထဲ တစ်ချက်စိမ့်သွားမိသည်။

သွေးစုတ်ဖုတ်ကောင်များ၊ နာနာဘာဝများ၊ မကောင်းဆိုးဝါးများ အစရှိသည့် ရုပ်ရှင်ကားတွေကို သတိရမိပြန်သည်။ သူမတို့ သားအဖသည် သွေးစုတ်ဖုတ်ကောင်သားအဖများ ဖြစ်နေရော့သလား။ ကျွန်တော့်ခေါင်းက တစစ်စစ် ကိုက်လာပြန်၏။ မိုးသံလေသံမှတစ်ပါး တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုခဏ၌ပင် ကျွန်တော်မှေးခနဲ အိပ်ပျော်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

ရေငတ်လွန်းသဖြင့် ကျွန်တော်လန့်နိုးလာသည်။ ထိုအခါမှပင် ကျွန်တော်ကိုယ်တွေ ခြစ်ခြစ်တောက်ပူနေမှန်းသိရ၏။ အိပ်ရာမှ ကျွန်တော်အသာကုန်းရုန်းထပြီး ကုတင်ဘေးစားပွဲပေါ်ရှိ လက်နှိပ်ဓာတ်မီးကိုစမ်းသည်။ ပြီးတော့ လက်နှိပ်ဓာတ်မီးဖြင့်ထိုးပြီး လက်ပတ်နာရီကိုကြည့်လိုက်ရာ ည နှစ်နာရီခွဲပြီ ဖြစ်ကြောင်းသိရသည်။ ရေအလွန်ငတ်သဖြင့် လက်နှိပ်ဓာတ်မီး အလင်းရောင်ဖြင့် မီးဖိုဆောင် ဘက်သို့သွားသည်။

မီးဖိုဆောင်တစ်ခုလုံးသည် သပ်သပ်ရပ်ရပ်။ ပြတင်းပေါက်အနီးတွင် ရေအိုးစင်တွေ့ရသဖြင့် ရေတစ်ခွက်ခပ်သောက်သည်။ ဦးခေါင်းသည် တစစ်စစ်ကိုက်ခဲနေဆဲပင်ဖြစ်၏။ ဒဏ်ရာအရှိန်နှင့် ရော၊ အအေးမိသည့် အရှိန်နှင့်ရော အဖျားဝင်လာခြင်းပင် ဖြစ်မည်။ ထိုအခိုက်မှာပင် အပေါ်ထပ်မှ ခြေသံတရှပ်ရှပ်ကိုကြားရလေသည်။ တစ်စုံတစ်ယောက်သည် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေခြင်းဖြစ်မည်။

မီးဖိုဆောင်ထဲမှ ကျွန်တော်ပြန်ထွက်ပြီး ကျွန်တော့်အခန်း





ဆီသို့ ပြန်လျှောက်သည်။ ကျွန်တော့်အခန်းနားရောက်သော ထိန်လင်းသော အလင်းရောင်တစ်ခုသည် အပေါ်ထပ်ဆီမှထွက်ပေါ်လာ၏။ ထိုအလင်းသည် ရုပ်ရှင်တွေထဲမှာတွေ့ရသည့် မီးကျည်အလင်းမျိုးဖြစ်သဖြင့် ကျွန်တော်အလွန်ပင်အံ့ဩသွားသည်။ ဤအိမ်ကြီးကို မိုးကြိုးများပစ်လိုက်ပြီလားဟုလည်း ချက်ချင်းပင်ထိတ်လန့် တုန်လှုပ်သွား၏။ သို့သော် မိုးကြိုးပစ်လိုက်ခြင်းတော့ မဟုတ်တန်ရာပါ။ အကယ်၍ပြား၊ ဤအိမ်ကို မိုးကြိုးပစ်လိုက်ပြီဆိုလျှင် ကျွန်တော်ယခုကဲ့သို့ အသက်ရှင်ရပ်တည်နေနိုင်လိမ့်မည် မဟုတ်ပါ။

မိုးကြိုးစက်ကွင်းတို့သည် လျှပ်စစ်ဗို့အား သိန်းနှင့်ချီ၍ပြင်းကြသည် မဟုတ်ပါလား။ သည်သို့ဆိုလျှင် ဤအလင်းရောင်သည် မည်သို့သောအရာမှ ထွက်ပေါ်လာသော အလင်းရောင်ဖြစ်လေသနည်း။ အခန်းရှိရာသို့ လှမ်းနေသောခြေလှမ်းသည် ရပ်သွားပြီး အိမ်ကြီး၏ အလယ်လောက်တွင်ရှိသော အပေါ်ထပ်သို့တက်သည့် လှေကားရှိရာသို့ ကျွန်တော် စတင်ခြေလှမ်းလှမ်းမိလေသည်။

လှေကားရင်းသို့ရောက်သော် အပေါ်ထပ်သို့ တက်၍စူးစမ်းချင်သော စိတ်ကပေါ်လာ၏။ သို့သော် သင့်တော်ပါမည်လော။ ဘာပဲပြောပြော ယခုအခြေအနေ၌ ဦးမင်းဝေနှင့် ထားအိသိမ့်တို့သည် ကျွန်တော့်ကျေးဇူးရှင်များပင်ဖြစ်နေသည်။ လုံခြုံစိတ်ချရသော အိပ်ရာ၌ အိပ်စက်ခွင့်ရသည်။ ဒဏ်ရာကိုလည်း ဆေးကုသပေးသည်။ ထို့ အပြင် ကျွန်တော်ကို စားသောက်ဖွယ်ရာတို့ဖြင့်လည်း ဧည့်ခံသေးသည် မဟုတ်ပါသလော။ သူတို့ ခွင့်ပြုချက်မရဘဲ သူတို့၏အိမ်သို့ ကျွန်တော်စူးစမ်းမည့်ကိစ္စသည် မည်သို့မျှမသင့်လျော်သောကိစ္စပင်ဖြစ်သည်။

ထိုအခိုက်မှာပင် အပေါ်ထပ်မှ စကားပြောသံလိုလို၊ သီချင်းသံလိုလို ကြားရပြန်သည်။ ကျွန်တော့်စူးစမ်းချင်စိတ်သည် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထလာပြန်၏။ ကိုယ်တွေ ခြစ်ခြစ်တောက်ပူနေသည့်ကြားမှ ခေါင်းက တစစ်စစ်ကိုက်နေသည့်ကြားမှပင် ထိုစိတ်ကိုမထိန်းချုပ်လိုက်နိုင်တော့ဘဲ လှေကားပေါ်သို့ အသံမထွက်အောင် တက်လိုက်မိသည်။ လှေကားတွေသည် အောက်မှာ တစ်ထစ်ပြီး တစ်ထစ်ကျန်ခဲ့၏။ တဖြည်းဖြည်းနှင့် အပေါ်ထပ်ကြမ်းပြင်သို့ ရောက်သွား၏။ အပေါ်ထပ်မှာ အခန်းသုံးခန်းရှိသည့်အနက် အစွန်ဆုံးအခန်းမှအပ အားလုံး မှောင်မည်းနေသည်။ သီချင်းသံလိုလို၊ စကားပြောသံလိုလို အသံသည် ထိုမီးရောင်မှိန်မှိန်ကလေးလင်းနေသည့် အခန်းမှပင်ထွက်ပေါ်လာခြင်းဖြစ်ရပေမည်။

မှောင်ထဲမှာပင် ကျွန်တော်လည်း ထိုအခန်းရှိရာသို့ မှန်းဆ၍ လျှောက်၏။ ခြေထောက်အကြွ၊ အနင်းတို့တွင် အသံမထွက်အောင် ဂရုပြုရသဖြင့် ဇောချွေးတွေချက်ချင်းပြန်လာသည်။ တဖြည်းဖြည်းနှင့် အလင်းရောင်မှိန်မှိန်ကလေးထွက်ပေါ်နေရာအခန်းနှင့် နီးလာ၏။ ကံကောင်းထောက်မစွာဖြင့်ပင် ထိုအခန်း၏တံခါးသည်မှန်တံခါးရွက်ဖြစ်နေသဖြင့် အထဲကို ကျွန်တော်ချောင်းကြည့်လိုက်နိုင်၏။

မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော်အလွန်တရာ အံ့သြသွားမိလေသည်။ အခန်း၏အလယ်တည့်တည့်တွင် ထားဏီသိမ့်သည် မတ်တပ်ရပ်လျက်ရှိပြီး တစ်စုံတစ်ရာကိုရေရွတ်နေလေသည်။ တစ်ခုထူးခြားသည်မှာ သူမ၏လက်နှစ်ဖက်စလုံးကို စုံမြှောက်ထားပြီး လက်တစ်ဖက်ဝွင်တော့ နှင်တံတစ်ခုကို ကိုင်ထား၏။ ထိုနှင်တံသည် ကျောက်စိမ်းရောင်တောက်နေ၏။

ဝတ်ရုံထားသောဝတ်ရုံသည် ပါးလှပ်လွန်းလှသဖြင့် တင့်တယ်သော မိန်းမတစ်ယောက်၏ခန္ဓာကိုယ်အလှကို ထင်ရှားစွာမြင်နေရသည်။ သူမ၏ဖွံ့ဖြိုးလှပသောကိုယ်ခန္ဓာသည် မသိမသာယိမ်းနွဲ့နေသည်။ သူမ ဘာကိုရေရွတ်နေလေသနည်း။ အသံကို သေသေ

ချာချာ ဂရုစိုက်နားထောင်လိုက်သော်လည်း မည်သည့်ဘာသာနှင့် ရွတ်ဆိုနေမှန်း ကျွန်တော်မသိရပါ။ ကျွန်တော်တို့တွင် ကြားဖူးနားဝရှိသော ဘာသာစကားများစွာရှိပါသည်။ မြန်မာ့တိုင်းရင်းသားအချို့၏ ဘာသာစကားများတွင် ရခိုင်၊ ရှမ်း၊ ကရင်၊ မွန်၊ ထားဝယ်စသည်ဖြင့် ကြားလိုက်ရလျှင် မည်သည့်ဘာသာစကားဟု ခန့်မှန်းနိုင်သော စကားများဖြစ်၏။

ထို့အပြင် ကမ္ဘာ့နိုင်ငံကြီးတချို့၏ဘာသာစကားတချို့ကိုလည်း ကျွန်တော်တို့နားဖြင့်ကြားဖူးနားဝရှိနေပါသည်။ ဥပမာအားဖြင့် တရုတ်ဘာသာစကား၊ ဂျပန်ဘာသာစကား၊ အိန္ဒိယဘာသာစကား၊ ယိုးဒယားဘာသာစကားစသည်ဖြင့် နီးစပ်သောဘာသာစကားအချို့ကို အသံကြားရုံဖြင့်ခွဲခြားနိုင်ကြပါသည်။ ယခုတော့ ထားအိသိမ့် ရေရွတ်နေသော ဘာသာစကားသည် ကျွန်တော်လုံးဝမကြားဖူးသည့် ဘာသာစကားတစ်မျိုး ဖြစ်နေ၏။

သည်နေရာမှာသည့်ထက်ပို၍ ကြာကြာမနေသင့်ကြောင်း ကျွန်တော်တွေးမိလိုက်သောခဏ၌ ထိုအခန်းရှေ့မှ ခြေသံမကြားအောင် ပြန်ဆုတ်ခဲ့သည်။ အလယ်ခန်းမအရှေ့မှ ကျွန်တော် ဖြတ်ကျော်မိသောအခါ အထဲမှချောင်းဟန့်သံကြားရ၏။ ဦးမင်းဝေ၏ အသံပင်ဖြစ်သည်။

လှေကားထိပ်သို့ရောက်သော် အလွန်ပင်မွှေးပျံ့သော ရနံ့တစ်ခုက နှာဝသို့ ဝေ့ဝဲရောက်ရှိလာသဖြင့် ကျွန်တော်ထိတ်လန့်သွားသည်။ ထို့ကြောင့်ပင်လျှင် လှေကားထစ်တွေကို ခပ်မြန်မြန်ပင်ဆင်းလိုက်မိသည်။ ထိုအခါ နဂိုကတည်းက အဖျားကြီးနေ၍လည်းကောင်း၊ တစစ်စစ်ခေါင်းကိုက်နေ၍လည်းကောင်း၊ အိမ်ကြီးတစ်ခုလုံးမှောင်မည်းနေ၍လည်းကောင်း၊ ဟန်ချက်ပျက်ပြီး လှေကားပေါ်မှ တလိမ့်ခေါက်ကွေး ကျွန်တော်လိမ့်ကျလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကားထစ်တစ်ခုနှင့် ကျွန်တော့်ခေါင်းပြင်းပြင်းထန်ထန် ရိုက်မိပြီး ဖျားနေသည့်အချိန်၊ ဒဏ်ရာအချိန်တို့ဖြင့် ကျွန်တော် သတိလစ်သွားသည်။

ကျွန်တော်သတိပြန်ရလာသောအခါ ကျွန်တော့်အခန်းထဲ ပြန်ရောက်နေကာ မိုးစင်စင်လင်းနေပြီဖြစ်၏။ မျက်လုံးဖွင့်ကြည့်လိုက်ရာ ကျွန်တော့်မျက်နှာကို စိုးရိမ်တကြီးကြည့်နေသည့် ထားအိသိမ့်၏ မျက်နှာဝင်းဝင်းလေးကို စမြင်ရသည်။

"သတိရလာပြီလား ဟင် . . ."

"ရေသောက်ချင်တယ် . . ."

နှုတ်ခမ်းတွေ ခြောက်သွေ့နေပြီး ရေအလွန်ငတ်နေသည်။ ထားအိသိမ့်သည် ဖန်ခွက်တစ်ခုဖြင့် ကျွန်တော့်အတွက် ရေထခပ်ပေးသည်။ ကျွန်တော် ဖန်ခွက်ကို လက်နှစ်ဖက်ဖြင့်ဆုပ်ကာ ရေကို ကမန်းကတမ်း သောက်ချလိုက်သည်။

"ရှင် အရမ်းဖျားနေတယ် . . . လေယာဉ်ကားပေါ်က ပြုတ်ကျတာလည်း ခေါင်းကိုနည်းနည်းထိသွားတယ် . . ."

"အန်ကယ်ရောဟင် . . ."

"ဖေဖေ . . . ရှင့်ကားကို သွားရွှေ့နေတယ် . . . ရှင့်အိတ်ထဲက ကားသော့ကို ရှင်မသိဘဲယူသွားတဲ့အတွက်တော့ တောင်းပန်ပါတယ် . . ."

"ဟာ မဟုတ်တာ . . . ကျွန်တော်ကတောင် ပြန်တောင်းပန်ရဦးမှာ . . ."

"ရှင်က ဘာကိုတောင်းပန်မှာလဲ . . ."

"ညက ကျွန်တော် လေယာဉ်ကားက တက်ကြည့်မိတာကိုပါ . . ."

သူမဘာမှ ပြန်မပြောဘဲ မျက်လွှာချနေ၏။ မျက်တောင်သည် ကော့ညွတ်နေ၏။



"ရော့ . . . လောလောဆယ် ရှင်ဒီဆေးသောက်လိုက် . . . ဖေဖေပြန်လာရင်တော့ ဆေးဝယ်လာမယ် ပြောတာပဲ . . ."

"မထားအိသိမ့် . . ."

"ရှင် . . ."

"ကျွန်တော့်မှာ ပဟေဠိဖြစ်နေရတဲ့အချက်တွေ အများကြီး ရှိပါတယ် . . . အဲဒီပဟေဠိတွေအတွက် အဖြေကို ကျွန်တော်သိချင်ပါတယ် . . ."

သူမသည် ကျွန်တော့်ကို ဖျတ်ခနဲကြည့်သည်။ မျက်ဝန်းသည် နူးညံ့နေလေ၏။

"တချို့ပဟေဠိတွေကို မသိတာဟာ ကောင်းပါတယ် . . . တစ်နည်းအားဖြင့် ပြောရရင်တော့ ပဟေဠိပေါ့နော် . . . တကယ်ကတော့ ဒီလောကကြီးတစ်ခုလုံးမှာလည်း ကျွန်မတို့သိနေတာက နည်းနည်း . . . မသိတာတွေက များများ မဟုတ်လား . . . အဲဒီတော့ ရှင်သိချင်နေတဲ့ ပဟေဠိကိစ္စတွေကို ဦးနှောက်အခြောက်ခံပြီး စဉ်းစား မနေပါနဲ့ . . . အချိန်တန်တော့လည်း အားလုံးပြီးသွားကြတာပဲ မဟုတ်လား . . ."

"ကျွန်တော် အသိချင်ဆုံးပဟေဠိတစ်ခုကိုတော့ မေးခွင့်ပြုပါ မထားအိသိမ့် . . ."

မျက်လွှာပင့်ကြည့်ပြန်သည်။

"ဘာများပါလိမ့် . . ."

"မထားအိသိမ့်တို့သားအဖဟာ လူတော့ဟုတ်ပါတယ်နော်"

သူမ ရယ်လေသည်။ ရယ်ခြင်း၌ ဣန္ဒြေသည်အပြည့်။ မိန်းမတစ်ယောက်၏တင့်တယ်စွာ ရယ်မောမှုပုံသဏ္ဌာန်။ ကျွန်တော် မျက်မှောင်ကုပ်မိသွားသည်။ သူမဘာလို့ ရယ်တာပါလိမ့်။ ကျွန်တော့် မေးခွန်းသည် သိချင်စိတ်ဖြင့် ဖြောင့်ဖွင့်မေးသော ရိုးရိုးသားသား



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းသာဖြစ်သည်။ ရယ‌ခနေသော သူမ၏မျက်နှာသည် တဖြည်းဖြည်း ပြန်တည်သွား၏။

"ရှင်က ကျွန်မတို့ကို ဘာလို့ထင်လို့လဲ. . ."

ဒုက္ခာ။ သူမက ကျွန်တော့်မေးခွန်းကို မဖြေသည့်အပြင် ကျွန်တော့်ကိုပင် ပြန်လှန်မေးခွန်းထုတ်နေသည်။

"ကျွန်တော့်စိတ်ထဲမှာ တိတိကျကျမပြောပြတတ်တဲ့ သံသယတစ်ခုရှိနေတယ်. . . ဒါကြောင့် ခင်ဗျားတို့ကို ဘာလို့လဲ တိတိကျကျ မပြောတတ်ဘူး. . ."

"ကဲ . . . မပြောတတ်ရင်လည်း အဲဒီမေးခွန်း အဲဒီအတိုင်းပဲ ထားလိုက်. . . အခုအချိန်မှာ အရေးကြီးတာက ရှင်မြန်မြန် အဖျားကျသွားဖို့ပဲ. . . ဒဏ်ရာကလည်း သွေးနည်းနည်းပြန်ထွက်နေတယ် . . . ခဏပြန်လှဲနေလိုက်ဦး. . . ဟော ပြောရင်းဆိုရင်း ဖေဖေပြန်ရောက်လာပြီ . . ."

ဟုတ်ပါသည်။ ဦးမင်းဝေသည် ကျွန်တော့်ကားကိုတွန်းပြီး အိမ်ရှေ့သို့ ရောက်လာ၏။ အပြင်တွင် မိုးရွာနေသေးသော်လည်း ညကလို မပြင်းထန်တော့ပါ။ ခဏနေတော့ ဦးမင်းဝေက ကျွန်တော့် အဝတ်အစားသေတ္တာကိုဆွဲပြီး အိမ်ထဲသို့ ရောက်လာ၏။

"ဘယ်နှယ့်နေသေးလဲကွ. . . ဒီမှာ အန်ဂျယ်ဆေးတချို့ ထပ်ဝယ်လာတယ်. . . မနက်စာ အရင်စားလိုက်ရအောင်. . . အစာစားပြီးမှပဲ ဆေးသောက်ပေါ့. . ."

အဘိုးကြီးသည် ကျွန်တော့်အဝတ်အစားအိတ်ကို စားပွဲပေါ် လှမ်းတင်၍ ကားသော့ကိုကမ်းပေးသည်။

"တော်တော့ တော်သေးတယ် . . . ကားက အတော်ပေါ့လို့ . . . ကဲ. . . သမီးရေ. . . မနက်စာသွားပြင်ပါဦး. . . မောင်အိမ်စိုးလည်း ဆာရောမယ် . . ."

သိပ်မကြာခင်အချိန်ကလေးအတွင်းမှာပင် ကျွန်တော်တို့သုံးယောက် ဧည့်ခန်းမှာထိုင်မိကြသည်။ နံနက်စာကတော့ ကျွန်တော့်အတွက်နွားနို့ပူပူတစ်ခွက်၊ ဦးမင်းဝေအတွက်ကတော့ ကော်ဖီတစ်ခွက်။ ထားအိသိမ့်ကတော့ ပျားရည်တစ်ပန်းကန်။ စတီးပန်းကန်ပြားထဲမှာတော့ ဂျုံဖြင့်ပြုလုပ်ထားသည့် အချိုမုန့်တွေအထပ်လိုက် ရှိနေသည်။

"ကဲ. . . စားလိုက်ဦး မောင်အိမ်စိုး"

အဘိုးကြီးက ကျွန်တော့်အတွက် နို့ခွက်ကိုလှမ်းပေးရင်း ပြော၏။ ထို့ကြောင့် ကျွန်တော်လည်း မုန့်တစ်ချပ်ယူပေးလိုက်သည်။ မုန့်သည် အရသာရှိလွန်းပေစွ။ ယခင်က ဤမုန့်မျိုးကို ကျွန်တော် တစ်ခါမျှ မစားခဲ့ဖူးပါ။ သို့သော် ကျွန်တော်စားခဲ့ဖူးသမျှ မုန့်တွေထဲမှ အရသာအရှိဆုံးမုန့်နှင့် ဤမုန့်ကိုနှိုင်းယှဉ်လျှင် ဤမုန့်က ပို၍ အရသာရှိမည် ထင်ပါသည်။

တိုင်ကပ်နာရီမှ နံနက်ခုနစ်နာရီထိုးသံ ကြားရသည်။ ကျွန်တော်သက်ပြင်းတစ်ချက်ချလိုက်မိသည်။ နံနက်ဆယ်နာရီထိုးဖို့ သုံးနာရီသာလိုပါတော့သည်။ ယနေ့ပြုလုပ်မည့် ကုမ္ပဏီအစည်းအဝေးကို ကျွန်တော်မမီနိုင်တော့ပြီ။ ထို့ကြောင့် ကျွန်တော်စိတ်မသက်မသာဖြစ်သွားမိ၏။ ကောင်းမြတ်ထရေးဒင်း ကုမ္ပဏီ၏အမှုဆောင် အစည်းအဝေးသို့ ကုမ္ပဏီ၏အထွေထွေမန်နေဂျာဖြစ်သော ကျွန်တော် မတက်ရောက်နိုင်ခဲ့သည်ရှိသော် ဘာတွေဖြစ်ကုန်မည်နည်း။

သေချာတာတစ်ခုကတော့ ဖေဖေသည် စည်းကမ်းကြီးသူတစ်ယောက်ပီပီ ကုမ္ပဏီအစည်းအဝေးကိုတော့ ကျွန်တော်ပါပါ မပါပါဖြစ်သည့်နည်းနှင့် လုပ်ပေလိမ့်မည်။ သို့သော် ကုမ္ပဏီအစည်း အဝေး၌ ဆွေးနွေးရမည့် အကြောင်းအရာတချို့သည် ကျွန်တော်မှ



www.burmeseclassic.com

www.burmeseclassic.com



အပ ဖေဖေဆွေးနွေး၍ရနိုင်မည် မထင်ပါ။ ထို့ကြောင့် အစည်းအဝေးကိစ္စတွင် ရာနှုန်းပြည့်အောင်မြင်မှုမရမည်မှာ သေချာနေလေ၏။

ထို့အပြင် ဖေဖေသည် ကျွန်တော်အချိန်မီရောက်မလာခြင်းကို ဒေါကန်ခြင်းလည်း ကန်နေနိုင်ပါသည်။ သို့တည်းမဟုတ် တဖြည်းဖြည်းနှင့် စိတ်ပူလာနိုင်ပါသည်။ ထိုအခါ မေမေ့ရှိရာ မန္တလေးသို့ ချက်ချင်းပင် ဖုန်းဆက်သွယ်ပေလိမ့်မည်။ ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်သည်။

ထားအိသိမ့်သည် ကျွန်တော့်ကို အကဲခတ်သလို ကြည့်နေ၏။

"ရှင် ဖေဖေ့အဝတ်အစားတွေနဲ့ နေရခက်ရင် ရှင့်အဝတ်အစားလေးတွေ ပြန်လဲဝတ်ချင်ဝတ်ပေါ့ . . ."

"ကျွန်တော်ဆရာဝန်တစ်ယောက်နဲ့ တွေ့ချင်တယ် . . . နောက်ပြီး ရန်ကုန်ကိုဖုန်းဆက်လို့ရနိုင်တဲ့ နေရာတစ်နေရာကို သွားချင်တယ် . . . စီစဉ်ပေးလို့ ရနိုင်မလား ဟင် . . ."

"ဆရာဝန်နဲ့ တွေ့ဖို့လည်း မလွယ်ဘူး . . . ဖုန်းဆက်ဖို့လည်း မလွယ်ဘူး . . . ဘာဖြစ်လို့လဲဆိုတော့ ဒီနားပတ်ဝန်းကျင်မှာ ဆရာဝန်တစ်ယောက်မှ မရှိဘူး . . . ဖုန်းလည်း တစ်လုံးမှ မရှိဘူး . . ."

ကျွန်တော် စိတ်ဓာတ်ကျသွားပါသည်။ သည်လိုဆိုလျှင် ဖေဖေစိတ်ပူနေမည့်ကိစ္စကို ကျွန်တော်မည်သို့မျှမတတ်နိုင်တော့ပြီ။ တစ်ခုပဲ မျှော်လင့်နိုင်ပါသည်။ ကျွန်တော့်ကားသည် ကြီးကြီးမားမား ပျက်သည် မဟုတ်ဘဲ အပရိကလောက်သာ ပျက်သည်ဆိုလျှင်တော့ မနက်ဖြန်လောက်တွင် ကျွန်တော်ရန်ကုန်သို့ ပြန်နိုင်လိမ့်မည် ထင်ပါသည်။

ထိုအချိန်တွင် ကျွန်တော် အဖျားလည်းကျနေလောက်ပါပြီ။ အကယ်၍ အဖျားမကျသည်ပဲ ထားဦး။ ကားကို ခပ်မှန်မှန်သာမောင်းသွားလိုက်လျှင် ပုံမှန်ထက်အနည်းငယ်နောက်ကျသည်မှလွဲပြီး ရန်ကုန် သို့ ချောချောမောမောတော့ ရောက်သွားပေလိမ့်မည်။

"ဒါဆို ဒီနားမှာ ကားပြင်ဆရာတွေ ဘာတွေများ ရှိမလားဟင်"

သည်တစ်ခါတော့ ထားအိသိမ့်က ဝင်ဖြေသည်။

"ဒီနားမှာ ဘာမှမရှိဘူး"

သူမသည် နံရံမှာရှိသောပြက္ခဒိန်ကိုလှမ်းကြည့်ပြီး ဆက်ပြောသည်။

"လာမယ့် စနေနေ့အထိ ရှင်ဒီမှာပဲ ဆက်နေမှ ဖြစ်မယ် . . . ဒီအတောအတွင်းတော့ ရှင်ဘယ်လိုနည်းနဲ့မှ ရန်ကုန်ကိုသွားလို့ မဖြစ်ဘူး"

ကျွန်တော့်ကိုယ် ဆတ်ခနဲဖြစ်သွားသည်။ တစ်ဆက်တည်းမှာ ဒေါသလည်းထွက်လာသည်။

"ကျွန်တော့်ကို အဲဒီလိုညွှန်ကြားချက်တွေပေးနေရအောင် . . . ခင်ဗျားတို့က ဘာမို့လဲ . . . ကျွန်တော့်ဘဝဟာ ခင်ဗျားတို့လို အားအားယားယားမဟုတ်ဘူး . . . ကုမ္ပဏီကိစ္စမျိုးဆိုတာ တစ်နေ့ရွှေ တစ်နေ့ငွေ . . . နားလည်လား . . . နောက်ပြီး ခင်ဗျားတို့ နေခိုင်းတိုင်း ကျုပ်နေရအောင် လူမမယ်ကလေး မဟုတ်ဘူး . . . ဒုက္ခိတ မဟုတ်ဘူး"

ထားအိသိမ့်သည် ကျွန်တော့်ဒေါသစကားကြောင့် မျက်နှာကလေးမဆိုစလောက်မျှ နီသွားသည်။ ကျွန်တော်ကတော့ ပြောချင်တာ ပြောလိုက်ရပြီးသည့်တိုင် စိတ်မပြေနိုင်သေးဘဲ စကားအဆုံးမှာ တောက်တစ်ချက်ကိုပါ ခေါက်လိုက်မိသည်။ သားအဖနှစ်ယောက်စလုံးသည် ငြိမ်သက်သွားကြသည်။ ကျွန်တော်လည်း ဘာဆက်ပြောရမှန်းမသိသဖြင့် နှုတ်ဆိတ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မရဲ့စေတနာကို နောက်တော့နားလည်လာပါလိမ့်မယ်. . . အခုတော့ ကျွန်မဒီလောက်ပဲ ပြောချင်တယ်"

သူမသည် ထိုင်ရာမှ ရုတ်တရက်ထသည်။ ပြီးတော့ အပေါ်ထပ်သို့ ခပ်ဖြည်းဖြည်းတက်သွားသည်။ ထိုအခါမှ အဘိုးကြီးက ကျွန်တော့်ပခုံးကို လက်နှင့် ဖက်လိုက်၏။

"လောလောဆယ်တော့ ခေါင်းကဒဏ်ရာ သက်သာဖို့ရယ် . . . အဖျားကျဖို့ရယ်ကိုပဲ ဂရုစိုက်ပါသားရယ်. . . ဟုတ်ပြီလား. . . ကဲ. . . စားသောက်ပြီးရင် ဆေးသောက်ရအောင်. . . "

သက်ပြင်းတစ်ချက်နှင့်အတူ ကျွန်တော်ခေါင်းညိတ်လိုက်မိသည် ထင်ပါသည်။ ထို့နောက် အဘိုးကြီးကကျွန်တော့်ကို ဆေးတိုက်သည်။ ပြီးတော့ ခေါင်းက ဒဏ်ရာကို ပြန်စစ်ဆေးပေးသည်။

"အနက်ကယ် အိပ်ဆေးထည့်တိုက်ထားတယ်. . လာ အိပ်ရာထဲမှာ သွားလှဲနေလိုက်. . . ခဏနေရင် အိပ်ပျော်သွားလိမ့်မယ်"

အဘိုးကြီးသည် ကျွန်တော့်ကို အိပ်ရာထဲပြန်ပို့ပေးပြီးသည်နှင့် အခန်းပြင်သို့ပြန်ထွက်သွားသည်။ ထိုအခါမှ ကျွန်တော်လည်း ကျွန်တော့်အဝတ်အစားတွေနှင့် အဘိုးကြီး၏အဝတ်အစားတွေကိုလဲ လှယ်လိုက်သည်။ ပြီးတော့ ခုတင်ပေါ်မှာ အသာတက်လှဲလိုက်၏။ အပြင်မှာတော့ မိုးကရွာကောင်းနေဆဲပင် ဖြစ်သည်။ ထိုခဏမှာပင် ကျွန်တော့်မျက်လုံးတွေလေးလာပြီး အိပ်ပျော်သွားမိလေသည်။

အိပ်ရာမှ ကျွန်တော်ပြန်နိုးလာသောအချိန်သည် ဆယ့်တစ်နာရီတိတိတွင်ဖြစ်သည်။ ရွာနေသောမိုးသည် တိတ်သွားလေပြီ။ အဖျားရှိန်ဖြင့် ခေါင်းမူးနေသေးသောကြောင့် အိပ်ရာမှ ကျွန်တော် ခပ်ဖြည်းဖြည်းထသည်။ ဧည့်ခန်းထဲမှာ ဦးမင်းဝေတို့သားအဖရှိမည်လားဟု ကြည့်သော်လည်းမရှိ။ ထို့ကြောင့် မီးဖိုထဲဝင်ကြည့်မိပြန်သည်။ မီးဖိုထဲတွင် နေ့လယ်စာအတွက် ချက်ပြုတ်ပြင်ဆင်ထားသည်



ကိုသာတွေ့ရပြီး မည်သူမျှမရှိ။

မီးဖိုဆောင်တံခါးရွက်များကို ဖွင့်ထားသည်ဖြစ်သောကြောင့် ပြင်ပရှုခင်းကို မြင်ခွင့်ရနေသည်။ ကျွန်တော်လည်း တံခါးဝမှာရပ်ရင်း အပြင်သို့ကြည့်လိုက်သောအခါ မြက်နုံတံပင်တွေကြားမှာ ရပ်နေသည့် ဦးမင်းဝေတို့ သားအဖနှစ်ယောက်ကိုတွေ့ရသည်။ သူမတို့နှစ်ယောက်သည် စကားပြောကြသည်။ ပြီးတော့ ပြုံးကြ၏။ သူတို့နှစ်ယောက်သည် တကယ့်ကိုစိတ်အေးလက်အေး။

အိမ်ကြီးဆီသို့ ချက်ချင်းပြန်လာမည့်ပုံ မရသောအခါ ကျွန်တော်လည်း အကြံတစ်ခုရလေသည်။ သူမတို့သားအဖ မရှိတုန်း သူမတို့အခန်းသို့ တက်ကြည့်ရလျှင်ကောင်းမည်။ ဘာပဲဖြစ်ဖြစ် တစ်စုံတစ်ခုတော့ ကျွန်တော်သိရပေလိမ့်မည်။ ဆုံးဖြတ်ချက်နှင့်အတူ ကျွန်တော်လည်း မီးဖိုဆောင်မှ ခပ်သွက်သွက်ထွက်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ အပေါ်ထပ်တွင် အဘိုးကြီး၏အခန်းကတော့ ပိတ်လျက်ဖြစ်နေ၍ အဆင်သင့်ပွင့်လျက်သားဖြစ်နေသည့် ထားအိသိမ့်အခန်းသို့ ကသောကမျောဝင်လိုက်သည်။

အခန်းသည် မိန်းကလေးတစ်ဦး၏အခန်း ဖြစ်သည်နှင့်အညီ သန့်ရှင်းသပ်ရပ်လျက်ရှိသည်။ အိပ်ရာသည် အဖြူရောင်တွေချည်းသာဖြစ်ပြီး ရှင်းသန့်နေ၏။ ကြိုးတန်းပေါ်တွင် လွှားထားသော ထားအိသိမ့်၏ဝတ်ရုံကို ကျွန်တော်တွေ့ရသည်။ ခုတင်ခြေရင်းတွင် မိန်းကလေးအတွင်းခံ ပင်တီဘောင်းဘီသုံးထည်ကို ကြိုးတန်းနှင့်တွေ့ရသည်။ သည်မျှအထိတော့ ဘာမှမထူးဆန်းပါ။ သာမန်မိန်းကလေး၏ အခန်းမျိုးသာဖြစ်သည်။ ကျွန်တော့်မျက်လုံးသည် အခန်း၏ တစ်ခုတည်းသော စားပွဲပေါ်သို့ အကြည့်ရောက်သွားသည်။

စားပွဲပေါ်မှာ ဟောင်းနွမ်းနေသော စာအုပ်အချို့တွေ့ရသည်။ ကျွန်တော်လည်း စာအုပ်တွေကို အသာဆွဲယူကြည့်လိုက်သည်။



www.burmeseclassic.com

စာအုပ်တွေ၏ခေါင်းစဉ်တွေသည် ကျွန်တော့်အတွက် စိတ်ဝင်စားစရာကောင်းလှပါသည်။ သေခြင်းနှင့် ရှင်ခြင်း၊ သေခြင်း၏နောက်ကွယ်၊ လျှို့ဝှက်သော ဘဝအထိုထို၊ အားလုံးသည် မူရင်းအင်္ဂလိပ်စာအုပ်များချည်းသာဖြစ်သည်။ ကျွန်တော့်မျက်လုံးသည် စားပွဲစွန်းရှိ ကဒ်ထူဖုံးနှင့် စာအုပ်ကြီးဆီသို့ရောက်သွားပြန်သည်။ စာအုပ်ကို အသာဆွဲယူပြီးကြည့်လိုက်သောအခါ အံ့အားသင့်သွားမိသည်။

စာအုပ်၏အမည်သည် (The Angels) နတ်မိမယ်များ။ ရေးသားသူသည် H.T.Hudson ဖြစ်ပါသည်။ စာအုပ်၏မာတိကာကို ကျွန်တော်ဖွင့်လိုက်သည်နှင့် စာရေးသူသည် ပရော်ဖက်ဆာတစ်ဦးဖြစ်ကြောင်းသိရသည်။ ဤစာအုပ်သည် သူ၏သုတေသနပြုချက်များနှင့် ရှေးဟောင်းကျမ်းစာဝို့ကိုအခြေခံပြီး ရေးသားထားကြောင်းသိရသည်။

မာတိကာကို ကျွန်တော်ဆက်ဖတ်လိုက်သည်။ လူသားတို့၏ဘဝနှင့် ကောင်းကင်ဘုံဆက်စပ်မှု၊ ကောင်းကင်ဘုံမှ စေတမန်များ၊ အိန်ဂျယ်တို့၏ အကြောင်း၊ အမျိုးအစားကွဲပြားခြားနားသော အိန်ဂျယ်တို့၏ မလေ့စရိုက်များ။

မာတိကာကို ကြည့်၍မဆုံးခင်မှာပင် မြက်နှံ့တံပင်တွေဘက်ဆီမှ ဖြတ်လျှောက်လာသော ထားအိသိမ့်တို့သားအဖနှစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုအိန်ဂျယ်များအမည်ရှိ စာအုပ်ကိုလည်းကောင်း၊ ထားအိသိမ့်၏အခန်းတွင်းကို လည်းကောင်း၊ ဆက်လက် စူးစမ်းလိုသေးသော်လည်း ကျွန်တော့်မှာအချိန်မရတော့ ပြီ။ ကျွန်တော်လည်း ကပျာကယာပင် စာအုပ်တွေကို စောစောကရှိနေခဲ့သည့်အတိုင်း ခပ်သွက်သွက်ပြန်ထားလိုက်သည်။

အားလုံးနေသားတကျပြန်ထားပြီးသည်နှင့် အောက်ထပ်သို့ ခပ်သွက်သွက်ပြေးဆင်းကာ ခုတင်ပေါ် တက်လှဲနေလိုက်၏။ ထားအိသိမ့်တို့သားအဖနှစ်ယောက် စကားပြောသံကိုစကြားရသည်။ နောက်တော့ သူတို့နှစ်ယောက် ကျွန်တော့်အခန်းထဲရောက်လာသည်။ ကျွန်တော်ကတော့ သူတို့အခန်းရှေ့ရောက်လာသည်နှင့် အိပ်ချင်ယောင်ဆောင်နေလိုက်မိသည်။

"အိပ်နေတုန်းပဲ သမီးရဲ့. . ဘယ်လိုလုပ်ရမလဲ. . . ထမင်းစားချိန်ကိုတောင် လွန်နေပြီ"

"ရှင်နိုးနေပြီ မဟုတ်လား. . . နိုးနေရင်လည်း ထတော့"

ထားအိသိမ့်သည် ကျွန်တော့်ဘေးရောက်လာပြီး ကျွန်တော့်လက်မောင်းကို လှုပ်ကာနှိုးသည်။ သူမသည် ကျွန်တော်နိုးနေမှန်းသိနေ၏။ သည်လိုဆိုလျှင် သူမသည် ကျွန်တော်အိပ်ချင်ယောင်ဆောင်နေသည်ကို သိနေ၏။ ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူမက သရော်သလိုပြုံးပြသည်။ ဦးမင်းဝေက အပြင်သို့ ပြန်အထွက်တွင် ကျွန်တော်သူမကို ခပ်တိုးတိုးမေးလိုက်မိသည်။

"ကျွန်တော်အိပ်ချင်ယောင်ဆောင်နေတာ ဘယ်လိုလုပ်သိလဲ"

သူမ ပြုံးပြန်သည်။ သည်တစ်ခါတော့ စောစောကလို သရော်သလိုအပြုံးမဟုတ်ပဲ ရိုးရိုးသားသားအပြုံးဖြစ်သည်။

"ရှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့သူတွေကို သေသေချာချာကြည့်ဖူးလား"

"ဟင့်အင်း"

"တကယ်အိပ်ပျော်နေတဲ့သူနဲ့ အိပ်ချင်ယောင်ဆောင်နေတဲ့သူတွေကို ခွဲခြားပြီးသိချင်ရင် အသက်ရှူပုံကို သေသေချာချာကြည့်"

ကျွန်တော်နားမရှင်းသဖြင့် ထပ်မေးမည်ပြုသောအခါ သူမက ဆက်ရှင်း၏။

"အိပ်ပျော်နေတဲ့ လူ့ရဲ့ခန္ဓာကိုယ်မှာရှိတဲ့ ဇီဝကမ္မဖြစ်စဉ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



နိုးနေတဲ့ အချိန်ထက်လျော့ကျသွားတယ်. . . အဲဒီအခါမှာ အသက်ရှူနှုန်းဟာလည်း သိသိသာသာနှေးသွားတယ်. . . အခုရှင်အိပ်နေတာကျတော့ အဲဒီလိုမဟုတ်ဘူး. . . အသက်ရှူသံကလည်း သိသိသာ မြန်နေတယ်. . နောက်ပြီး နှလုံးဟာလည်း အခုန်မြန်နေတယ်"

ကျွန်တော်ရှက်သွားပြီး ရယ်လိုက်မိသည်။ သူမက ကျွန်တော်နှင့် အတူလိုက်ရယ်သည်။ ထို့နောက် အရယ်ရပ်တာ ကျွန်တော့်နဖူးကို လှမ်းစမ်းသည်။ နူးညံ့သိမ်မွေ့သော လက်ဖဝါးပြင်ကလေးသည် ကျွန်တော့်နဖူးပေါ်မှာ ခဏကြာရှိနေသည်။ ဘာကြောင့်မှန်းမသိဘဲ ထိုလက်ဖဝါးလေး ကျွန်တော့်နဖူးပေါ်မှ ပြန်ရုပ်သွားမည်ကို လွမ်းနေမိသည်။

"အများတောင် အတော်ကျသွားပြီပဲ. . . အင်း ဒါပေမယ့် ရှိတော့ ရှိသေးတယ်. . . အအေးမိထပ်ခံလို့တော့ လုံးဝမဖြစ်ဘူး. . . နောက်ပြီး ဒီနေ့တော့ဆန်ပြုတ်ပဲ သောက်ဦး. . . ဟုတ်ပြီလား"

ထိုခဏ၌ ကျွန်တော့်စိတ်ထဲတွင် ကြည်နူးချမ်းမြေ့နေမိသည်။ ထားအိသိမ့်သည် ကျွန်တော့်နဖူးပေါ်မှလက်ကို ရုပ်လိုက်သည်။

"သွား. . . မျက်နှာသစ် ကိုယ်လက်သန့်စင်လိုက်ဦး. . . နေ့လယ်စာ စားကြရအောင်. . . ဆေးလည်း သောက်ရမယ်"

သူမသည် ထိုမျှသာပြောပြီး အခန်းထဲမှထွက်သွားသည်။ ကျွန်တော်ကတော့ သူမ၏ကျောပြင်ကလေးကိုကြည့်ရင်းက ယုံရခက်နေမိသည်။ အိန်ဂျယ်ဆိုသည်မှာ ကျွန်တော့်အတွက်တော့ နားလည်ရခက်သည့်ပြဿနာတစ်ခုပင်ဖြစ်သည်။ ကျွန်တော်မှသာ မဟုတ်။ အတော်များများလည်း နားလည်ဖို့ခက်ပါလိမ့်မည်။ ကျွန်တော် သိသလောက်ကတော့ ထိုအိန်ဂျယ်ဆိုသော စကားလုံးသည် ကျွန်တော်တို့နှင့်အတော်ပင် စိမ်းသည့်စကားလုံးလည်းဖြစ်သည်။





ချာလီ၏နတ်မိမယ်လေးများအမည်ရှိသည့် ချာလိစ်အိန်ဂျယ် ရုပ်ရှင်ကား၏အမည်လောက်သာ ကျွန်တော်တို့နှင့် ရင်းနှီးမှုရှိသည်။ ထားပါတော့ အိန်ဂျယ်ဟုခေါ်သည့် နတ်မိမယ်သည် အပြင်လောက (ဝါ) လက်တွေ့လောကတွင် တကယ်ရှိနိုင်ပါ၏လော။ အိန်ဂျယ်သည် ဒဏ္ဍာရီ၊ ပုံပြင်တွေထဲမှ အပြင်လက်တွေ့လောကသို့ ရောက်လာနိုင် ပါသလော။

ပို၍မေးခွန်းထုတ်သင့်သည်မှာ ထားအိသိမ့်သည် အိန်ဂျယ်တစ်ဦးပင်လော။ သူမ၏ အမူအကျင့်၊ ဝတ်စားဆင်ယင်မှုတွေကို ကျွန်တော်ပြန်တွေးမိပြန်သည်။

တစ် အချက်မှာ သူမ၏ ဦးခေါင်း၊ နဖူးပြင်၌ စွပ်ထားသည့် ရွှေဆွဲကြိုးနှင့် လော့ကက်သီး၊ လော့ကက်သီး၌ ပတ္တမြားလိုလို၊ ကျောက်နီလိုလိုအရာကိုလည်း တွေ့ရသည်။

နှစ် အချက်မှာ သူမသည် အဖြူရောင်ဇာဝတ်ရုံရှည်ကြီးကို ဝတ်ဆင်လေ့ရှိသည်။ ထိုဝတ်ရုံ (ဝါ) ခြုံထည်မျိုးကို မည်သည့်မိန်းကလေးမျှ ဝတ်ဆင်လိမ့်မည်မဟုတ်ဟု ကျွန်တော်ထင်ပါသည်။

သုံး အချက်မှာ သူမ၏စားသောက်ပုံ မလေ့စရိုက်ဖြစ်သည်။ သူမသည် ပျားရည်နှင့် ဂျုံဖြင့်ပြုလုပ်ထားသည့် အချိုမုန့်ကို အလွန်ပင်နှစ်ခြိုက်သူဖြစ်ပါသည်။ သို့သော် ဤအချက်ကိုတော့ ကျွန်တော်သေချာပေါက် ပြော၍မရသေးပါ။ အဘယ်ကြောင့်ဆိုသော် သူမစားသောက်ပုံကို ကျွန်တော်နှစ်ခါမျှသာ တွေ့ဖူးပါသေးသည်။ သို့စေကာမူ ပျားရည်ကိုတရှိုက်မက်မက်သောက်သုံးတတ်သည်ကိုတော့ ထူးခြားမှုတစ်ခုအဖြစ် ကောက်ချက်ချရလိမ့်မည်ဖြစ်ပါသည်။

လေး အချက်မှာ သီချင်းသံလိုလို၊ စကားပြောသံလိုလို ကိစ္စဖြစ်သည်။ ယခုထိတော့ ထိုကိစ္စကို ကွဲကွဲပြားပြား ကျွန်တော်မသိရသေး။ ထိုစကားပြောသံ (သို့မဟုတ်) သီချင်းဆိုသံသည် ထားအိသိမ့်



www.burmeseclassic.com

www.burmeseclassic.com



ထံမှပင် ဖြစ်လေသလော။ ပြီးတော့ သီချင်းလော၊ စကားသံလော လည်း မကွဲပြား။ ရေရွတ်မှုမှာ သံစဉ်မဆိုစလောက်မျှပါသည်ဟု လည်း ထင်သည်။

ငါးအချက်မှာ သူမ၏လက်ထဲတွင် ကိုင်ထားသည်နှင်တံ ဖြစ်သည်။ နှင်တံကို အင်္ဂလိပ်လို မည်ကဲ့သို့ခေါ်သလဲတော့ ကျွန်တော် မသိပါ။ သို့သော် ကျွန်တော်တတ်သ၍ မှတ်သ၍ ဘာသာပြန်ကြည့် မိသောအခါ (Angel's stick) ဟုပင်ခေါ်ကြသလားမသိပါ။ ထားပါ တော့ ထိုနှင်တံသည် စိမ်းဖန့်ဖန့်အရောင်တောက်နေ၏။ ဖန်ချောင်း လိုလို၊ ကျောက်စိမ်းလိုလို။ ထိုနှင်တံသည် အိန်ဂျယ်တို့၏အင်္ဂါတစ်ခု ပင်ဖြစ်သလော။

ခြောက် အချက်မှာ သူမ၏ ကြိုတင်မြင်နိုင်မှုဖြစ်သည်။ သူမတို့သည် ကျွန်တော် ဤအိမ်သို့ရောက်လာမည်ကို ကြိုတင်သိမြင် နေသည်ဟု ဆိုပါသည်။ နောက်တစ်ချက်မှာ ကျွန်တော့်ကို ဤနေရာ မှာ တစ်ပတ်တိတိရှိနေစေချင်သော သဘောဖြစ်သည်။ ကျွန်တော် အန္တရာယ်ကျရောက်နိုင်သည်ဟု ပြောသည်။ သည်သို့ဆိုလျှင် သူသည် အနာဂတ်ကို ကြိုတင်သိမြင်နိုင်သူတစ်ဦး အမှန်တကယ်ပင် ဖြစ်လေ သလော။

အထက်ပါအချက်များအနက်မှ ကျွန်တော်သံသယအရှိဆုံး အချက်မှာ အမှတ်ခြောက်အချက်ပင်ဖြစ်သည်။ အနာဂတ်ကို ကြို တင်သိမြင်ခြင်းကိစ္စသည် သမာဓိနှင့် အဓိကဆိုင်သောကိစ္စဖြစ်သည်။ သမထဘာဝနာကို ပွားများအားထုတ်သူတချို့သည် အကြားအမြင်ရ သည်ဟု ကြားဖူးပါသည်။

ထားအိသိမ့်လို ချောမောလှပသော မိန်းကလေးတစ်ဦးက အကြားအမြင်ရသည်ဆိုသည်ကို ယုံကြည်ဖို့ အလွန်ပင်ခက်ခဲနေ၏။

(၃)

ယနေ့တော့ မိုးလည်းလုံးဝမရွာတော့သလို၊ ကျွန် တော်လည်း လုံးဝအဖျားကျသွားပြီဖြစ်သည်။ သို့သော် ခေါင်းကဒဏ်ရာကတော့ နာနေဆဲ ပင်ဖြစ်သည်။ အန်ကယ်ဦးမင်းဝေကတော့ ဒဏ်ရာကို ဆေးပြန်ထည့် ပေးစဉ်၌ ဒဏ်ရာသက်သာကြောင်းပြောခဲ့သည်။

အရေပြားပြဲသွား သောဒဏ်ရာမှ ကျွန်တော်ကမေးခိုင်ပိုး ဝင်သွားမှာကို စိုးရိမ်သည်။ ကျွန်တော်စိုးရိမ်သလိုပဲ အန်ကယ် ဦးမင်းဝေကလည်း စိုးရိမ်ပုံရကာ အနာအတွက်ထည့်သောဆေးကို ပဋိဇီဝဆေးကိုသုံး၍လည်းကောင်း၊ သောက်ဆေး၌လည်း ပဋိဇီဝ ဆေးကိုထည့်၍လည်းကောင်းတိုက်၏။

ဘာပဲပြောပြော ကျွန်တော်သက်သာလာသည်ကိုတော့ ကျွန်တော့်ဘာသာကျွန်တော်သိ၏။ ဤအိမ်ကြီးသို့ ကျွန်တော် ရောက်လာသည်မှာ ယနေ့ဆိုလျှင် သုံးရက်ရှိလေပြီ။

ထားအိသိမ့်နှင့် စကားပြောခွင့် မကြာမကြာရသော်လည်း ဦးမင်းဝေနှင့်တော့ စကားပြောခွင့်သိပ်မရပါ။ ကျွန်တော်က ထားအိ

www.burmeseclassic.com

www.burmeseclassic.com



သိမ့်ထံမှသိရမည့် စကားတို့ထက် ဦးမင်းဝေထံမှ စကားတို့အပေါ် ပို၍မျှော်လင့်မိသည်။

ထူးခြားချက်တစ်ခုမှာ ဦးမင်းဝေ၏ အပြုအမူအပြောအဆို၊ အနေအထိုင်၊ ဝတ်စားဆင်ယင်မှုတို့သည် သာမန်လူတစ်ဦးနှယ်သာ ဖြစ်သည်။ အိန်ဂျယ်ဆုံသည့်ကိစ္စ၌ ဦးမင်းဝေ၏သဘောထားကို ကျွန်တော်အလွန်ပင်သိချင်နေသည်။

သို့သော် ဦးမင်းဝေကလည်း ကျွန်တော်သူနှင့် စကားပြောချင်ပုံရနေသည်ကိုရိပ်မိဟန်ဖြင့် ကျွန်တော့်ကို သိသိသာသာပင် ရှောင်လေတော့သည်။

ယခုထိတော့ ဤအဖြစ်အပျက်သည် ကျွန်တော့်အတွက် အိပ်မက်နှယ်ဖြစ်နေ၏။ ကျွန်တော်တွင် ဤအဖြစ်အပျက်အတွက် တိုင်ပင်ရမည့်သူမရှိ။ ရင်ဖွင့်ရမည့်သူမရှိဘဲဖြစ်နေခြင်းသည် ဆိုးလှချေသည်။

သည်နေ့တော့ ကျွန်တော်အိပ်ရာမှ သက်တောင့်သက်သာပင် နိုးလာသဖြင့် မျက်နှာသစ်သွားတိုက်ပြီးသည်နှင့် ကျွန်တော့်ကားကို သွားစစ်ဆေးမိသည်။ ကား၌ ပြင်ပချို့ယွင်းချက်ဖြစ်သည့် မှန်နှင့် မီးလုံးများကွဲခြင်း၊ ကိုယ်ထည်တွင် ထိခိုက်ထားခြင်းမျိုး လုံးဝမတွေ့ရ။

ကားတံခါးကိုဖွင့်ပြီး ကျွန်တော်စက်နှိုးကြည့်လိုက်သည်။ စတတ်တာမော်တာလည်သံသည် အားပျော့လွန်းနေပြီး ချက်ချင်းပင် မော်တာအလည်ရပ်သွား၏။ ကျွန်တော်တစ်ချက် ဆဲလိုက်မိသည်။ ဘတ္တရီကတော့ လုံးဝအားကုန်သွားပြီထင်သည်။

ဒုက္ခပါပဲ။ သည်လို အခြေအနေမျိုးမှာ ကားကိုတွန်း၍နှိုးလျှင်တောင်မှ နိုးဖို့မလွယ်။ အိမ် ရှေ့လမ်းတစ်လျှောက်သည် ချိုင့်တွေ၊ ကျင်းတွေပြည့်နေသည့်အပြင် မကြာမီက ရွာထားသည့်မိုး





ကြောင့် မြေသားကလည်း အိနေ၏။

ကျွန်တော်သက်ပြင်းတစ်ချက်ချပြီး ကားပေါ်ကပြန်ဆင်းလိုက်သည်။ ထိုအခါမှာပင် ထားအိသိမ့်က ကျွန်တော့်အနီးရောက်လာသည်။ သူမ၏မျက်နှာသည် နံနက်ခင်းနှင့်အတူ လတ်ဆတ်နေလေ၏။

“ဘယ့်နှယ်လဲ ကားစက်နှိုးလို့ရလား”

“ဟင့်အင်း”

“ဘာပျက်တာလို့ ထင်သလဲဟင်”

“ဘတ္တရီအားကုန်သွားလို့ထင်တာပဲ. . . ဒါပေမယ့် အခြားအစိတ်အပိုင်းတွေလည်း ပျက်ချင်ပျက်နေနိုင်သေးတယ်. . . ဒါနဲ့ မထားအိသိမ့် အခုဘယ်သွားမလို့လဲ”

“ဟိုဘက်ခဏ လမ်းလျှောက်မလို့. . . လိုက်ခဲ့မလား”

“ဟုတ်ကဲ့”

သူမနှင့် ကျွန်တော်သည် ဘေးချင်းယှဉ်၍ စလျှောက်သည်။ နောက်ဘက်တွင် အိမ်ကြီးက တဖြည်းဖြည်းဝေး၍ဝေး၍ကျန်ခဲ့သည်။ နှုတ်ဆိတ်စွာနှင့်လျှောက်နေသော သူမကို ကျွန်တော်စောင်းငဲ့ကြည့်လိုက်သည်။

အရှေ့အရပ်၌ထွက်ပေါ်လာစပြုပြီဖြစ်သော နေမင်း၏ အလင်းရောင်တစ်စွန်းတစ်စသည် သူမ၏ မျက်နှာနုနုလေးပေါ် သို့ တင့်တယ်စွာဖြာကျနေ၏။ နှုတ်ခမ်းမို့မို့သည် နှင်းဆီသွေးပြေးနေသည်။

မျက်လုံးသည် ကြည်လဲ့ရွှန်းမြလျက်ရှိသည်။ သူမ၏အလှကြောင့် ကျွန်တော်ရင်ထဲဖိုလှိုက်သွားမိလေသည်။

“လမ်းလျှောက်တာရှေ့ကို ကြည့်လျှောက်လေ. . . လမ်းက ကျွန်မမျက်နှာမှာရှိတာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရှက်ရယ်တစ်ချက်ရယ်လိုက်မိသည်။ ဟုတ်ပါရဲ့။ ကျွန်တော့်အကြည့်က ကြည့်သည်ဆိုသည့်အကြည့်ထက် ငမ်းသည့်အဆင့်ကို ရောက်သွားပေသည်ကိုး။ ထိုအခါမှ ကျွန်တော်လည်း ရှေ့ကိုပြန်ကြည့်၍ လျှောက်ရသည်။

ကျွန်တော်တို့နှစ်ယောက်သည် မြက်နုံတံတွေကြားထဲ ရောက်သွားသည်။ မြက်နုံတံတွေသည် ကျွန်တော်တို့ခါးတစ်ဝက်လောက်ထိပေါက်နေပြီး အောက်ခံမြေသားလည်း မာသဖြင့် လမ်းလျှောက်ရသည်မှာ အရသာတစ်မျိုးရလေသည်။

လေခပ်ကြမ်းကြမ်းတစ်ချက်တိုးဝှေ့လိုက်လျှင် မြက်နုံတံပင်တွေ ဘယ်ညာယိမ်းနွဲ့သွားသည်မှာ ကြည့်၍ကောင်းနေ၏။

"မနက်ဖြန်လောက်ဆိုရင်တော့ ကျွန်တော်လည်း အတော့်ကို နေကောင်းနေပါပြီ. . . အဲဒီတော့ ကျွန်တော်ရန်ကုန်ကို ပြန်တော့မယ်လို့ ဆုံးဖြတ်တယ် မထားအိသိမ့်"

"ကားမှ မကောင်းသေးဘဲ . . . ရှင်ဘယ်လိုပြန်မလဲ"

"မနက်ဖြန်ကို ဒီနားမှာ စက်ပြင်ဆရာရှာလို့ မရရင်. . . ကျွန်တော်ကားကို အဝေးပြေးလမ်းမအထိ တွန်းယူသွားမယ်. . . အဲဒီမှာတော့ ကားတွေ ဥဒဟိုသွားနေကြမှာပဲ. . . ကားတစ်စီးစီးကတော့ ကျွန်တော့်ကို ကူညီနိုင်မယ်ထင်တာပဲ"

သူမ သက်ပြင်းချလိုက်သည် ထင်ပါသည်။ မျက်နှာကလေးသည် မသိမသာညှိုးနေ၏။

"ရှင့်အလုပ်ဟာ သိပ်အရေးကြီးသလားဟင်"

ကျွန်တော်တစ်ချက်ရယ်လိုက်မိသည်။

"အမှန်အတိုင်းပြောရရင် ကျွန်တော်တို့ ကုမ္ပဏီမှာ အုပ်ချုပ်ရေးပိုင်းနဲ့ပတ်သက်လို့ ပြိုင်ဆိုင်မှုတွေ ရှိနေပါတယ် မထားအိသိမ့် . . . ကုမ္ပဏီရှယ်ယာဝင်ခြောက်ဦးနဲ့ မ,တည်ထားတဲ့ကုမ္ပဏီမှာ





ကျွန်တော်နဲ့ ဖေဖေဟာ အစုရှယ်ယာ လေးဆယ်ရာခိုင်နှုန်း ပိုင်ဆိုင်ထားပြီးတော့ ကျန်တဲ့လူလေးယောက်ကတော့ ကျန်တဲ့ခြောက်ဆယ်ရာခိုင်နှုန်းကို မျှဝေပိုင်ဆိုင်ထားပါတယ်. . . အဲဒီတော့ ကုမ္ပဏီရဲ့လုပ်ထုံးလုပ်နည်းအရ. . . အစုရှယ်ယာအများဆုံး ပိုင်ဆိုင်သူဟာ ကုမ္ပဏီရဲ့ အမ်ဒီဖြစ်ခွင့်ရှိလို့ ကျွန်တော့်ဖေဖေဟာ အမ်ဒီဖြစ်နေပါတယ်. . .

ဒါပေမယ့် ကုမ္ပဏီရှယ်ယာဝင်တွေထဲက ဦးရန်နိုင်အောင်ဆိုတဲ့လူဟာ ကုမ္ပဏီရဲ့အမ်ဒီဖြစ်ချင်နေပါတယ်. . . ဒါကြောင့်မို့ သူဟာ ကျန်တဲ့ရှယ်ယာဝင်တွေဆီက ရှယ်ယာတွေပြန်ဝယ်နေတယ်လို့ သိရတယ်"

"သူ ကုမ္ပဏီရဲ့အမ်ဒီဖြစ်လာတော့ရော. . . ဘာထူးမှာမို့လို့လဲ"

"ထူးတယ် မထားအိသိမ့်. . . ထူးရုံတင် မဟုတ်ဘူး. . . ကုမ္ပဏီရဲ့ပျက်ရာပျက်စီးကြောင်းလည်း ဖြစ်သွားလိမ့်မယ်. . . ဘာဖြစ်လို့လဲဆိုတော့ သူဟာ အရမ်းလောဘကြီးတဲ့လူလည်း ဖြစ်တယ် . . . ထရေးဒင်း ကုမ္ပဏီတစ်ခုရဲ့မလုပ်သင့်မလုပ်ထိုက်တာတွေ ကိုလည်း လုပ်လာလိမ့်မယ်"

"ကျွန်မ နားသိပ်မရှင်းဘူး. . မလုပ်သင့် မလုပ်ထိုက်တယ်ဆိုတာမျိုးတွေဟာ ဘယ်လိုကိစ္စမျိုးတွေလဲဟင်"

"ဒီလိုပါ. . . ထရေးဒင်းကုမ္ပဏီဆိုတာ ကျွန်တော်တို့တိုင်းပြည်ထဲက ကုန်ပစ္စည်းတချို့ကို ပြည်ပကိုတင်ပို့ရောင်းချပြီးတော့. . . ပြည်ပက ပစ္စည်းတချို့ကိုလည်း ကျွန်တော်တို့နိုင်ငံထဲကို တင်သွင်းပါတယ်. . .

အဲဒီအခါမှာ ပြည်တွင်းကကုန်ပစ္စည်းတွေကိုလည်း စံချိန်မမီတာတွေတင်ပို့မှာဖြစ်သလို. . . ပြည်ပကတင်သွင်းမယ့် ကုန်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေမှာလည်း အရည်အသွေးညံ့တဲ့. . . စံချိန်မမီတဲ့ကုန်ပစ္စည်းတွေ တင်သွင်းတာတို့ . . . ကန့်သတ်ရက်ကျော်လွန်နေတဲ့ စားသောက်ကုန်ပစ္စည်းတွေဆို ကန့်သတ်ရက်နေ့စွဲပြန်ပြင်ရိုက်ပြီး တင်သွင်းတာတို့ လုပ်လာနိုင်ပါတယ်"

"ဩော်. . . အတော်ဆိုးတဲ့ ကိစ္စပဲနော်. . . ဒါပေမယ့် သူ အမ်ဒီဖြစ်တာနဲ့ပဲ ကုမ္ပဏီရဲ့လုပ်ငန်းဆောင်တာတွေကို သူလုပ်ချင်သလို သုပ်လို့ရရောလား ဟင်"

"သူလုပ်ချင်တာရှိရင် ဒီအတိုင်းတော့ လုပ်လို့မရဘူး. . . ကျန်တဲ့ ရှယ်ယာဝင်တွေရဲ့ သဘောတူခွင့်ပြုချက်ကို ယူရပါလိမ့်မယ် . . . ဒါပေမယ့် လူတွေဟာ လောဘသားကောင်တွေပဲ မထားအိသိမ့် . . . သိန်းပေါင်းများစွာ အမြတ်ရမယ်ဆိုရင်. . . ကုမ္ပဏီရဲ့ ရပ်တည်ချက်ကိုတောင် ပြောင်းဖို့ဝန်လေးကြမှာမဟုတ်ဘူး. . . ကျန်တဲ့ ရှယ်ယာဝင်တွေကို ငွေမျက်နှာတစ်ခုတည်းနဲ့ သူအလွယ်တကူ စည်းရုံးလိုက်နိုင်မှာပါ"

ထားအိသိမ့်သည် ကျွန်တော့်ကို ဖျတ်ခနဲမော့ကြည့်သည်။

"အဲဒါဆိုရင်တော့ ဟုတ်တယ်နော်. . . ကုမ္ပဏီအတွက်တင် မကဘူး. . . သုံးစွဲသူတွေအတွက်လည်း အတော်အန္တရာယ်ကြီးတာပဲ . . . ဒါပေမယ့် ကျွန်မကြားဖူးတာ ကုမ္ပဏီကိစ္စတွေလည်း ဗီတိုအာဏာဆိုတာ ရှိနေတာပဲ. . . ရှင်တို့သားအဖမှာရော အဲဒီလို ဗီတိုအာဏာရှိမနေဘူးလား. . . ရှိနေရင် သူဘယ်လိုပဲ စည်းရုံးစည်းရုံး ဗီတိုအာဏာသုံးပြီး ပယ်ချလိုက်ပေါ့"

ကျွန်တော်သူမကို လေးစားသွားမိလေသည်။ သူမတွင် ကုမ္ပဏီကိစ္စတို့အတွက် အံ့သြဖွယ်ကောင်းသည့် ဗဟုသုတရှိနေ၏။

"သူမှာ ကျွန်တော်တို့ထက်ပိုများတဲ့ ရှယ်ယာရှိသွားရင် အဲဒီလို ဗီတိုအာဏာသုံးဖို့ သိပ်မလွယ်တော့ဘူး. . .





မနောက်ပြီး အများနဲ့တစ်ယောက် အဲဒီလိုအတိုက်အခံဖြစ်လာရင် ကုမ္ပဏီရဲ့စည်းလုံးညီညွတ်မှု ပျက်ပြားသွားလိမ့်မယ်. . . အဲဒီအခါမှာ ကုမ္ပဏီရဲ့နောင်ရေးဟာ ရင်လေးစရာ ဖြစ်သွားလိမ့်မယ် . . . ကုမ္ပဏီတစ်ခုဟာ စည်းလုံးညီညွတ်နေမှ"

"ကျွန်မ မသိလို့ မေးဦးမယ်. . . စားသောက်ကုန်ကိစ္စနဲ့ ပတ်သက်လို့ကတော့ ထားပါတော့လေ. . . စားသုံးသူတွေကို အန္တရာယ်ဖြစ်စေမယ့်ကိစ္စမို့ တရားဥပဒေနဲ့လည်း ငြိစွန်းမှာပေါ့ . . . အခြားကုန်ပစ္စည်းတွေဘက်မှာတော့ အခုလိုလုပ်တာဟာ အမြတ်ကိုတော့ တကယ်များစေမှာပဲ. . . အဲဒီလိုကိစ္စမျိုးတွေမှာ ရှင်တို့ မသိချင်ယောင်ဆောင်နေလိုက်ရင်ရော"

"ကုမ္ပဏီတစ်ခုဟာ နာမည်ကောင်းရဖို့ သိပ်မလွယ်ဘူး မထားအိသိမ့်. . . နာမည်ကောင်းကို well name လို့ခေါ်ကြတယ် . . . အဲဒီလို နာမည်ကောင်းတစ်ခုမှာ နာမည်ပျက်စာရင်း (Black List) ဝင်သွားရင်တော့ တစ်သက်လုံးသွားပြီ. . . စားသုံးတဲ့သူဟာ ဘယ်တော့မှ အဲဒီကုမ္ပဏီကို မယုံကြည်တော့ဘူး. . . ဒါကြောင့်မို့ အဲဒီလိုလုပ်လာမှာကို ကျွန်တော်တို့မသိချင်ယောင်ဆောင်နေလို့ မရဘူး. . . နောက်တစ်ချက်ဟာ တန်ရာတန်ကြေးဆိုတဲ့ ရှုထောင့်က စဉ်းစားရင် ဒါဟာ မသမာမှုပဲ. . . မတရားမှုပဲ"

ထားအိသိမ့်သည် ကျွန်တော်စကားအဆုံး၌ နှစ်လိုဖွယ်ရာ ပြုံးလေသည်။

"ရှင့် စိတ်ဓာတ်ကို လေးစားပါတယ်. . . ကိုအိမ်စိုး. . . တကယ်ပါ. . . လက်တွေ့စီးပွားရေးနယ်ပယ်မှာ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုတဲ့ စီးပွားရေးသမားတွေ ရှိသလို . . . ရှင်တို့လို သမာသမတ်ကျတဲ့ စီးပွားရေးသမားတွေလည်းရှိလို့ ဝမ်းသာပါတယ်. . . ဒါနဲ့ စကားမစပ်မေးရဦးမယ်. . . ရှင် ဘာကြောင့်ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးခဲ့တာလဲ"

"သချာနဲ့ပါ. . . မထားအိသိမ့်ရော ဘာနဲ့ ကျောင်းပြီးတာလဲ ဟင်"

ရယ်သံလွင်လွင်ကလေး ထွက်လာသည်။

"ကျွန်မတို့အတွက်က ကျောင်းပညာထက်အရေးကြီးတဲ့ ပညာတွေ ရှိနေပါတယ်"

"ဗျာ"

"ကျွန်မ ပညာတတ်တော့ ပညာတတ်ပါ. . . ဒါပေမယ့် ကျောင်းပညာတော့ မဟုတ်ပါဘူး"

ကျွန်တော် ဦးနှောက်စားသွားမိလေသည်။ သူမဆိုလိုရင်းကို ကျွန်တော်နားမလည်ပါ။ ကျွန်တော့်နှုတ်ဖျားသို့ မေးခွန်းတချို့ ရောက်လာသည်။ သို့သော် ကျွန်တော်မေးလိုက်ဖို့ ခက်နေပါသည်။

"တကယ်တော့ လောကကြီးမှာ ကောင်းသူကယ်၊ မကောင်းသူပယ်တဲ့ကိစ္စကြီးဟာ အမှန်တကယ် ရှိနေပါတယ်"

နှုတ်ဖျား၌ချုပ်တီးထားသော မေးခွန်းတစ်ခုသည် ပွင့်ထွက်သွားသည်။

"အိန်ဂျယ်တွေဟာ အပြင်လောကကြီးမှာ တကယ်ပဲရှိနေလို့ လားဟင်"

သူမ လမ်းလျှောက်ရပ်သွားသည်။ ထို့ကြောင့် ကျွန်တော်လည်းရပ်လိုက်သည်။ သူမသည် ကျွန်တော်ကို မော့ကြည့်၏။ မျက်နှာအလှသည် အနီးကပ်ကြည့်မှ ပို၍ပီသလေသည်။ သူမနှင့် ကျွန်တော့်ကြားတွင် တစ်ပေမျှပင် မဝေး။ ကျွန်တော် သူမ၏လက်မောင်းကို ဆုပ်ကိုင်လိုက်မိသည်။

"ရှင် ကျွန်မအခန်းထဲ ဝင်စပ်စုကြည့်ပြီးကတည်းက ဒီမေးခွန်းကို မေးကြည့်ချင်တာ မဟုတ်လား"





"အဲဒီအတွက် ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ် . . . သိချင်စိတ်ကို ဘယ်လိုမှ ထိန်းလို့မရလို့ပါ"

"အင်း . . ကမ္ဘာပေါ်မှာ အိန်ဂျယ်တွေဟာ နေရာအမျိုးမျိုးမှာ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ရှိနေကြပါတယ်. . . အိန်ဂျယ်တွေရဲ့ တာဝန်ဟာလည်း မတူကြဘူး"

ကျွန်တော်အံ့ဩစွာဖြင့် သူမကိုကြည့်နေစဉ် သူမကဆက်ပြော၏။

"တချို့က ကောင်းကင်ဘုံရဲ့တမန်တော်အဖြစ်ဆောင်ရွက်တယ်. . . တချို့ကလည်း ဒုက္ခရောက်နေတဲ့လူသားတွေကို ကယ်တင်တဲ့ တာဝန်ကိုဆောင်ရွက်တယ် . . . တချို့ကလည်း . . . "

"ကောင်းကင်ဘုံရဲ့ တမန်တော်ဆိုတာကို ကျွန်တော် နားမရှင်းဘူး. . . ခရစ်ယာန်တွေရဲ့ ယေရှုခရစ်ဟာလည်း တမန်တော်ပဲ မဟုတ်လား"

"မတူဘူး. . . ယေရှုခရစ်ဟာ လူသားတွေကိုလမ်းညွှန်ချက်တွေပေးဖို့ လမ်းညွှန်ချက်တွေနဲ့ ပေါ်လာသူဖြစ်တယ်. . . အိန်ဂျယ်တွေကတော့ ကောင်းကင်ဘုံကိုသွားမယ့် သေဆုံးသူတွေရဲ့ဝိညာဉ်ကို ခေါ်ဆောင်သူတွေဖြစ်တယ်. . . ဒါကတော့ တချို့ အိန်ဂျယ်တွေရဲ့ တာဝန်တွေကို ပြောတာနော်"

"မထားအိသိမ့်က ဒီလိုဆိုရင် ခရစ်ယာန်ဘာသာဝင်ပေါ့ နော်"

"ကျွန်မဟာ ဘယ်ဘာသာဝင်ဆိုတာ ကျွန်မကိုယ်ကျွန်မ လည်း မသိဘူး. . . ကျွန်မသိတာက ကျွန်မတာဝန်ကိုပဲ"

"ဒါပေမယ့် ကောင်းကင်ဘုံကိုတော့ မထားအိသိမ့် ယုံကြည်တယ် မဟုတ်လား"

"ဟော ကြည့်. . . ရှင်နဲ့ကျွန်မ မလိုအပ်ဘဲ စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပြောမိနေပြီ. . . လမ်းလျှောက်တာလည်း အတော်လေးကြာသွားပြီ. . . ပြန်ကြရအောင်နော်"

"ခဏလေး မထားအိသိမ် . . မထားအိသိမ့်ရဲ့တာဝန်ကိုတော့ ကျွန်တော့်ကိုသိခွင့်ပေးပါ. . နောက်မို့ဆို အဲဒီအကြောင်းတွေစဉ်းစားပြီး အိပ်မပျော်ဖြစ်နေလို့ပါ . ."

မျက်လုံးအစုံသည် ပြူးယောင်ယောင် ဖြစ်သွား၏။

"ကျွန်မတာဝန်က ရှင့်အသက်ကိုကယ်တင်ဖို့ တာဝန်ပဲ"

ထူးဆန်းလှချေတကား။ သူမ၏စကားကို ကြားလိုက်ရသော ခဏ၌ ကျွန်တော်မှင်သက်မိသလို ဖြစ်သွား၏။

"ကျွန်တော့်အသက်ကို ကယ်တင်ဖို့ ဟုတ်လား . . ."

"ရက်သတ္တပတ်အတွင်း ဟောဒီအဝေးပြေးလမ်းမကြီးပေါ်မှာ ယာဉ်တိုက်မှုတစ်ခုဖြစ်လိမ့်မယ်. . . အဲဒီမှာ ရှင်ပါသွားမှာစိုးလို့ ကျွန်မတားနေတာ. . . ဒီမှာ တစ်ပတ်တိတိနေဖို့ ပြောနေတာ"

"ကျွန်တော် နားမရှင်းလို့ မေးပါရစေဦး. . . အဲဒီယာဉ်တိုက်မှုမှာ လူဘယ်နှယောက်သေမှာမို့လို့လဲ"

"တစ်ယောက်တည်းပဲ . . . အဲဒီတစ်ယောက်ဟာလည်း ရှင်ပဲ"

"ဗျာ"

သူမသည် သူမကိုကိုင်ထားသည့် ကျွန်တော့်လက်တွေမှ မသိမသာ ရုန်းထွက်သည်။ ပြီးတော့ မြက်နုံတံပင်တွေကြားထဲ ရှေ့မှ စကင်လျှောက်ကာ အိမ်မကြီးဆီသို့သွားသည်။

ကျွန်တော်ကတော့ အံ့အားသင့်လွန်းသဖြင့် ကြောက်နေမိသည်။ အားလုံးသည် မယုံကြည်နိုင်စရာချည်းတွေပဲ ဖြစ်သည်။

သည်အဖြစ်အပျက်တွေသည် အမှန်တကယ်မှ ဟုတ်ပါ၏လော။ ကျွန်တော်အိပ်မက်မက်နေတာများလား။ ယောင်၍ ခေါင်းကို





စမ်းမိသည့်အခါ ကျွန်တော်ခေါင်းမှဒဏ်ရာက အမှန်တကယ်ပဲရှိနေသည်။ ထားအိသိမ့်သည် ကျွန်တော့်ရှေ့ ခပ်လှမ်းလှမ်းသို့ရောက်နေလေပြီ။

လက်နှစ်ဖက်ကို ဘေးသို့ကားပြီး မြက်နုံတံပင်တွေကြားမှ လွတ်လပ်စွာလျှောက်နေသည့် သူ့သဏ္ဌာန်သည် တင့်တယ်နေ၏။ ဇာဝတ်ရုံအဖြူသည် နောက်ဘက်သို့ လေနှင့်အတူ လွင့်မျောနေသည်။

သူမ၏အသွင်သဏ္ဌာန်ကိုမြင်ရသည်မှာ ကျွန်တော်တို့ ကြားဖူးနားဝရှိခဲ့သော နတ်မိမယ်ပါဝင်သည့် ဒဏ္ဍာရီပုံပြင်တွေထဲမှ နတ်သမီးတစ်ပါးနှင့်ဖြစ်နေသည်။

နက်မှောင်သန်စွမ်းသော ဆံကေသာဖွေသည် အနောက်ဘက်၌ လေနှင့်အတူလွင့်လျက်။ ကျွန်တော့်စိတ်ကို မထိန်းချုပ်နိုင်လိုက်တော့ဘဲ သူမနောက်သို့ ပြေးလိုက်သွားမိသည်။

"မထားအိသိမ့်"

သူမသည် ကျွန်တော့်ခေါ်သံကြောင့် ရုတ်တရက်ရပ်သည်။ လတ်ဆတ်သော နံနက်ခင်းနေခြည်နုထွေးသည် သူမ၏တစ်ကိုယ်လုံးပေါ်သို့ တင့်တယ်စွာဖြာကျနေသည်။ သူမ၏အနီးသို့ ကျွန်တော်ရောက်သွားသည်။

"မထားအိသိမ့်"

"ရှင်"

ကျွန်တော်တွင် ဆင်ခြင်တုံတရားတွေ ကင်းလွတ်သွားလေတော့သည်။ သူမကို ရုတ်တရက် ကျွန်တော်သိုင်းဖက်လိုက်မိသည်။ သူမ၏ခန္ဓာကိုယ်လေးသည် ကျွန်တော့်ရင်ခွင်ထဲမှာ တဆတ်ဆတ်တုန်နေသည်။ သူမ ရင်တွေခုန်နေပါသလား။

ကျွန်တော်ကတော့ ရင်ခုန်ရုံတင်မကတော့ဘဲ၊ ရင်ဘတ်ကြီးတစ်ခုလုံး ပေါက်ထွက်တော့မည်ထင်ပါသည်။ ကျွန်တော်နှုတ်မှ



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတချို့သည် ရေကာတာ ကျိုးရာမှထွက်ကျလာသောရေတွေကဲ့သို့ အရှိန်အဟုန်ပြင်းပြင်းဖြင့် ထွက်ကျလာသည်။

" ကျွန်တော် မထားအိသိမ့်ကိုချစ်နေမိပြီ မထားအိသိမ့် . . . မထားအိသိမ့်ရယ် သိပ်ချစ်တာပဲဗျာ"

"အို"

သူမသည် ရှက်ရွံ့စွာဖြင့် ခေါင်းငုံ့ထားသည်။ ကျွန်တော်လည်း အတင့်ရဲလာပြီး သူမ၏မေးဖျားလေးကို လက်ဖြင့်ပင့်မလိုက်ရာ မျက်နှာလှလှလေးက မော့လာသည်။

ကျွန်တော်တို့နှစ်ယောက်အနက် ပထမဦးစွာ သတိဝင်လာသူမှာ ထားအိသိမ့်ပင်ဖြစ်၏။ သူမသည် ကျွန်တော့်ရင်ဘတ်ကို လက်နှင့် အသာတွန်းရင်း ရင်ခွင်ထဲမှ ရုန်းထွက်သည်။

"ဟင့်အင်း . . . ဖေဖေတွေ့သွားရင် မကောင်းဘူး"

"ဆောရီး မထားအိသိမ့် . . . ကျွန်တော် မထားအိသိမ့်ကို သိပ်ချစ်လွန်းလို့ ဒီလိုဖြစ်သွားမိတာပါ"

သူမသည် ကျွန်တော့်ကိုချန်ထားခဲ့ပြီး အိမ်ကြီးဆီသို့ ပြေးသွားသည်။ သူမ၏သဏ္ဍာန်သည် လေနှင့်အတူလွင့်သွားသကဲ့သို့ ဖြစ်သည်။ ကျွန်တော်ခေါင်းငိုက်စိုက်နှင့် ခပ်ဖြည်းဖြည်းလမ်းလျှောက်သည်။

ကျွန်တော် မှားသွားလေပြီ။ စိတ်အလိုကို မထိန်းလိုက်နိုင်ဘဲ မထားအိသိမ့်ကို ပွေ့ဖက်ခဲ့သည်။ နမ်းရှုံ့ခဲ့သည်။ ပြီးတော့ ချစ်စကားပြောမိခဲ့သည်။ သူမ ကျွန်တော့်ကို လူရမ်းကားတစ်ယောက်ဟု ထင်သွားမည်လား မပြောတတ်။

သူမနှင့်ကျွန်တော် စသိကြတာဖြင့် ဘာမှမကြာသေး။ ကျွန်တော်၏အပြုအမူကြောင့် သူမစိတ်အနှောင့်အယှက်ဖြစ်သွားသလားတော့မသိပါ။ မိန်းမတစ်ယောက်ကို ထိုမျှအချိန်တိုတိုကလေး





အတွင်းမှာ ချစ်မိသွားနိုင်ပါသလားဟု ကျွန်တော့်ကိုယ်ကျွန်တော်ပြန်မေးခွန်းထုတ်မိသည်။

သေချာတာတစ်ခုကတော့ သူမကိုချစ်မိသော အချစ်သည် ထုထည်ကြီးမားလွန်းသည်ဆိုတာပဲဖြစ်ပါသည်။ နင့်သီးမြတ်နိုးစွာ ကျွန်တော်သူမကို ချစ်မိနေလေပြီ။ ထိုအချက်သည် အံ့ဩစရာကောင်းလှပါသည်။

ကျွန်တော် တက္ကသိုလ်တက်စဉ်က မိန်းကလေး တစ်ယောက်နှင့် ရည်းစားဖြစ်ခဲ့ဖူးပါသည်။ ခပ်လွယ်လွယ်ပင်တွေ့ပြီး ခပ်လွယ်လွယ်ပင် ကွဲခဲ့ကြ၏။ ထိုအတွက်လည်း ထူးထူးခြားခြား မခံစားခဲ့ရပါ။

မိန်းမတစ်ယောက်ကို ဘာမှမသိရဘဲ ချစ်ခဲ့မိခြင်းသည် ဘာကြောင့်ပါနည်း။ ထားအိသိမ့်သည် မည်သို့သောမိန်းကလေးမျိုး ဖြစ်ပါသနည်း။ သူမသည် လျှို့ဝှက်ဆန်းကြယ်သော မိန်းကလေးတစ်ဦးဖြစ်သလို၊ သူမ ဘာဆိုသည်ကိုလည်း ယခုအချိန်ထိတိတိကျကျ မသိရ။ သူမသည် အိန္ဒိယဟုခေါ်သည့် နတ်မိမယ်တစ်ဦး ကေန်ဖြစ်ပါသလော။ ယခုလောလောဆယ်တော့ ကျွန်တော်ဘာကိုမှ တိတိကျကျ မပြောနိုင်သေးပါ။ သူမသည် ကျွန်တော့်အတွက် ပဟေဠိပင်ဖြစ်၏။

ယခုတော့ဖြင့် ပဟေဠိကို ကျွန်တော်မြတ်နိုးစွာဖြင့် ချစ်မိသွားလေပြီ။ ခဏအကြာတွင် အိမ်ကြီးဆီသို့ ကျွန်တော်ပြန်ရောက်သွားသည်။ ဦးမင်းဝေလည်း အပြင်ထွက်သွားရာမှ ပြန်ရောက်နေသည်။ သို့သော် ထားအိသိမ့်ကိုတော့ ကျွန်တော်အရိပ်အယောင်ပင် မတွေ့ရတော့ပါ။

"အန်ကယ် . . . ဈေးဘယ်မှာ ဝယ်သလဲဟင်"

"ဒီကနေ ငါးမိုင်လောက်ဝေးတဲ့နေရာမှာ ဈေးသေးသေးလေး တစ်ခုရှိတယ် . . . တို့တော့ အဲဒီဈေးလေးပဲ အားပြုနေရတာပဲ . . . ဘာပဲဖြစ်ဖြစ်ကိုယ်လိုချင်တာလေးတွေလည်း ပြည့်ပြည့်စုံစုံတော့



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်”

“ဘတ္တရီဆိုင်ရော. . . အဲဒီမှာရှိနိုင်လား ဟင်”

အဘိုးကြီးသည် ကျွန်တော့်ရှေ့သို့ လျှောက်လာသည်။ သူ့မျက်လုံးသည် နူးညံ့သိမ်မွေ့နေလေ၏။

“တစ်ပတ်မပြည့်မချင်းတော့ သမီးပြောသလိုပဲ မင်းဒီမှာနေလိုက်ပါ မောင်အိမ်စိုး . . . အေး တစ်ပတ်ပြည့်တဲ့နေ့မှာ မင်းဆန္ဒအတိုင်း ဖြစ်ရပါစေ့မယ်လို့ ကျုပ်ကတိပေးပါတယ်”

“မဟုတ်သေးဘူး အန်ကယ်. . . ကျွန်တော့်အလုပ်ကိစ္စ . . နောက်ပြီး . . .”

အဘိုးကြီးသည် ခေါင်းကို ဖြည်းလေးစွာခါရမ်းပြီး ကျွန်တော့်အနားက ပြန်ထွက်သွားသည်။ ကျွန်တော်လည်း သက်ပြင်းတစ်ချက်ကိုသာ လေးတွဲစွာချရင်း ကျွန်တော့်အခန်းထဲဝင်ခဲ့သည်။

(၄)

**တိတ်**ဆိတ်နေသော ညဥ့်ယံ၌ ရှိုက်သံတစ်သံကို ကျွန်တော် ပီပီသသကြားလိုက်ရသည်။ အသံလာရာကို ကျွန်တော်စူးစမ်းလိုက်သောအခါ အပေါ်ထပ်မှ ဖြစ်ကြောင်းသိရသည်။ ထားအိသိမ့် ငိုရှိုက်နေပါသလား။ အဘယ်ကြောင့် ထိုသို့ငိုရှိုက်နေလေသနည်း။ အိန်ဂျယ်တို့သည် ကျွန်တော်တို့လူသားတွေလိုပဲ ငိုရှိုက်လေ့ရှိပါသလား။ ငိုရှိုက်သံနှင့်အတူ စကားသံခပ်တိုးတိုးကိုကြားလိုက်ရသည်။ ဦးမင်းဝေ၏ အသံပင် ဖြစ်ပါလိမ့်မည်။

အပေါ်ထပ်သို့ တက်၍စူးစမ်းချင်သော်လည်း ဦးမင်းဝေသိသွားလျှင် မကောင်းပါ။ ကျွန်တော်ကလည်း ညဦးက သောက်ထားသည့် ကော်ဖီအရှိန်နှင့် မျက်စိကြောင်နေသည်။ ထို့ကြောင့် အိပ်ရာပေါ်တွင်လှဲရင်း ပြတင်းမှတစ်ဆင့်မြင်နေရသည့် ကောင်းကင်ကြီးကို ကြည့်နေမိသည်။ ယနေ့ညတော့ ကောင်းကင်မှာ လသာနေ၏။

ယနေ့ဆိုလျှင် ကျွန်တော် သည်နေရာသို့ရောက်နေသည်မှာ ရက်သတ္တတစ်ပတ်မျှရှိလေပြီ။ တိတိကျကျပြောရလျှင် ခြောက်ညရှိခဲ့ပြီ ဖြစ်ပါသည်။ မနက်ဖြန်ဆိုလျှင် ထားအိသိမ့်ပြောထားသည့် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ကို နေစေချင့်သည့် ခုနစ်ရက်ပြည့်လေပြီ။ သည်ကြားထဲတော့ ကျွန်တော်သူမတို့သားအဖမသိအောင် အပေးပြေးလမ်းမကြီးဆီသို့ခိုး၍သွားလိုက်မိသည်။ အကယ်၍များ တစ်စုံတစ်ယောက်က ကျွန်တော့်ကို ကူညီနိုင်ခဲ့လျှင် ကျွန်တော်ရန်ကုန်ကိုပြန်နိုင်ဖို့ပင်ဖြစ်သည်။ သို့သော် ကျွန်တော်မည်သူတစ်ဦးတစ်ယောက်ဆီကမှ အကူအညီမရခဲ့။

ကားအချို့ကို ကျွန်တော်လက်ပြတားခဲ့သော်လည်း သူတို့ရပ်မပေးကြ။ လမ်း၌ဖြတ်သွားဖြတ်လာတချို့ကို မေးကြည့်သော်လည်း ဤအနီးအနားတစ်ဝိုက်၌ မက်ကင်းနစ်တစ်ယောက်မှမရှိကြောင်းသိ ရသဖြင့် စိတ်ဓာတ်ကျလာသည်။ ကျွန်တော်အိမ်ပြန်ရောက်တော့ ကျွန်တော်ထိုသို့ခိုး၍ထွက်သွားခြင်းကို ထားအိသိမ့်တို့သိသွားသည်။

"ကိုအိမ်စိုး"

"ဗျာ"

"ဒီလောက်တောင်မှ ဒီနေရာကသွားချင်နေပြီလားဟင်"

သူမ၏မျက်ဝန်း၌ မျက်ရည်ကြည်ကလေးတွေရှိနေသည်။

"မထားအိသိမ့်"

သူမပြန်မဖြေပါ။

"ကျွန်တော်မထားအိသိမ့်ကို သိပ်ချစ်တယ်. . . ကျွန်တော်မထားအိသိမ့်ကို ခွဲပြီးမသွားရက်ဘူး. . . ကျွန်တော်ဒီကသွားရင် မထားအိသိမ့်တို့ ကျွန်တော်နဲ့အတူ ရန်ကုန်ကိုလိုက်ခဲ့ပါလားဟင်. . . ဟိုရောက်ရင် ကျွန်တော့်မိဘတွေကိုဖွင့်ပြောပြီး မထားအိသိမ့်ကို ကျွန်တော်လက်ထပ်ချင်ပါတယ်"

"အို"

သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်ဥကလေး တစ်ဥကြွေကျလာ၏။

"ကိုအိမ်စိုး"



"ဗျာ"

"ကျွန်မဘာလဲဆိုတာ ကိုအိမ်စိုးသိလားဟင်"

"မသိဘူး"

"ကျွန်မဟာ အိန်ဂျယ်တစ်ယောက်ပါ"

သူမ၏နှုတ်မှ ထိုသို့တိတိကျကျကြားလိုက်ရသောအခါ ကျွန်တော်အလွန်ပဲ အံ့သြသွားမိသည်။

"မဖြစ်နိုင်ဘူး မထားအိသိမ့်"

"ကာယကံရှင်တစ်ယောက်လုံးက ဝန်ခံနေပြီပဲ. . . ရှင်က ဘာမဖြစ်နိုင်နေရတာလဲ"

"အိန်ဂျယ်ဆိုတာ ပုံပြင်တွေ၊ ဒဏ္ဍာရီတွေထဲမှာသာရှိတာပါ"

သူမခပ်တိုးတိုးရယ်ပါသည်။

"အိန်ဂျယ်ဟာ အပြင်လောကကြီးမှာလည်း တကယ်ရှိနေပါတယ် ကိုအိမ်စိုး. . . ဒီလောကကြီးမှာ ကျွန်မတို့မသိသေးတာတွေ အများကြီးပါ. . . အဲဒီတော့ ကိုအိမ်စိုး ကျွန်မကိုချစ်တာကို ကျွန်မအသိအမှတ်ပြုပါတယ်. . . ဒါပေမဲ့ ကျွန်မရှင့်ကို ပြန်ချစ်ဖို့ မဖြစ်နိုင်ပါဘူး"

"ဟာ. . . ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ. . . မထားအိသိမ့်မှာလည်း ကျွန်တော့်လိုပဲ နှလုံးသားရှိနေတာပဲ. . . မထားအိသိမ့် ကျွန်တော့်ကို ပြန်ချစ်ကိုချစ်ရမယ်. . . လုပ်ပါ ထားရယ်. . . ကျွန်တော် ရန်ကုန်ကိုပြန်ရင် ထားတို့ကိုတစ်ခါတည်း ခေါ်သွားပါရစေ"

ကျွန်တော် သူမကို ထားဟုခေါ်မိသွားသည်။ သူမ၏မျက်နှာလှလှလေးပေါ်၌ အပြုံးစလေးတစ်စပေါ်လာသည်။

"အိန်ဂျယ်မှာ နှလုံးသားတော့ရှိတယ်. . . ဒါပေမဲ့ အဲဒီနှလုံးသားဟာ ချစ်ခြင်းကိုတော့ ခွင့်မပြုဘူး"

"အဲဒါကို ဘယ်သူကတားမြစ်ထားသလဲ ထား. . . ပြောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထားဟာ အိန်ဂျယ်တစ်ယောက်ဆိုတာ ကျွန်တော်လုံးဝလက်မခံဘူး . . . ထားဟာ ကျွန်တော်တို့လိုပဲ လူသားစစ်စစ်ပဲ. . . ကျွန်တော့်ကို လိမ်မနေပါနဲ့တော့ ထားရယ်"

"ကျွန်မ မလိမ်ဘူး ကိုအိမ်စိုး. . . ရှင့်ကိုသာ မဟုတ်ဘူး. . . ဘယ်သူ့ကိုမှ ကျွန်မ မလိမ်ခဲ့ဘူး. . . ရှင်လက်ခံလိုက်ပါ. . . ကျွန်မဟာ အိန်ဂျယ်အစစ်ပါပဲ"

ကျွန်တော်သူမ၏လက်ကို လှမ်းကိုင်လိုက်သောအခါ ချောင်းသံတစ်ချက်ပြု၍ဝင်လာသော ဦးမင်းဝေကိုတွေ့လိုက်ရသည်။ ထို့ကြောင့် ကျွန်တော်သူမ၏လက်ကို ချက်ချင်းပြန်လွှတ်လိုက်ရသည်။

"သမီး. . . နေ့လယ်စာစားဖို့ အချိန်ရောက်ပြီလေ"

"ဟုတ်ကဲ့ ဖေဖေ"

သူမသည် ဖြည်းလေးစွာပင် မီးဖိုဆောင်ထဲဝင်သွား၏။ ဦးမင်းဝေသည် ကျွန်တော့်ဘေးမှာလာထိုင်၏။

"အန်ကယ်. . . ကျွန်တော့်မေးခွန်းတစ်ခုကို ဖြေပေးပါ အန်ကယ်. . . ကျွန်တော့်အတွက် အရမ်းအရေးကြီးလို့ပါ"

အဘိုးကြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"အန်ကယ့်သမီး. . . ထားအိသိမ့်ဟာ အိန်ဂျယ်တစ်ယောက်ဆိုတာ ဟုတ်ပါသလားဟင်"

"သမီးစကားနဲ့ ပြန်ဖြေရင် မင်းမသိသေးတဲ့ကိစ္စတွေ လောကကြီးမှာ အများကြီးပါ. . . ဒီလောက်ဆိုရင် မင်းသိချင်တာအတွက် လုံလောက်ပြီထင်ပါတယ်"

ကျွန်တော်ခေါင်းငိုက်စိုက်ကျသွားမိသည်။ မနက်ဖြန်ဆိုလျှင် ထားအိသိမ့်တို့သားအဖ ကျွန်တော့်ကိုဘယ်လိုပဲတားတား ကျွန်တော် ဤနေရာမှ ခွာရပေတော့မည်။ ယခုအတိုင်းဆိုလျှင် ထားအိသိမ့်သည် ကျွန်တော့်နောက်သို့ မည်သည့်နည်းနှင့်မျှ လိုက်မည့်ပုံမပေါ်။ ကျွန်တော်ကရော တကယ်ပဲ သူမတို့ကိုခွဲခွာသွားနိုင်လို့လား။

ရန်ကုန်ကိုလည်း မပြန်၍မရ။ ဟိုမှာဖေဖေတစ်ယောက်တည်း ပြဿနာမျိုးစုံကိုရင်ဆိုင်နေရပေလိမ့်မည်။ ထို့အပြင် ကျွန်တော် ရန်ကုန်သို့ရောက်မလာသဖြင့် ဖေဖေနှင့်မေမေ မည်မျှစိတ်ပူနေလေမည်နည်း။

ညနေကတော့ ဦးမင်းဝေဘက္ထရီအိုးတစ်အိုးနှင့် ပြန်ရောက်လာသည်။ လိုရမယ်ရပလပ်ခေါင်းတွေကိုလည်း မှာလိုက်သဖြင့် သူရှာကြံယူလာသည်။ ထို့ကြောင့် ကျွန်တော်ကားစက်ခေါင်းဖွင့်ကာ ပလပ်အချို့ကိုလဲခြင်း၊ ဘက္ထရီအိုးကိုလဲခြင်းတို့ ပြုရသည်။ ပြီးတော့ စက်နှိုးကြည့်သည့်အခါ စက်ကချက်ချင်းပင်နိုးသည်။ မော်တော်ကား စက်နိုးသွားသောအခါ ထားအိသိမ့်၏မျက်နှာသည် မကောင်း။ သူမနည်းတူပင် ဦးမင်းဝေလည်း မသိမသာမျက်နှာပျက်လျက်ရှိ၏။

ကျွန်တော်ရန်ကုန်သို့ ပြန်ရန်အဆင်သင့်ဖြစ်နေလေပြီ။ ဦးခေါင်းကဒဏ်ရာလည်း ပျောက်ကင်းသလောက်ရှိနေလေပြီ။ အဖျားလည်း လုံးဝပျောက်သွားလေပြီ။ ယခုပင်လျှင် ရန်ကုန်သို့ပြန်လျှင်ဖြစ်နိုင်သော်လည်း ကျွန်တော်ကိုယ်၌က ဤနေရာလေးကို မခွဲချင်ဖြစ်နေသဖြင့် မနက်ဖြန်နံနက်စောစောမှသာ ပြန်တော့မည်ဟုစိတ်ကူးလိုက်သည်။

ကျွန်တော်တို့သုံးယောက်ညစာစားကြသောအခါ ထမင်းဝိုင်းသည် ခြောက်ခြောက်ကပ်ကပ်ဖြစ်နေ၏။ ထားကတော့ထူးထူးခြားခြားပင် ထမင်းဝင်စားသည်။ ခါတိုင်းနေ့တွေတုန်းက ပေါင်မုန့်၊ ကိတ်မုန့် အစရှိသည့်မုန့်တို့နှင့် ပျားရည်ကိုသာသောက်သုံးခဲ့၊ စားသုံးခဲ့သော်လည်း ယနေ့ညမှာတော့ သူမသည် ထမင်းဝင်စားနေ၏။

"မနက်ခပ်စောစောကို ကျွန်တော်ရန်ကုန်ကိုပြန်တော့မယ် . . . ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကိုဒီမှာပြုစုစောင့်ရှောက်ခဲ့တာအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကျေးဇူးအရမ်းတင်ပါတယ်. . . ကျွန်တော် အန်ကယ်တို့သားအဖကို တစ်သက်လုံးသတိရနေမှာပါ. . . နောက်ပြီး သိပ်မကြာခင်အချိန်ကာလတစ်ခုမှာ ကျွန်တော်ဒီကိုလာခဲ့ပါဦးမယ်"

ဦးမင်းဝေတ်မှ သက်ပြင်းချသံကြားရသည်။ ထားသည် ခေါင်းငုံ့ကာ ထမင်းကိုစားနေသည်။

"မင်း. . . အဲဒီလို ဒီကိုပြန်လာတဲ့အချိန်မှာ အန်ကယ်တို့ ဒီမှာရှိကြတော့မှာမဟုတ်ပါဘူး"

"ဗျာ"

ကျွန်တော်အလွန်ပင် အံ့ဩသွားလေသည်။

"အဲဒီတော့ ဒီနေရာကိုလည်း ထပ်မလာပါနဲ့တော့. . . ပြီးတော့ အန်ကယ်တို့သားအဖအကြောင်းကိုလည်း မင်းမေ့လိုက်ပါ. . . မင်းရဲ့ဘဝခရီးမှာ တို့သားအဖဟာ လမ်းမှာတွေ့ခဲ့တဲ့သစ်ပင်နှစ်ပင်လိုပါပဲ. . . အဲဒီနေရာကိုကျော်တာနဲ့ အဲဒီသစ်ပင်နှစ်ပင်ဟာ နောက်မှာကျန်ခဲ့မှာပါ. . . တွေ့ကြုံဆုံကွဲဖြစ်မြဲမမှတာဆိုတဲ့စကားရှိတယ်မဟုတ်လား. . . ဘာပဲဖြစ်ဖြစ်လေ. . . မင်းရဲ့ဘဝခရီးမှာ အန်ကယ်တို့သားအဖဟာ လမ်းမှာတွေ့ခဲ့တဲ့သစ်ပင်နှစ်ပင်ပါ"

သိချင်စိတ်ဖြင့် ကျွန်တော်ဖြတ်၍မေးလိုက်မိသည်။

"အန်ကယ်တို့နှစ်ယောက် ဒီနေရာမှာမရှိတော့ဘူးဆိုတော့ ဘယ်ကိုသွားကြမှာမို့လို့လဲဟင်"

"တစ်နေရာရာကိုပေါ့ သားရယ်"

စကားစပြတ်သွားကြပြန်သည်။ ညစာထမင်းစားပြီးသောအခါ ထားကကျွန်တော့်အတွက် ကော်ဖီတစ်ခွက်ယူလာပေးသည်။ ဦးမင်းဝေကတော့ အပေါ်ထပ်သို့တက်သွားနှင့်လေပြီ။ ကျွန်တော် ထား၏လက်ကလေးကို ဖမ်းဆုပ်လိုက်သည်။

"ထား"





ဝိုးတဝါးမီးရောင်အောက်မှာ မြင်နေရသောမျက်နှာလေးသည် တင့်တယ်နေ၏။ သူမကကျွန်တော့်ကို မျက်လွှာပင့်ကြည့်သည်။ မျက်ဝန်းသည် ရီရီဝေဝေလေးဖြစ်နေ၏။

"ကျွန်တော့်ကို နည်းနည်းလေးမှ ပြန်မချစ်နိုင်ဘူးလားဟင်"

သူမ ပြန်မဖြေပါ။ ကျွန်တော်လည်း မချင့်မရဲဖြစ်လာပြီး သူမ ၏ကိုယ်ကို သိုင်းဖက်လိုက်သည်။

"ထားဟာ ဘာလဲဆိုတာ ကျွန်တော်မသိဘူး. . . အိန္ဒြဂျယ်ပဲဖြစ်ဖြစ်. . . လူပဲဖြစ်ဖြစ် ကျွန်တော်ထားကိုသိပ်ချစ်တယ်. . . တကယ်ပါ ထားရယ်"

သူမသည် ကျွန်တော့်ရင်ခွင်ထဲမှာ ငြိမ်နေသည်။ သို့သော် သူမ၏နှလုံးသားလှုပ်ရှားနေသည်ကိုတော့ ရင်ချင်းအပ်ထားသဖြင့် ကျွန်တော်သိနေ၏။ သန်စွမ်းသော်လည်း နူးညံ့သောဆံကေသာတွေကို ကျွန်တော်လက်ဖြင့်ပွတ်သပ်ပေးမိသည်။

"ထား. . . ကျွန်တော့်ကို ပြန်မချစ်ဘူးလားဟင်. . . မနက်ဖြန်ဆိုရင် ကျွန်တော်ရန်ကုန်ကိုသွားတော့မှာ"

ကျွန်တော့်အသံသည် တိမ်ကျသွားသည်။ ကျွန်တော့်မျက်လုံး၌ မျက်ရည်တွေပြည့်လာသည်။ ကျွန်တော့်နှလုံးသားမှ အချစ်သည် ရှင်သန်ကြီးထွားခွင့်မရနိုင်တော့ပြီ။ အချစ်ကြီးချစ်မိပြီးနောက် အလွမ်း ကြီးလွမ်းရပေတော့မည်။ တွေ့ဆုံခဲ့ရသော ရက်တွေသည် တစ်ပတ်မျှသာဖြစ်သော်လည်း သူမကိုနှင့်သီးစွာချစ်မိလေပြီ။ ထိုအချစ်သည် ကျွန်တော့်ကိုယ်ကျွန်တော် ချစ်သောအချစ်ထက်ပိုပါသည်။

"ထား. . . တကယ်လို့ ထားကသာ ကျွန်တော့်ကိုချစ်တယ်ဆိုရင်. . . မနက်ဖြန်ကို ကျွန်တော်ရန်ကုန်ကိုမပြန်တော့ဘူး. . . ထားအနားမှာပဲ တစ်သက်လုံးနေသွားချင်တယ်"



www.burmeseclassic.com

"အို"

သူမသည် ကျွန်တော့်စကားကြောင့် တုန်လှုပ်သွားသည်ထင်ပါသည်။ ခန္ဓာကိုယ်သည် ဆတ်ခနဲဖြစ်သွားသည်။ သူမကျွန်တော့်ကို မော့ကြည့်သော မျက်လုံး၌မျက်ရည်တွေ ပြည့်နေလေသည်။

"ဟင့်အင်း. . . မောင် အဲဒီလိုလုပ်လို့မရဘူး. . . မောင် ရန်ကုန်ကိုသွားဖြစ်အောင်သွားပါ. . . ထားထက်စာရင် ကုမ္ပဏီက အရေး ကြီးပါတယ်"

ကျွန်တော့်ရင်ထဲ လှိုက်သွားမိသည်။ ထားက ကျွန်တော့်ကို မောင်ဟုခေါ်သောကြောင့်ပင်ဖြစ်၏။ ထား၏ပါးပြင်ပေါ်သို့ လိမ့်ကျလာသော မျက်ရည်ဥလေးတွေကို ကျွန်တော်တယုတယသုတ်ပေးလိုက်မိသည်။

"မောင်"

"ဟင်. . . ဘာလဲ ထား. . . ဘာပြောချင်လို့လဲ"

"ထားလည်းလေ. . . မောင့်ကို သိပ်ချစ်ပါတယ်. . . ထားစိတ်ကို အတတ်နိုင်ဆုံးထိန်းထားပေမယ့် ဘယ်လိုမှထိန်းမရဘူး. . . မောင့်ကိုလေ. . . မောင် ထားကိုချစ်တဲ့အချစ်ထက် မလျော့တဲ့အချစ်နဲ့ ချစ်ပါတယ်"

"ထားရယ်. . . မောင် ဝမ်းသာလိုက်တာ"

ကျွန်တော်ဝမ်းသာကြည်နူးစွာဖြင့် ထား၏နဖူးပြင်ဝင်းဝင်းလေးကို ငုံ့နမ်းလိုက်သည်။

"နေဦး မောင်. . . ထားစကားမဆုံးသေးဘူး. . . ထားတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ချစ်ကြပေမယ့် မဖြစ်နိုင်တဲ့ဘဝမျိုးပါ မောင်. . . ပေါင်းစပ်လို့မရနိုင်တဲ့ ဘဝနှစ်ခုပါ"

"ဟာ ဘာလို့ပေါင်းစပ်လို့ မရနိုင်ရမှာလဲ. . . ပေါင်းစပ်လို့ရတယ်"





"မဟုတ်ဘူး မောင်. . . ပေါင်းစပ်လို့ ဘယ်လိုမှမရဘူး. . . ဘာဖြစ်လို့လဲဆိုတော့ မောင်ကလူသား. . . ထားက အိန်ဂျယ်"

"လုံးဝမဟုတ်ဘူး ထား. . . မောင် လုံးဝမယုံဘူး. . . ထားဟာ မောင့်လိုပဲ လူပဲ. . . ထားမှာ မောင့်လိုပဲ အသွေးရှိတယ် အသားရှိတယ်. . . ခန္ဓာကိုယ်ရှိတယ်. . . နောက်ပြီး မောင့်လိုပဲချစ်တတ်တဲ့ အသည်းနှလုံးရှိတယ်"

ကျွန်တော့်အသံနည်းနည်းကျယ်သွားသဖြင့် ကျွန်တော့်နှုတ်ခမ်းကို သူမ၏လက်ကလေးနှင့် လှမ်းပိတ်သည်။

"မောင်. . . ထားပြောတာကို သေသေချာချာနားထောင်ပါ . . . ထားနဲ့ မောင်နဲ့ဘဝဟာ ဘယ်လိုမှမဖြစ်နိုင်တဲ့ဘဝပါ. . . အဲဒီတော့ မနက်ဖြန်မနက်စောစောမှာ မောင်ရန်ကုန်ကိုပြန်ပါ. . . ဟိုရောက်တာနဲ့ထားကို မေ့လိုက်ပါ. . . လူဟာ လူ့ဘဝမှာပဲနေပါ မောင်ရယ်. . . အိန်ဂျယ်ရဲ့ဘဝထဲ မဝင်ချင်ပါနဲ့"

"ဒါဆိုရင် ထားကရော. . . ဘာဆက်လုပ်မှာလဲ"

"ထားမှာ ဟာဝန်တွေရှိသေးတယ်. . . အဲဒီတာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ရဦးမယ်. . . ကဲ. . မောင် သွားအိပ်တော့နော်. . . မနက်ကိုစောစောထရမှာဆိုတော့ အိပ်ရေးဝနေဖို့လိုတယ်"

သူမသည် ကျွန်တော့်ရင်ခွင်ထဲမှ တိုးထွက်ရင်း အသံခပ်တိုးတိုးဖြင့်ပြော၏။ ကျွန်တော်အားအင်ဆုတ်ယုတ်သွားသလို ခံစားရလေသည်။ ထားသည် စားပွဲပေါ်မှာတင်ထားသော မှန်အိမ်ကိုလှမ်းယူပြီး ကျွန်တော့်ဆီပြန်လျှောက်လာသည်။ ဇာဝတ်ရုံအောက်မှ မိန်းမပီသသောခန္ဓာကိုယ်အလှသည် ကောက်ကြောင်းထင်နေ၏။ သူမ ကျွန်တော့်ရှေ့သို့ရောက်လာပြီး ကျွန်တော့်မျက်နှာကိုဆွဲနှိမ့်ယူကာ ခြေဖျားထောက်၍ ကျွန်တော့်ကိုနမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအနမ်းသည် နှုတ်ဆက်အနမ်းပင်ဖြစ်ပါလိမ့်မည်။ ကျွန်တော်တုံ့ပြန်၍ မနမ်းလိုက်နိုင်မီမှာပင် သူမကကျွန်တော့်အပါးမှ ခွာသွားသည်။ ကျွန်တော်လည်း အခန်းသို့လျှောက်သည်။ ထားသည် လှေကားရင်းသို့ရောက်နေလေပြီ။ ကျွန်တော်လှည့်အကြည့်၌ ပြုံး၍ နှုတ်ဆက်သည်။

"ဂွတ်နိုက် မောင်"

"ဂွတ်နိုက် ထား"

ထားသည် မှန်အိမ်ကိုလက်မှဆွဲကာ အပေါ်ထပ်သို့ဖြည်းလေးစွာ တက်သွား၏။ ကျွန်တော်လည်း ခုတင်ပေါ်တက်လှဲသည်။ သို့သော်အိပ်မပျော်။ ညဥ့်သည် တဖြည်းဖြည်းနက်လာသည်။ ထိုသို့သောအချိန်မှာပင် အပေါ်ထပ်မှ ရှိုက်သံတစ်သံကြားလိုက်ရခြင်းဖြစ်၏။ ထားငိုကြွေးနေပါသလော။ ခပ်တိုးတိုးယောကျ်ားသံသည် ဦးမင်းဝေက သူ့သမီးကိုနှစ်သိမ့်ပေးသော စကားသံဖြစ်ပါသလော။ ခေါင်းသည် တစစ်စစ်ကိုက်ခဲလာသည်။

ထားသည် အိန္ဒိယတစ်ယောက်အမှန်တကယ်ပင် ဖြစ်ပါသလော။ သို့တည်းမဟုတ်။ ထိုသို့တည်းမဟုတ်၏နောက်ဘက်ကိုဆက်၍ မစဉ်းစားရက်သဖြင့် လမ်းကြောင်းလွှဲ၍စဉ်းစားမိပြန်သည်။ ရန်ကုန်ရောက်လျှင် ကျွန်တော်ဘာဆက်လုပ်ရမည်နည်း။ မိန်းမတစ်ယောက်ကို နင့်သီးစွာချစ်မိခြင်းဖြစ်ပေါ်လာသော အလွမ်းကို ပြင်းပြင်းထန်ထန်ကျွန်တော်ခံစားရပေလိမ့်မည်မှာ သေချာသည်။ ရှုပ်ထွေးများပြားသောလုပ်ငန်းတာဝန်တွေထဲမှာ ကျွန်တော့်စိတ်ကို နှစ်ထားခြင်းဖြင့် အလွမ်းသည်လျော့သွားနိုင်မည်ထင်သည်။

သို့သော်အားလပ်ချိန်ကလေးနည်းနည်းရသည်နှင့် ကျွန်တော် ထားကိုလွမ်းနေပေတော့မည်။ ဤကမ္ဘာပေါ်တွင် ကျွန်တော့်အဖြစ်အပျက်မျိုး တစ်ယောက်မှ ဖြစ်ခဲ့ဖူးလိမ့်မည် မဟုတ်ပါ။





ဤအိမ်ကြီးသို့ စတင်ရောက်ခါစနေ့မှ ယနေ့အထိ အဖြစ်အပျက်တို့သည် ခေါင်းထဲ၌ စီကာရီကာပေါ်လာ၏။

အမျိုးအမည်မခွဲခြားနိုင်သည့်ဘာသာစကားကို ရေရွတ်သည့် မိန်းကလေး။ ပြီးတော့ ဇာဝတ်ရုံဖြူခပ်ပါးပါးကို တစ်ကိုယ်လုံးလွှမ်းခြုံဝတ်ဆင်ထားသည့် မိန်းကလေး။ ဦးခေါင်းနှင့် နဖူးပြင်ရှိ ရွှေကြိုးနှင့် လော့ကတ်သီး။ စိမ်းဖန့်ဖန့်နှင်တံ။ ပျားရည်နှင့် ဂျုံဖြင့်ပြုလုပ်ထားသည့် အချိုမုန့်များ။

ထားအိသိမ့်သည် မည်သို့သောမိန်းကလေးမျိုးဖြစ်လေသည်။ သူမသည် အိန္ဒိယတစ်ယောက်မည်သည့်နည်းနှင့်မျှ မဟုတ်ဟု စဉ်းစားမိပြန်သည်။ ထိုသို့ဆိုလျှင် သူမသည် . . .။ ဆက်၍မစဉ်းစားရက်သဖြင့် အကြောင်းအရာကိုလွှဲ၍စဉ်းစားမိပြန်သည်။ ကျွန်တော့်အတွေးနှင့် စဉ်းစားခန်းသည် မုန့်လုံးစက္ကူကပ်သလိုဖြစ်နေ၏။ မည်သို့ပဲလှည့်ပတ်စဉ်းစားစဉ်းစား ထိုမတွေးရက်သောနေရာသို့ပင် ရောက်ရောက်လာ၏။ ကျွန်တော်တစ်ယောက်တည်း ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်လုပ်ရင်းဖြင့် တစ်အိမ်လုံးတိတ်ဆိတ်ငြိမ်သက်သွားသည်ကို သတိပြုလိုက်မိသည်။

ထို့နောက်မှာတော့ ကျွန်တော်အိပ်ပျော်သွားသည်။ နံနက်ငါးနာရီလောက်မှာတော့ ကျွန်တော်နိုးလာသည်။ အပြင်တွင်မှောင်နေသလို၊ အိမ်ထဲမှာလည်း ပိန်းပိတ်အောင်မှောင်နေ၏။ အိပ်ရာတကျွန်တော်လူးလဲထလိုက်ပြီး အိမ်နောက်ဖေးသို့ထွက်ကာ မျက်နှာသစ်သွားတိုက်ပြုလုပ်သည်။ အိမ်ပေါ်ထပ်ဆီမှာ အလင်းရောင်တွေ့ရသည်။ ထားတို့သားအဖလည်း နိုးနေပြီထင်ပါသည်။

အရှေ့ဘက်အရပ်၌ရှိသော သစ်ပင်၊ ဝါးပင်တွေ၏အရိပ်တွေကို ခပ်ဝါးဝါးတွေ့ရသည်။ နံနက်ခင်း၏ လေပြည်လေညှင်းသည် လတ်ဆတ်နေသည်။ ပြင်ပရှုခင်းတွေကိုကြည့်နေမိတုန်းမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ထားအိသိမ့်က ကျွန်တော့်အနားရောက်လာသည်။ သူမသည် တစ်ညလုံးမအိပ်ဘဲ နေပုံရသည်။ မျက်နှာကလေးသည် သိပ်လန်းလန်းဆန်းဆန်းမရှိ။

"မနက်စာကိုတော့ ဒီမှာပဲစားသွားနော်. . . ကားမောင်းချိန်ပိုရတာပေါ့"

သူမသည် ကျွန်တော့်ဘေးမှာရပ်ပြီး သွားပွတ်တံကလေးနှင့် သွားတိုက်သည်။ ပြီးတော့မျက်နှာသစ်သည်။ သူမအနီးမှာရပ်၍ နေချင်သေးသော်လည်း ကျွန်တော့်မှာအချိန်မရှိတော့ပြီ။ ကျွန်တော်ဧည့်ခန်းထဲရောက်သွားသောအခါ ဦးမင်းဝေလည်းနိုးလာပြီဖြစ်ကြောင်း တွေ့ရသည်။ ခဏလောက်နေသောအခါ ကျွန်တော်တို့သုံးယောက် နံနက်စာစားသည်။

"လမ်းမှာ ကားကိုတော့ သတိနဲ့မောင်းသွားနော် လူကလေး . . . အလင်းရောင်နည်းသေးတော့ ပိုဂရုစိုက်. . . ကြားလား"

"ဟုတ်ကဲ့ အန်ကယ်"

"ကဲ ဟုတ်ပြီ. . . စားပြီးရင် သွားဖို့ပြင်တော့. . . အဝတ်အစားအိတ်ရော ကားပေါ်တင်ပြီးပြီလား"

"ဟုတ်ကဲ့ အန်ကယ်"

စားသောက်ပြီးစီးသွားသော် သူတို့သားအဖနှစ်ယောက်သည် ကျွန်တော့်ကို ကားနားသို့လိုက်ပို့ကြသည်။ ကျွန်တော်ကားပေါ်တက်၍ စက်နှိုးလိုက်သည်။ ထားသည် ကျွန်တော့်ကားနားကပ်လာ၏။

"မောင်"

"ဟင်"

"အလုပ်ကို ကြိုးစားလုပ်နော်. . . စိတ်လေပြီး အရက်တွေသောက်တာမျိုးတော့ မလုပ်နဲ့"

"မောင် ကတိပေးပါတယ်. . . ကဲ မောင်သွားတော့မယ်နော် . . . အန်ကယ် ကျွန်တော်သွားတော့မယ်"

ကျွန်တော်ကားကို ခပ်ဖြည်းဖြည်းမောင်းထွက်သည်။ ဦးမင်းဝေနှင့်ထားသည် ကျွန်တော့်ကိုလက်ပြ၍ နောက်မှာကျန်ရစ်သည်။ ထိုခဏမှာ ထားသည် သူမ၏ဖခင်ရင်ခွင်ထဲသို့တိုးဝင်လိုက်ပြီး ငိုရှိုက်လိုက်သည်ထင်ပါသည်။ ဦးမင်းဝေက ထား၏ပခုံးလေးကို သိုင်းဖက်ထား၏။ ကျွန်တော်စိတ်ထိခိုက်စွာဖြင့် မျက်ရည်တွေဝဲလာသည်။ ကားသည် တဖြည်းဖြည်းအရှိန်မြန်လာ၏။ ထားတို့သားအဖကို နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်နေမိရာ တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ခဲ့သည်။

သည်လိုနှင့်ပင် ကျွန်တော့်ကားလေးသည် အဝေးပြေးလမ်းမကြီးသို့ ရောက်ခဲ့သည်။

လွန်ခဲ့သောရက်သတ္တတစ်ပတ်က ဤနေရာတွင် ကားစပျက်သည်။ ပြီးတော့ ကျွန်တော့်ခေါင်းပေါ်သို့ သစ်ကိုင်းကျိုးကျသည်။ သစ်ပင်ကြီးအောက်တွင် ကျွန်တော်ကားကိုခဏရပ်သည်။ မှောင်နေသေးသဖြင့် လမ်းတလျှောက်ရှင်းနေ၏။ မြေနီလမ်းကလေးကို လွမ်းဆွတ်စွာ တစ်ချက်ပြန်ကြည့်မိပြီး ကားကိုခပ်ဖြည်းဖြည်းမောင်းထွက်ခဲ့သည်။

အရှေ့ဘက်ကောင်းကင်၌ တိမ်နီမျှင်တွေသန်းနေသည်။ မကြာမီ ရောင်နီလာပေတော့မည်။ ကားသည်တဖြည်းဖြည်း အရှိန်ရလာ၏။ နံနက်ခုနစ်နာရီလောက်ရောက်သော် ခဏနားချင်သဖြင့် လမ်းဘေးလက်ဖက်ရည်ဆိုင်လေးတစ်ခု၌ ကားကိုရပ်လိုက်သည်။ ပြီးတော့ လက်ဖက်ရည်မှာပြီး ခေါင်ကျကျစားပွဲမှာထိုင်သည်။ ကောင်တာမှာတင်ထားသော တယ်လီဖုန်းကိုမြင်သောအခါမှ ဖေဖေ့ထံသို့ ဖုန်းဆက်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေလား. . . ကျွန်တော်ပါ"

"ဟာ. . သား. . . အခုဘယ်က ဆက်နေတာလဲ. . . စိတ်ပူလိုက်ရတာကွာ. . . ရဲစခန်းတွေရော. . . ဆေးရုံကိုရောလိုက်ရှာနေတာ"

"ကျွန်တော် ရန်ကုန်ကိုအပြန်မှာ ကားပျက်သွားတာ ဖေဖေ . . . နောက်ပြီး အဲဒီညက လေတွေမိုးတွေလည်း အရမ်းသည်းလို့ ကျွန်တော့်ခေါင်းပေါ် သစ်ကိုင်းကျိုးကျပြီး ကျွန်တော် ဒဏ်ရာနည်းနည်းရသွားလို့. . . အဲဒီနေရာအနီးပတ်ဝန်းကျင်က အိမ်ကြီးတစ်အိမ်မှာ သွားအကူအညီတောင်းရတယ်"

"ဟေ ဟုတ်လား. . . အခုရော ဘယ့်နှယ်နေသေးလဲ. . . ဖေဖေ့ဆီကို ဖြစ်ဖြစ်ချင်းပဲ ဖုန်းဆက်လိုက်တာမဟုတ်ဘူး"

"အခုတော့ ပျောက်သွားပါပြီဖေဖေ. . . ဖုန်းဆက်ဖို့ကြိုးစားပေမယ့် ဘယ်လိုမှမလွယ်လို့ ဆက်မရဘူး. . . နောက်ပြီး အဲဒီတုန်းက ကျွန်တော်အဖေးမိပြီး နှစ်ရက်လောက်ဖျားသေးတယ် ဖေဖေ"

"အင်း တော်သေးတာပေါ့ သားရယ်. . . ဖေဖေလည်း ရောက်ချိန်တန်လို့ မင်းမရောက်လာတာနဲ့ မင်းအမေဆီဖုန်းလှမ်းဆက်လိုက်လို့. . . မင်းအမေလည်း စိတ်ပူပြီး ရန်ကုန်ကိုလိုက်လာတယ်. . အခုအိမ်မှာရောက်နေတယ်"

"ဩော်. . . ကုမ္ပဏီအမှုဆောင်အစည်းအဝေးကိစ္စ အဆင်ပြေလား ဖေဖေ"

"ဒီလိုသားရေ. . . အစည်းအဝေးချိန်နားနီးလာတဲ့အထိ မင်း ရောက်မလာလို့ ဖေဖေလည်း ဒါရိုက်တာ အဖွဲ့ဝင်တွေကို အစည်းအဝေးရက်ရွှေ့ဖို့ပြောလိုက်ရတယ်. . . အဲဒါ သားရောက်လာမှ အစည်းအဝေးပြန်လုပ်ရမယ်"

"တော်သေးတာပေါ့ ဖေဖေရာ. . . ကျွန်တော်က အဲဒါကို စိတ်ပူနေတာ"

"အေး အေး. . . အခု သားအမေအနားမှာရှိနေတယ်. . . စကားပြောလိုက်ဦး"

ကျွန်တော်မေမေနှင့် ဆက်စကားပြောရလေသည်။ ထိုအခိုက်မှာပင် ကျွန်တော်အနီးမှ စားပွဲထိုးချာတိတ်နှစ်ယောက် စကားပြောနေသံကို နားစွန်နားဖျားကြားလိုက်ရ၏။

"ငါဖြင့်ကွာ. . . ခုထိ ထမင်းကောင်းကောင်း စားမရဘူး. . အဲဒီမြင်ကွင်းပဲမြင်မြင်နေတယ်"

"အေးပေါ့ကွာ. . . ဖြစ်တာကလည်း တို့ဆိုင်ရှေ့မှာ လာဖြစ်တာဆိုတော့ မမြင်ချင်ပေမယ့်လည်း မြင်လိုက်ရတာပေါ့. . . မင်းမပြောနဲ့. . . ငါတောင်မှ သွေးတွေအများကြီးမြင်လိုက်ရတော့ မူးလာတယ်. . . ဒီလောက် ရုပ်ပျက်ဆင်းပျက် ကားတိုက်မှုမျိုးကို ငါ့တစ်သက်မှာ တစ်ခါမှမမြင်ဖူးဘူး"

မေမေနှင့် ခပ်မြန်မြန်စကားစဖြတ်လိုက်မိပြီး တယ်လီဖုန်းကို ပြန်တင်လိုက်၏။ ဆိုင်ရှင်ကို ကျွန်တော်မေးလိုက်မိသည်။

"သူတို့ပြောနေတာ ကားအက်ဆီဒင့်အကြောင်းလားဟင်"

"ဟုတ်တယ်ဗျ. . . တစ်နေ့ညက ဒီဆိုင်ရှေ့မှာ ကားတိုက်မှုဖြစ်တာ. . . ရန်ကုန်ဘက်ကလာတဲ့ကားကြီးနဲ့ မန္တလေးဘက်ကလာတဲ့ ဆလွန်းကားလေးနဲ့ ခေါင်းချင်းဆိုင်ပြီးတော့ကို တိုက်တာ. . . ရုပ်ပျက်ဆင်းပျက်ပဲ ဆရာရေ့. . . ဆလွန်းကားမောင်းတဲ့သူတော့ ပွဲချင်းပြီးသွားတယ်"

ကျွန်တော်ကြက်သီးထသွားမိလေသည်။ ထားအိသိမ့်စကားကိုလည်း ချက်ချင်းပြန်ကြားမိသည်။

"ဒီမှာတစ်ပတ်တိတိနေတာဟာ ရှင့်အတွက်အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ. . . ဒါပေမဲ့ ရှင်လိုက်နာချင်မှလိုက်နာပါလေ. . . ကျွန်မက တော့ အကြံပေးရုံပဲ ပေးနိုင်တယ်"

"ဘာကြောင့် ကျွန်တော့်ကို ဒီမှာတစ်ပတ်တိတ်နေစေချင်တာလဲဟင်"

"ဘာကြောင့် ဟုတ်လား. . . အင်း. . . လူတစ်ယောက် အန္တရာယ်ဖြစ်မှာကို စိုးရိမ်လို့. . . တစ်ပတ်အတွင်းမှာ ရှင့်မှာအသက် အန္တရာယ်ကျရောက်နိုင်တယ်"

"ဩော်. . . အခုပြောနေတာကို ရှင်က အကြားအမြင် ပညာလို့ထင်နေတာကိုး. . . အင်းလေ. . . ထားပါတော့. . . ရှင် ထင်ချင်သလို လွတ်လပ်စွာထင်နိုင်ပါတယ်. . . ဒါပေမဲ့ ကျွန်မက လည်း တာဝန်အရတော့ ရှင်ကိုတားရမှာပဲ"

"ကျွန်မတာဝန်ဟာ ရှင့်အသက်ကို ကယ်တင်ဖို့တာဝန်ပဲ"

"ရက်သတ္တတစ်ပတ်အတွင်း ဟောဒီအဝေးပြေးလမ်းမကြီး ပေါ်မှာ ယာဉ်တိုက်မှုတစ်ခုဖြစ်လိမ့်မယ်. . . အဲဒီမှာ ရှင်ပါသွားမှာစိုးလို့ ကျွန်မတားနေတာ. . . ဒီမှာ တစ်ပတ်တိတ်နေဖို့ပြောနေတာ"

"ကျွန်တော်နားမရှင်းလို့ မေးပါရစေဦး. . . အဲဒီယာဉ်တိုက်မှုမှာ လူဘယ်နှယောက်သေမှာမို့လို့လဲ"

"တစ်ယောက်တည်းပဲ. . . အဲဒီတစ်ယောက်ဟာလည်း ရှင်ပဲ"

ကျွန်တော့်တစ်ကိုယ်လုံး တောင့်တင်းသွားပါသည်။ ဆိုင်ရှင်ကို မေးမိပြန်သည်။

"ဘယ်နှယောက်လောက် သေသလဲဗျ"

"တစ်ယောက်တည်းပဲ. . . ဆလွန်းကားနဲ့ လူတစ်ယောက်တည်းပဲ. . . ကုန်ကားကြီးပေါ်က လူတွေကျတော့ ဘာမှကိုမဖြစ်ဘူး"

သေသွားသောသူ၏ကားသည် ဆလွန်းကားဖြစ်သည်တဲ့။



ကျွန်တော့်ကားကလည်း ဆလွန်းကားပေပဲ။ ထားအိသိမ့်၏စကားတွေသည် မှန်နေလေပြီ။ ကျွန်တော်လည်း လက်ဖက်ရည်သောက်ပြီးသည်နှင့် ငွေရှင်းကာဆိုင်မှထွက်လာခဲ့သည်။ ကျွန်တော့်တွင် အတွေးတွေ ရစ်ဝဲလာပြန်သည်။

အိန်ဂျယ်ဆိုသည်မှာ တကယ်ရှိချင်လည်း ရှိနိုင်သည်ဟု ပထမဦးဆုံးအကြိမ်အဖြစ် ကျွန်တော်လက်ခံစဉ်းစားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



(၅)

ရန်ကုန်သို့ ကျွန်တော်ရောက်သွားသောအခါ ဖေဖေနှင့် မေမေက ခရီးရောက်မဆိုက်ဘဲ ကျွန်တော့်ကိုအထူးကု ဆေးခန်းတစ်ခုသို့ သွားပြသည်။ ဆရာဝန်သည် ကျွန်တော့် ခေါင်းကဒဏ်ရာကို ချက်ချင်းစစ်ဆေးကြည့်သည်။ ဒဏ်ရာသည် ကျက်နေပြီဟုဆိုပါသည်။ ဖေဖေနှင့် မေမေကတော့ သစ်ကိုင်းကျိုးကျ သောဒဏ်ကြောင့် ဦးနှောက်ကို ထိမှာစိုးရိမ်နေကြ၏။ ဆရာဝန်သည် ကျွန်တော့်ရှေ့မှာထိုင်ပြီး ကျွန် တော့်ကိုမေးခွန်းတွေမေးလေသည်။

"သစ်ကိုင်းကျိုးကျပြီး ခေါင်းကိုထိတယ်ဆိုတော့. . . ကျိုးကျ တဲ့သစ်ကိုင်းရဲ့အရွယ်ကိုမှတ်မိလား. . . ဘယ်လောက်ပမာဏရှိသလဲ"

"ကျွန်တော့်လက်မောင်းလောက်ရှိမယ် ဆရာ. . . အချင်း သုံးလက်မလောက်တော့ရှိမလားပဲ"

"အင်း. . . ဒဏ်ရာကတော့ တစ်လက်မလောက်ပဲရှိတယ် . . . ကဲ ဆက်ပြောပါဦး. . . အဲဒီလိုဒဏ်ရာရပြီးတဲ့နောက်. . . မူးတာ တို့ အန်ချင်တာတို့ရှိသလား"

"မူးတော့မူးတယ် ဆရာ. . . ဒါပေမဲ့ အန်ချင်တာတော့ မရှိ ဘူး"

"မှတ်ဉာဏ်ကိုထိခိုက်တာမျိုးရော ရှိသလား. . . ဥပမာပေါ့ . . . ကိုယ်လုပ်ရမယ့်ကိစ္စတွေကို မေ့နေတာမျိုး. . . မှတ်ထားရမယ့် ကိစ္စတချို့ကို မေ့နေတာမျိုး"

"မရှိပါဘူးဆရာ. . . အားလုံးကို ကျွန်တော်မှတ်မိပါတယ်"

"ကျွန်တော့်စိတ်ထင်တော့ သစ်ကိုင်းကလေးနဲ့ငဲ့ပြီး အဖျား ခတ်သွားတာမျိုးပဲဖြစ်ပါလိမ့်မယ်. . . ဒါပေမဲ့ လိုရမယ်ရတော့ ဓာတ်မှန်ရိုက်ကြည့်ချင်လည်း ကြည့်ပေါ့"

"နေပါစေ ဆရာ. . . မလိုအပ်ဘဲနဲ့တော့ ကျွန်တော်ဓာတ် မှန် မရိုက်ချင်တော့ဘူး. . . အခုလည်း နေလို့ကောင်းနေတာပဲ"

ဆေးခန်းမှအပြန်တွင် ဖေဖေနှင့်မေမေက ကျွန်တော့်ကို အနားယူစေချင်သေးသော်လည်း ကျွန်မပော်ကတော့ အနားမယူချင် ပါ။ ထားအိသိမ့်တို့ထံမှာ ကျွန်တော်တစ်ပတ်လုံးလုံးနားခဲ့ရပြီ မဟုတ် ပါလော။ ထို့ကြောင့် ဖေဖေနှင့်အတူ ကုမ္ပဏီသို့ထွက်လာခဲ့သည်။ ကုမ္ပဏီရောက်တော့ ကျွန်တော့်ကိုအားလုံးက ဆီးကြိုနှုတ်ဆက်ကြ၏။ ကျွန်တော့်အဖြစ်အပျက်ကို အားလုံးကစိတ်မကောင်းဖြစ်ကြ၏။ သူတို့နှင့်ခဏတဖြုတ်စကားပြောပြီးသော် ကျွန်တော်လည်းဖေဖေ့ အခန်းထဲ လိုက်ဝင်သွားလိုက်၏။

"အစည်းအဝေးကို ဘယ်နေ့လောက်လုပ်ရင်ကောင်းမလဲ ဖေဖေ"

"ဖေဖေကတော့ ဖြစ်နိုင်မယ်ဆိုရင်. . . ဒီတစ်ပတ်ထဲ လောက်လုပ်ချင်တယ်"

ကျွန်တော်ဖေဖေရှေ့မှာထိုင်ပြီး ပြက္ခဒိန်ကိုလှမ်းကြည့်မိ သည်။

www.burmeseclassic.com

www.burmeseclassic.com



"သန်ဘက်ခါလောက်ဆိုရင် ကောင်းမလား ဖေဖေ"

"ကောင်းတော့ ကောင်းတယ်. . . ဒါပေမဲ့ သားဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ဖေဖေ. . . သူတို့ကိုသာ သန်ဘက်ခါအစည်းအဝေးအတွက် ဖိတ်လိုက်တော့မယ်"

ထိုအခိုက်မှာပင် ကျွန်တော့်မျက်လုံးက ဖေဖေ့စားပွဲမှန်အောက်မှ ရုပ်ပုံတစ်ပုံကိုတွေ့လိုက်မိသည်။ နှင်တံကိုကိုင်ထားသည့် နတ်မိမယ်တစ်ပါးသည် လေနှင့်အတူလွင့်နေသည့်ပုံ။ သို့သော်ဓာတ်ပုံမဟုတ်။ ပန်းချီဆရာ၏စိတ်ကူးဖြင့်ရေးဆွဲထားသည့်ပုံ၊ ဇာဝတ်ရုံသည် နောက်ဘက်သို့လွင့်နေသည်။ ကျွန်တော်အံ့သြသွားမိလေသည်။ ယခင်က ဖေဖေ့စားပွဲ၌ ဤပုံမရှိခဲ့ပါ။ ယခုမှ ဘယ်က ရောက်လာရလေသနည်း။

"ဖေဖေ. . . ဒီပုံကို ဘယ်ကရလာသလဲ"

ဖေဖေက ရုပ်ပုံကိုတစ်ချက်လှမ်းကြည့်ပြီး ပြုံးသည်။

"ဟိုတစ်နေ့က မဂ္ဂဇင်းတစ်အုပ်မှာတွေ့လို့ သဘောကျတာနဲ့ မှန်အောက်ထဲထည့်ထားလိုက်တာ. . . ပန်းချီဆရာရဲ့ လက်ရာက အတော်မြောက်တယ်နော်"

"အိန်ဂျယ်တွေဟာ အပြင်မှာ တကယ်ရှိနိုင်သလား ဖေဖေ"

"မရှိပါဘူး သားရယ်. . . စိတ်ကူးယဉ်ဒဏ္ဍာရီထဲမှာပဲ ရှိတာပါ"

မဟုတ်ဘူးဖေဖေ၊ အိန်ဂျယ်တွေဟာ စိတ်ကူးယဉ်ဆန်ဒဏ္ဍာရီထဲမှာသာ မဟုတ်ဘူး။ အပြင်လက်တွေ့လောကမှာလည်း တကယ်ကိုရှိနေပါတယ်ဟု ကျွန်တော်ပြောလိုက်ချင်သော်လည်း ပြောမထွက်ပါ။ ပြောလျှင်လည်း ဖေဖေယုံမည်မထင်ပါ။ ရန်ကုန်သို့ ကျွန်တော်ပြန် ရောက်သည်နှင့် ဖေဖေ၊ မေမေတို့က ကျွန်တော်ဖြစ်ခဲ့ရသော အဖြစ်အပျက်တွေကို မေးကြသော်လည်း ကျွန်တော်တိတိကျကျ



သေသေချာချာမပြောခဲ့ပါ။

ယုတ်စွအဆုံး ထားအိသိမ့်နှင့်ဦးမင်းဝေ၏အမည်ကိုပင် ပြောမပြခဲ့ပါ။ ဘာကြောင့် ကျွန်တော်မပြောပြခြင်းမှာ သည်အကြောင်းတွေ ကျွန်တော်ဖွင့်ပြောလိုက်သည်နှင့် ဖေဖေ၊ မေမေသည် စိတ်ပူပြီး ကျွန်တော့်ကို စိတ်ရောဂါဆရာဝန်တစ်ယောက်ဆီမှာပြဖို့ကြိုးစားကြပါတော့မည်။

ဖေဖေ့အခန်းထဲက ထွက်လာပြီး ကျွန်တော့်အခန်းထဲရောက်သည်အထိ ကျွန်တော်ငိုင်နေမိသည်။ ထားကို သတိရလွမ်းဆွတ်သော စိတ်ဖြစ်လာသည်။ တွေ့ဆုံခဲ့ရသောရက်သတ္တတစ်ပတ်သည် လွမ်းဆွတ်ဖွယ်ရက်သတ္တပတ်ဖြစ်နေသည်။ ထား၏တင့်တယ်လှပသောသဏ္ဍာန်က မျက်စိထဲပေါ်လာ၏။ ကျွန်တော်တွေ့ကြုံခဲ့ရသမျှ ခံစားခဲ့ရသမျှကို ရင်ဖွင့်ချင်လာသည်။ ထိုသို့သာရင်မဖွင့်လိုက်ရလျှင် ကျွန်တော်မည်သို့မျှ နေနိုင်လိမ့်မည်မဟုတ်ပါ။ ကျွန်တော် တယ်လီဖုန်းကို လက်လှမ်းလိုက်၏။

ကျွန်တော့်သူငယ်ချင်း မျိုးနိုင်ဇော်သည် သူ့ဖုန်း၌ အဆင်သင့်ရှိနေ၏။ သူသည် ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာတစ်ဦးဖြစ်ပြီး ကျွန်တော်တို့နှစ်ယောက်သည် ဆယ်တန်းကတည်းက တက္ကသိုလ်အထိအတူတူပင်ဖြစ်သည်။

"ဟေ့ကောင် မျိုးနိုင်ဇော်. . . ငါပါကွ. . . မင်း အခုအားလား"

"အိမ်စိုးလား. . . မင်း ပြန်ရောက်နေပြီလား. . . ညကပဲ ငါ ဇာတ်ညွှန်းတစ်ပုဒ်ပြီး သွားလို့အားနေတယ်. . . ငါလာခဲ့ရမလား"

"အေး လာခဲ့"

မျိုးနိုင်ဇော်ရောက်မလာမီ ကျွန်တော်လည်းလုပ်ရန် အလုပ်ကိုကြည့်ရသည်။ အလုပ်ကတော့ လက်မှတ်ထိုးရမည့်ကိစ္စတွေကလွဲ

www.burmeseclassic.com

www.burmeseclassic.com



၍ သိပ်မရှိ။ ကုန်သွယ်ရေးရုံးမှာ သွင်းကုန်တစ်ခုအတွက် လိုင်စင်လျှောက်ထားဖို့ကိစ္စ၊ ထိုကိစ္စကို ဦးစားပေးပြီး ကျွန်တော်လက်မှတ်ထိုးလိုက်သည်။ ကျန်သည့်ကိစ္စတွေက ဘဏ်မှာငွေထုတ်ရန် ချက်လက်မှတ်ရေးသည့်ကိစ္စနှင့် အမြတ်ခွန်ကိစ္စတွေပဲဖြစ်သည်။

ခဏနေတော့ မျိုးနိုင်ဇော်ရောက်လာသည်။ ထို့ကြောင့် ကျွန်တော်လည်း လုပ်လက်စအလုပ်တွေကို လက်စသပ်ပြီး အောက်သို့ ဆင်းခဲ့သည်။ အချိန်က နေ့လယ်စာစားသည့်အချိန်ရောက်နေပြီဖြစ်သဖြင့် သူငယ်ချင်းနှစ်ယောက်နေ့လယ်စာစားရင်းနှင့် စကားပြောကြသည်။ ကျွန်တော်ကလည်း အလာပသလာပစကားတွေ ပြောပြီးသည်နှင့် သည်ကောင့်ကို ထားအိသိမ့်အကြောင်း ပြည့်ပြည့်စုံစုံပြောပြလိုက်မိသည်။ သူ့ကိုပြည့်ပြည့်စုံစုံပြောပြ၍လည်း သူကကျွန်တော့်ကို စိတ်ရောဂါကုဆရာဝန်ထံ ပို့လိုက်မည်မဟုတ်ပါ။

မျိုးနိုင်ဇော်၏ထူးခြားချက်တစ်ခုမှာ အာရုံစူးစိုက်မှုပင်ဖြစ်သည်။ တစ်စုံတစ်ခုကို သူအာရုံစိုက်သွားပြီဆိုလျှင် ငြိမ်သက်သွားတတ်သည်။ ထို့ကြောင့်ပင်လျှင် ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာ လာဖြစ်နေသလားတော့ မပြောတတ်။ ခုလည်းသူသည် ကျွန်တော့်စကားကို စိတ်ဝင်တစားနှင့် ငြိမ်ငြိမ်သက်သက်နားထောင်နေ၏။

"အဖြစ်အပျက်ကတော့ အဲဒါပဲကွာ. . . ငါလည်း ဖေဖေ၊ မေမေတို့ကို ပြောပြလို့မဖြစ်လို့ မင်းကိုခေါ်ပြီးပြောတာ"

"အင်း. . . ဆန်းတော့ ဆန်းတယ်. . . ဒါနဲ့ မင်းခေါင်းမှာ ဒဏ်ရာရလိုက်တယ်နော်. . . အဲဒီဒဏ်ရာရပြီးမှ ဒါတွေဖြစ်တာဆိုတော့. . . မင်း ကယောင်ချောက်ခြားနဲ့. . . ရူးကြောင်မူးကြောင် . . . တောင်စဉ်ရေမရ. . . လျှောက်ထင်မိထင်ရာ ထင်နေတာများလား"

"ခွေးကောင်. . . ကျားကြောက်လို့ ရှင်ကြီးကိုးမိပြန်ပါတယ်



. . . ရှင်ကြီးကျားထက်ဆိုးနေပြန်ပါပြီ. . . မဟုတ်ဘူးကွ. . . ငါ ဘာမှမဖြစ်ဘူး. . . ဒီအဖြစ်အပျက်တွေဟာ အမှန်တကယ်ဖြစ်ခဲ့တာပဲ"

"အဲဒီကောင်မလေးက ဥစ္စာစောင့်မလေးများဖြစ်နေမလားကွာ. . . ဒီလောက်လှတယ်ဆိုတော့ ဥစ္စာစောင့်ဖြစ်ဖို့များတယ်"

"ဟာ. . . ဒီကောင်ကြောင်နေပြန်ပါပြီ. . . မင်းကတော့ ဘာသစ်ကိုင်းမှ ခေါင်းမထိဘဲနဲ့ ကြောင်နေတဲ့ကောင်ပဲ. . . ထားဟာ ဥစ္စာစောင့်မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"အိန်ဂျယ်"

"သူငယ်ချင်း. . . စိတ်တော့မရှိနဲ့ကွာနော်. . . တို့ စားသောက်ပြီးရင် စိတ်ရောဂါကုဆေးရုံခဏသွားလိုက်ကြရအောင်"

"ဟာ. . . မင်းကြီးတော်မှပဲ. . . စကားအကောင်းပြောလို့လည်းမရပါလား. . . ငါပိတ်ထိုးလိုက်ရ"

သည်ကောင်ရယ်လေသည်။ ပြီးတော့မှ သူ့မျက်နှာတဖြည်းဖြည်းတည်လာ၏။

"ငါ့အတွက်ကတော့ ဇာတ်လမ်းကောင်းတစ်ပုဒ်ရလိုက်တာပဲ. . . ဒါပေမဲ့ကွာ ဇာတ်လမ်းကိုယုတ္တိရှိဖို့တော့ အတော်ကြိုးစားရမယ်. . . တစ်ခုတော့ ငါစဉ်းစားကြည့်မိတယ်. . . ဒီအဖြစ်အပျက်တွေရဲ့ ဗဟိုချက်ကတော့ နှစ်ခုဖြစ်နေတယ်. . . ပထမဗဟိုချက်တစ်ခုက မင်း. . . ဒုတိယဗဟိုချက်တစ်ခုက ထားအိသိမ့်ဆိုတဲ့ အမျိုးသမီး. . . မင်းဘက်က ပြဿနာမရှိဘူးဆိုရင်. . . အဲဒီ ထားအိသိမ့်က ပြဿနာဖြစ်နေတာပဲဖြစ်ရမယ်"

ကျွန်တော်နားမရှင်းသောကြောင့် သည်ကောင့်ကိုပြန်ကြည့်လိုက်စဉ် သည်ကောင်ကဆက်ရှင်းသည်။

"တို့ စဉ်းစားရမှာက မင်းရဲ့စိတ်နဲ့ ထားအိသိမ့်ရဲ့စိတ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



မှုမှန်ဖြစ်နေရဲ့လားဆိုတာပဲ"

ကျွန်တော်တစ်ချက်တွေသွားပါသည်။ မျိုးနိုင်ဇော်နောက်သည်လားဟုထင်ပြီး သူ့မျက်နှာကိုကြည့်လိုက်သောအခါ သူ့မျက်နှာသည် ပုံမှန်အတိုင်းပဲ တည်တည်ငြိမ်ငြိမ်ဖြစ်နေ၏။ ကျွန်တော်မတွေးရက်သဖြင့် တမင်မတွေးဘဲထားခဲ့သောအကြောင်းကို သူတွေးနေလေပြီ။ ကျွန်တော်ပင့်သက်ရှိုက်လိုက်သည်။

"တစ်ခုတော့ရှိတယ် မျိုးနိုင်ဇော်. . . တို့စိတ်ထဲမရှင်းဖြစ်နေတာတွေကို ရှင်းပေးနိုင်တဲ့ အဓိကသော့ချက်တစ်ခုရှိတယ်. . . အဲဒါကတော့ (The Angels)ဆိုတဲ့စာအုပ်ပဲ. . . ရေးတဲ့သူကတော့ H.T Hudson ဆိုတာပဲကွ. . . သူဟာ ပရော်ဖက်ဆာတစ်ယောက်ပဲ. . . အဲဒီစာအုပ်ဟာ သူသုတေသနပြုထားတာနဲ့ ရှေးဟောင်းကျမ်းစာအုပ်တွေထဲက အချက်တွေကိုတင်ပြထားတာ"

"စိတ်တော့ စိတ်ဝင်စားစရာပဲ. . . ငါလည်း အဲဒီစာအုပ်ဖတ်ကြည့်ချင်တယ်. . . ဘာပဲဖြစ်ဖြစ် ဘာမှမသိရတာထက်စာရင် တစ်ခုခုကို ပြတ်ပြတ်သားသားသိရတာက ပိုကောင်းမယ်. . . ဒီတော့ ဒီလိုလုပ်ကွာ. . . စာအုပ်ရောင်းတဲ့ဆိုင်တွေမှာ ငါအဲဒီစာအုပ်ရှာကြည့်မယ် . . . မရရင်လည်း အမျိုးသားစာကြည့်တိုက်တို့ တက္ကသိုလ်စာကြည့်တိုက်တို့ ပြေးရမှာပေါ့ကွာ. . . ဒါနဲ့ ပြောစမ်းပါဦး. . . အဲဒီအမျိုးသမီးကို ဘယ်လိုကနေဘယ်လိုချစ်မိသွားတာလဲ"

"ဘယ်အချိန်ကချစ်မိသွားသလဲတောင် မသိပါဘူးကွာ"

"အိန်ဂျယ်ချစ်သူပေါ့ ဟုတ်လား. . . ဟား ဟား"

ကျွန်တော် ပြုံးမိသွားသည်။

"ချစ်သူအိန်ဂျယ်ပါကွာ. . . မင်းကလည်း"

ကျွန်တော်တို့နှစ်ယောက် နေ့လယ်စာစားပြီးသော် ကျွန်တော်က ကုမ္ပဏီသို့ပြန်လာခဲ့ပြီး မျိုးနိုင်ဇော်ကတော့ သူ့အိမ်သူ



ပြန်သွားသည်။ ကျွန်တော်ကုမ္ပဏီကို ပြန်ရောက်တော့ ဖေဖေက ကျွန်တော့်ကို စောင့်နေသည်။ ကျွန်တော်တို့နှစ်ယောက် ဖေဖေ့အခန်းထဲမှာပင် စကားပြောဖြစ်ကြ၏။

"ဦးရန်နိုင်အောင်ရဲ့ရှယ်ယာတွေဟာ အခုဆိုရင် သုံးဆယ့်ငါးရာခိုင်နှုန်းလောက်ဖြစ်သွားပြီသား. . . ဖေဖေတို့ကိုမီဖို့ နည်းနည်းပဲလိုတော့တယ်"

ကျွန်တော်အလွန်ပင်အံ့ဩသွားမိလေသည်။ ကုမ္ပဏီအတွက် အန္တရာယ်အလွန်ရှိသော အခြေအနေဖြစ်နေလေပြီ။

"သူ ဘယ်သူ့ဆီက ပြန်ဝယ်လိုက်တာလဲ ဖေဖေ"

ဤကုမ္ပဏီ၌ အစုရှယ်ယာဝင်ခြောက်ဦးအနက် ကျွန်တော်နှင့်ဖေဖေက လေးဆယ်ရာခိုင်နှုန်းအစုရှယ်ယာပိုင်ဆိုင်ပြီး ကျန်လေးဦးက တစ်ဦးလျှင် ဆယ့်ငါးရာခိုင်နှုန်းစီပိုင်ဆိုင်ကြပါသည်။ အမှန်အတိုင်းဆိုလျှင် ဦးရန်နိုင်အောင်၏ ရှယ်ယာအစုငွေသည် ဆယ့်ငါးရာခိုင်နှုန်းသာ ရှိပါသည်။

"ဦးဟုတ်ဝမ်ဆီက ငါးရာခိုင်နှုန်း. . . ဦးတင်မြင့်ဆီက ငါးရာခိုင်နှုန်း. . . ဦးသောင်းမြင့်အောင့်ဆီက ဆယ်ရာခိုင်နှုန်း သူ ရလိုက်တယ်"

"သေချာတယ်နော် ဖေဖေ"

"အေး"

"ကျွန်တော် ဦးဟုတ်ဝမ်နဲ့ ဦးတင်မြင့်ဆီကို ဖုန်းဆက်ချင်တယ် ဖေဖေ"

"ဘာအတွက်လဲ သား"

"တကယ်လို့ပေါ့. . . ဦးရန်နိုင်အောင်ဟာ ဦးဟုတ်ဝမ်ဆီကပဲဖြစ်ဖြစ်. . . ဦးတင်မြင့်ဆီကပဲဖြစ်ဖြစ်. . . ရှယ်ယာငါးရာခိုင်နှုန်း ထပ်ရမည်ဆိုရင် သူဟာဖေဖေ့ကိုယှဉ်ပြိုင်ပြီး ကုမ္ပဏီရဲ့ အမ်ဒီ

www.burmeseclassic.com

www.burmeseclassic.com



ရာထူးကို ယှဉ်ပြိုင်အရွေးခံလာလိမ့်မယ်. . . ဒါကြောင့်မို့ ဦးဟုတ်ဝမ်နဲ့ ဦးတင်မြင့်ဆီကို ကျွန်တော်တို့ဆက်သွယ်ဖို့လိုအပ်လာပြီ"

"သိပ်တော့မလွယ်ဘူးသား. . . ဦးဟုတ်ဝမ်နဲ့ ဦးတင်မြင့်တို့မှာ တခြားလုပ်ငန်းတွေကလည်း အများသားမဟုတ်လား. . . ဖေဖေတို့ကုမ္ပဏီက ရနေတဲ့အမြတ်ဟာ သူတို့ရဲ့ တခြားလုပ်ငန်းတွေနဲ့ ယှဉ်ရင် ဘာမှမဖြစ်လောက်ဘူး. . . နောက်ပြီး ဦးရန်နိုင်အောင်က လည်း အစုရှယ်ယာတွေကို သူတို့ပြန်ရောင်းချင်လောက်အောင် ဈေးပေးဝယ်နေတယ်ပြောတယ်. . . ဘာပဲဖြစ်ဖြစ်လေ. . . သူတို့ လေးယောက်ဟာ တစ်အုပ်စုဖြစ်နေတော့ ဖေဖေတို့သိပ်တော့မလွယ်ဘူး"

"ကျွန်တော်ကတော့ ဒီကိစ္စကို လက်မလွှတ်ခင် တစ်ခုခုလုပ်ချင်တယ် ဖေဖေ. . . မနက်ဖြန်ညလောက်မှာ သူတို့နှစ်ယောက်ကိုသီးခြားဖိတ်ပြီး ညစာကျွေးရင်းနဲ့ စကားပြောကြည့်ချင်တယ်"

"ဖေဖေ့အနေနဲ့ကတော့ မကောင်းဘူး သား. . . အဲဒီတော့ သားဘာသာသီးသန့်တွေ့တဲ့သဘောမျိုးလုပ်ကြည့်ပါ. . . နောက်ပြီး အဲဒီညစာစားပွဲစရိတ်ကိုလည်း ကုမ္ပဏီစာရင်းထဲထည့်လို့မရဘူးနော် သား. . . ဘာဖြစ်လို့လဲဆိုတော့ ဒီလို သီးခြားတွေ့ဆုံတဲ့ကိစ္စဟာ ကုမ္ပဏီနဲ့ ဘာမှမဆိုင်ဘူး"

"ကျွန်တော်သိပါတယ် ဖေဖေ. . . ဒီလိုဆိုရင် ကျွန်တော်စီစဉ်လိုက်တော့မယ်"

"အေး အေး"

နောက်တော့ ကျွန်တော်၊ ကျွန်တော့်အခန်းထဲပြန်ရောက်သွားသည်။ ပြီးတော့ ဦးဟုတ်ဝမ်နှင့် ဦးတင်မြင့်ထံသို့ ဖုန်းဆက်ပြီး မနက်ဖြန်ညစာအတွက် ဖိတ်လိုက်မိသည်။ ယခုတော့ကျွန်တော့်ခေါင်းထဲမှ ထားသည်ခဏပြေးထွက်သွားလေပြီ။ သို့သော်အလုပ်ထဲစိတ်ဝင်စားနေတုန်းခဏပဲဖြစ်သည်။ ကျွန်တော်အိမ်ပြန်ရောက်သည်နှင့် ထားကိုလွမ်းဆွတ်သောစိတ်သည် တားမရ ဆီးမရ။



ညစာထမင်းစားပြီးသည်နှင့် ကျွန်တော်လည်း အခန်းထဲဝင်၍လှဲသည်။ နေ့လယ်က မျိုးနိုင်ဇော်နှင့်ပြောခဲ့သောစကားတွေကိုလည်း ပြန်သတိရသည်။ မျိုးနိုင်ဇော်ကတော့ ကျွန်တော်နှင့်ထား၏စိတ်အခြေအနေကို ထည့်စဉ်းစားဖို့ပြောသည်။

ထားစိတ်ဝေဒနာရှင်များဖြစ်နေမလားဟု ကျွန်တော်မထင်ရက်သဖြင့် မတွေးခဲ့သောအကြောင်းအရာကို သည်ကောင်က လမ်းစဖော်လေ၏။ ကျွန်တော်သိသလောက်ကတော့ အိန်ဂျယ်ကိစ္စမှလွဲ၍ ထားသည်ပကတိလူသာမန်အတိုင်းသာဖြစ်သည်။ သူမ၏ပြောပုံဆိုပုံတို့သည် ဆင်ခြင်တုံတရားမကင်းလွတ်သလို ကျိုးကြောင်းဆင်ခြင်ခြင်းလည်း မကင်းလွတ်။

ထို့အပြင် ဤကိစ္စ၌ အရေးအကြီးဆုံးထည့်စဉ်းစားရမည့်ကိစ္စသည် အဝေးပြေးလမ်းမပေါ်မှာ ယာဉ်တိုက်မှုဖြစ်သည်။ သေဆုံးသူသည် ကျွန်တော်စီးသည့် ကားမျိုးစီးသူဖြစ်သည်။ ၎င်းကိစ္စကို တိုက်ဆိုင်မှုဟုပြောနိုင်ပါမည်လော။ ထားနှင့်ပြောခဲ့သော စကားအချို့ကိုပြန်ကြားလာမိပြန်သည်။

"ကျွန်တော့်မှာ ပဟေဠိဖြစ်နေတဲ့အချက်တွေ အများကြီးရှိပါတယ်. . . အဲဒီပဟေဠိတွေအတွက် အဖြေကို ကျွန်တော်သိချင်ပါတယ်"

"တချို့ပဟေဠိတွေကို မသိတာဟာကောင်းပါတယ်. . . တစ်နည်းအားဖြင့်ပြောရရင်တော့ အဖြေမရှိတဲ့ပဟေဠိပေါ့နော်. . . တကယ်ကတော့ ဒီလောကကြီးတစ်ခုလုံးမှာလည်း ကျွန်မတို့သိနေတာကနည်းနည်း. . . မသိတာတွေကများများမဟုတ်လား. . . အဲဒီတော့ ရှင်သိချင်နေတဲ့ပဟေဠိကိစ္စတွေကို ဦးနှောက်အခြောက်ခံပြီးစဉ်းစားမနေပါနဲ့. . . အချိန်တန်တော့လည်း အားလုံးပြီးသွားကြ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ မဟုတ်လား"

အပြင်ဘက်မှမိုးတွေသည်းထန်စွာရွာသွန်းနေသည်။ သို့သော် လေငြိမ်နေသဖြင့် တော်ပါသေးသည်။ ယခုကဲ့သို့ မိုးတွေရွာမှ ထားကို ပိုလွမ်းမိသည်။ ယခုအချိန်လောက်ဆို ထားတို့သားအဖ ဟိုအိမ်အိုကြီးမှာပဲ ဆက်ရှိကြသေးသလား။ သို့မဟုတ် တစ်နေရာရာသို့ ထွက်သွားကြလေပြီလော။

ကျွန်တော်သက်ပြင်းတွေ အခါခါချမိသည်။ နောက်တော့မှ ကျွန်တော်အိပ်ပျော်သွားမိပါသည်။ နောက်တစ်နေ့ကျတော့ ထုံးစံအတိုင်းပင် ကျွန်တော်အိပ်ရာမှ ခပ်စောစောနိုးလာသည်။ ယနေ့ညတွင် ညစာကျွေးရမည့်ကိစ္စအတွက် ကျွန်တော်စဉ်းစားမိသည်။ တကယ်တော့ ကုမ္ပဏီတစ်ခု၏ ညီညွတ်မှုသည် အလွန်ပင် အရေးကြီးပါသည်။ ယခုတော့ ကျွန်တော်တို့ကုမ္ပဏီသည် ညီညွတ်မှုပြိုကွဲနေလေပြီ။

ကျွန်တော်လည်း ခုတင်ဘေးမှာရှိသော ကျွန်တော့်ကွန်ပျူတာကို ထဖွင့်ပြီး လိုအပ်သောစာရင်းဇယားတချို့ကိုရှာသည်။ ပြီးတော့ ၎င်းတို့ကို စီဒီတစ်ချပ်ထဲကူးထည့်ပြီး ကုမ္ပဏီသို့ယူသွားဖို့ အဆင်သင့် ပြင်ထားလိုက်သည်။ နံနက်ကိုးနာရီထိုးသော် ကျွန်တော် ကုမ္ပဏီသို့ အရင်ထွက်ခဲ့သည်။

ညနေ ခြောက်နာရီခွဲ၌ ကျွန်တော်ချိန်းဆိုထားသော စားသောက်ဆိုင်သို့ ဦးဟုတ်ဝမ်နှင့် ဦးတင်မြင့်တို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်။ သူတို့ကို ကျွန်တော် နွေးထွေးစွာဆီးကြိုပြီး အသင့်မှာယူထားသော စားပွဲဆီသို့ ခေါ်ဆောင်လာခဲ့သည်။ သူတို့နှစ်ယောက်သည် ဤညစာ စားပွဲ၌ မည်သူတွေရောက်နေပြီလဲဟု စူးစမ်းကြသည်။

"မောင်အိမ်စိုးရေ. . . မင်း ဖေဖေရောကွယ်"

"ဒီညစာစားပွဲက ကျွန်တော်စီစဉ်တဲ့ပွဲပါ အန်ကယ်. . . ဖေဖေနဲ့ မဆိုင်ပါဘူး"

"ဩော်. . . ဒါနဲ့ ကိုသောင်းမြင့်အောင်နဲ့ ကိုရန်နိုင်အောင်တို့ရော မရောက်သေးဘူးလား"

"အန်ကယ်တို့နှစ်ယောက်နဲ့ ကျွန်တော်ကလွဲရင် ဒီညစာစားပွဲက ဘယ်သူမှမပါဘူးခင်ဗျာ"

သူတို့နှစ်ယောက် အံ့ဩသွားပုံရသည်။ ပြီးတော့ မျက်မှောင်

www.burmeseclassic.com

www.burmeseclassic.com



လည်း နည်းနည်းစီကုပ်ကြ၏။

ယမကာဝိုင်း စတင်လိုက်သောအခါမှ ကျွန်တော်က စကားကို စလိုက်သည်။

"ကျွန်တော်တို့ကုမ္ပဏီကို တည်ထောင်လာတာ အခုဆိုရင် ငါးနှစ်သက်တမ်းထဲကိုရောက်လာပါပြီ. . . ကုမ္ပဏီဟာ အခုဆိုရင် စတင်တည်ထောင်ကာစနဲ့ ဘာမှမဆိုင်တော့ပါဘူး. . . အစစအရာရာ တိုးတက်လာပါတယ်. . . ကုမ္ပဏီနဲ့ဝန်ထမ်းအင်အား. . . ကုမ္ပဏီပိုင် အဆောက်အဦး. . . ကုမ္ပဏီပိုင် စက်ပစ္စည်းနဲ့ ယာဉ်တွေအားလုံးဟာ တိုးတက်လာပါတယ်. . . အမြတ်ငွေတွေဆိုရင်လည်း စနစ်တကျကို ခွဲဝေပေးနေပါတယ်"

သူတို့နှစ်ယောက်သည် ရေခဲစိမ်ယမကာကို တဖြည်းဖြည်းသောက်ရင်း ကျွန်တော့်စကားကိုနားထောင်ကြ၏။

"ဒါပေမဲ့. . . အခုဆိုရင် ကုမ္ပဏီဟာ မတည်မငြိမ်ဖြစ်မယ့် အခြေအနေတစ်ရပ်နဲ့ ကြုံတွေ့နေရပါပြီ. . . အဲဒါကတော့ နဂိုမူလက သဘောတူထားတဲ့ အစုရှယ်ယာဝင်တွေဟာ စိတ်ဝမ်းကွဲလာတာပါပဲ. . . တည်ငြိမ်ပြီးတော့ ရှေ့ကိုမှန်မှန်သွားနေတဲ့ ကုမ္ပဏီနဲ့ မတည်မငြိမ်ဘဲနဲ့ စွန့်စားမှုတွေပြုလုပ်. . . အဲဒီကဖြစ်လာမယ့် အန္တရာယ်တွေကို စိုးရိမ်ပြီးသွားနေရတဲ့ ကုမ္ပဏီနဲ့ ဘယ်ကုမ္ပဏီက ပိုကောင်းမလဲဆိုတာ သိနိုင်ပါတယ်"

"နေဦးကွ. . . အန်ကယ်တစ်ခုပြောဦးမယ်. . . ဘာပဲဖြစ်ဖြစ်ပေါ့. . . ကုမ္ပဏီတစ်ခုမှာ Risk ဆိုတဲ့စွန့်စားမှုတွေတော့ရှိသင့်တယ် မဟုတ်လား. . . ကမ္ဘာပေါ်မှာရှိသမျှ ကုမ္ပဏီတွေအတော်များများလည်း Risk ကို လုပ်ကြတာပဲ. . . တချို့ကုမ္ပဏီတွေဆို Risk Manager တွေဘာတွေတောင်ခန့်ပြီး လုပ်ကြတာပဲ. . . တကယ်ကတော့ မောင်ရင်ရယ်. . . ကုမ္ပဏီလုပ်ငန်းဆိုတာ သေနတ်သာမကိုင်



တာ. . . စာရင်းဇယားတွေ ငွေကြေးတွေနဲ့ တိုက်ခိုက်နေကြတာပဲ မဟုတ်လား. . . အဲဒီမှာသေတဲ့လူလည်း သေပေါ့. . . ရှင်တဲ့လူလည်း ရှင်ပေါ့"

ကျွန်တော်သူတို့မသိအောင် သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"မှန်ပါတယ် အန်ကယ် . . . ကုမ္ပဏီတစ်ခုမှာ Risk ဆိုတာ ရှိသင့်ပါတယ်. . . ဒါပေမယ့် မှန်ကန်တဲ့ Risk မျိုးကိုပဲ ကျွန်တော်တို့ လုပ်ဖို့လိုပါတယ်. . . ကိုယ့်လည်ပင်းကိုယ်ကြိုးကွင်းစွပ်မယ့် Risk မျိုးဆိုရင်တော့ ကျွန်တော်တို့မလုပ်သင့်ပါဘူး. . . ကုမ္ပဏီတွေမှာ Risk manager ဆိုပြီး Risk တွေကို လုပ်ကြတယ်ဆိုပေမယ့် သူတို့ဟာ အကျိုးအပြစ်တွေကို သေသေချာချာလေ့လာပြီးမှ လုပ်သင့်၊ မလုပ်သင့် စဉ်းစားကြတာပါ. . . တကယ်ကြီးမားလာတဲ့ Mega ကုမ္ပဏီကြီးတွေဟာ သူတို့ကုမ္ပဏီရဲ့ဂုဏ်သိက္ခာကို အမြဲထည့်စဉ်းစားလေ့ရှိပါတယ်"

"တို့ကုမ္ပဏီက Mega ကုမ္ပဏီကြီးမှ မဟုတ်သေးဘဲ မောင်ရင်ရယ်"

စကားပြောရသည်မှာ လက်ပေါက်အလွန်ပင်ကပ်လာ၏။

"ဟုတ်ပါတယ် အန်ကယ်. . . ကျွန်တော်တို့ ကုမ္ပဏီဟာ Mega ကုမ္ပဏီတော့မဟုတ်သေးပါဘူး. . . ဒါပေမယ့် ဂုဏ်သိက္ခာတော့ ကြီးမားတဲ့ ကုမ္ပဏီပါ. . . ကုမ္ပဏီထောင်ကတည်းက ဒီနေ့ထိ နာမည်ကောင်းတွေ တဖြည်းဖြည်းရနေတဲ့ ကုမ္ပဏီပါ"

"အဲဒီနာမည်ကောင်းဟာ အမြတ်အတွက်တော့ ဘာမှ အထောက်အပံ့မပေးဘူးကွ"

"အထောက်အပံ့ပေးပါတယ် အန်ကယ် . . . တစ်ခုတည်း သွားနေတဲ့ ကုမ္ပဏီဆိုရင်တော့ ပြဿနာမရှိပေမယ့်. . . ကုမ္ပဏီ

www.burmeseclassic.com

www.burmeseclassic.com



ချင်းပြိုင်ဆိုင်လာတဲ့အခါကျရင် အဲဒီနာမည်ကောင်းဟာ အရမ်းအရေးကြီးလာပါတယ်. . . ယုံကြည်လေးစားမှုပိုခံရပါတယ်. . . ယုံကြည်လေးစားမှုပိုများလေလေ. . . လုပ်ငန်းခွင်ပိုရလေလေပါပဲ"

"မောင်ရင်ပြောတာတွေဟာ မှန်သင့်သလောက်တော့ မှန်ပါတယ်. . . ဒါပေမယ့် အမှန်အတိုင်းအန်ကယ်တို့ပြောရရင်. . . ကုမ္ပဏီရဲ့ပေါ်လစီကို နည်းနည်းတော့ပြောင်းဖို့ လိုနေပြီလို့ထင်တယ် . . . အခုဆိုကြည့်လေ. . . ကုမ္ပဏီရဲ့အမြတ်ငွေဟာ ဘဏ်တိုးထက်တော့သာပေမယ့်. . . ငွေတိုးချေးစားတဲ့ လုပ်ငန်းလောက်တော့ မမြတ်ဘူး"

မြတ်စွာဘုရား။ ထိုအတွေးမျိုးသည် အလွန်ပင်ကြောက်စရာကောင်းသည့်အတွက်ဖြစ်သည်။ ကုမ္ပဏီတစ်ခု၏ လုပ်ငန်းသဘာဝကို ငွေတိုးချေးစားသည့်လုပ်ငန်းနှင့် သွားရောက်နှိုင်းယှဉ်ခြင်းသည် အလွန်ပင်စိုးရိမ်စရာကောင်းလှပါသည်။ သာမန်လူပြိန်းတွေး တွေးသည့်အတွေးမျိုးတည်း။

လူတစ်ယောက်သည် လက်ထဲတွင် ငွေတစ်ရာရှိသည်ဆိုပါစို့။ ထိုငွေတစ်ရာကို ငွေတိုးချေးစားလိုက်သောအခါ တစ်လအကြာမှာ အတိုးတစ်ဆယ်ရသည်။ ဆယ်လဆိုလျှင် အတိုးတစ်ရာရသည်။ ထိုအခါအရင်းကျေလေပြီ။ တစ်နှစ်မပြည့်မီ အရင်းကျေသည့်စီးပွားရေး။ သီအိုရီအရကြည့်လျှင် မည်မျှကောင်းသည့်စီးပွားရေးဖြစ်ပါသနည်း။ သို့သော်ထိုစီးပွားရေး၌ ထည့်သွင်းစဉ်းစားရမည့် ပြဿနာများရှိနေ၏။

ပထမတစ်ချက်မှာ ငွေချေးမည့်သူ ပုံမှန်ရှိနေဖို့ကိစ္စဖြစ်၏။ ငွေချေးမည့်သူပုံမှန်မရှိသည်နှင့် လုပ်ငန်းသည် ရပ်သွားတော့မည်သာဖြစ်သည်။ ဒါတတော့ သိပ်တော့ပြဿနာမရှိပါ။ ထိုသို့ရပ်သွားလျှင် အရင်းမထိသောကြောင့်ဖြစ်သည်။



ဒုတိယတစ်ချက်မှာ ငွေချေးသူထံမှ အတိုးမှန်မှန်ရနေဖို့ဖြစ်သည်။ ငွေချေးသူထံမှ အတိုးမှန်မှန်မရသည်နှင့် လုပ်ငန်းကိုထိခိုက်ပေတော့မည်။ မှန်မှန်မရသော အတိုးများကို အတိုးအရင်းပေါင်းတွက်ချက်သော် နောက်ဆုံး၌ တရားရုံးတက်၍ဖြေရှင်းရမည့်ကိစ္စအဖြစ် ကြီးထွားလာပေလိမ့်မည်။

တတိယအချက်မှာ ငွေချေးသူက ချေးငွေကို ပြန်မဆပ်နိုင်တော့ခြင်းပဲ ဖြစ်သည်။ သေးငယ်သော ငွေချေးလုပ်ငန်းတွေ၌ စကားများ၍အော်ကြီးဟစ်ကျယ် ရန်ဖြစ်ကြခြင်း၊ ကြီးကျယ်သော ငွေချေးသူမှုများ၌ တရားရုံး၌အဆုံးအဖြတ်ခံယူရခြင်းအထိ ပြဿနာတွေရှိသည်။

ခြုံငုံ၍ပြောရလျှင် ငွေတိုးချေးစားခြင်းကိစ္စ၌ စွန့်စားမှုတွေရှိနေသကဲ့သို့ ပြဿနာတွေလည်း များပြားလွန်းလှသည်။ ထို့အပြင် ခိုင်မာသော စီးပွားရေးမဟုတ်ဟု ဆိုရပေလိမ့်မည်။ အမြတ်ကိစ္စ၌လည်း အောင်မြင်သောစီးပွားရေးလုပ်ငန်းနှင့်နှိုင်းယှဉ်၍ မရလောက်အောင်ဖြစ်နေရပေလိမ့်မည်။

"အန်ကယ်တို့အမှန်က ကုမ္ပဏီအတွက် ငွေမရင်းနှီးသင့်ဘူး . . . အဲဒီငွေတိုးချေးစားတဲ့ လုပ်ငန်းအတွက်ပဲ ရင်းနှီးသင့်တယ်"

သူတို့နှစ်ယောက်မျက်နှာ နည်းနည်းပျက်သွားသည်။

"ဘာဖြစ်လို့လဲဆိုတော့ အန်ကယ်တို့စိတ်ထဲမှာ ငွေတိုးချေးစားတဲ့ လုပ်ငန်းက အမြတ်ပိုရတယ်ထင်နေလို့ပဲ. . . တစ်ခုတော့ အန်ကယ်တို့ စဉ်းစားကြည့်ပါ. . . ကမ္ဘာပေါ်မှာရှိတဲ့ Mega ကုမ္ပဏီကြီးတွေထဲမှာ ငွေတိုးချေးစားတဲ့ ကုမ္ပဏီကြီးတွေတတော့ တစ်ခုမှမရှိပါဘူး"

ဦးတင်မြင့်သည် ကျွန်တော့်စကားအဆုံး၌ တဟင်းဟင်းရယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်ကွ. . . မင်းမသိလို့ ဖြစ်ပါလိမ့်မယ်. . . တကယ်တော့ ဘဏ်လုပ်ငန်းတွေဆိုတာ ငွေတိုးချေးစားတဲ့ လုပ်ငန်းတွေပဲမဟုတ်လား"

"မဟုတ်ပါဘူး အန်ကယ်. . . တကယ်က ဘဏ်လုပ်ငန်းဆိုတာ ငွေအကျိုးဆောင်လုပ်ငန်းသက်သက်ပါ. . . ငွေချေးချင်တဲ့ သူတွေနဲ့ ငွေစုသူတွေရဲ့ကြားမှာ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့ အကျိုးဆောင်လုပ်ငန်းပါ"

ဦးဟုတ်ဝမ်က ကျွန်တော်တို့နှစ်ယောက်စကားကို နားထောင်ပြီး ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ကဲ. . . တော်ကြပါတော့. . . စကားတွေက ဘယ်တွေရောက်ကုန်မှန်းမသိဘူး. . . စကားရည်လုသလိုဖြစ်နေတယ်. . . ကဲ. . . မောင်အိမ်စိုး. . . အန်ကယ်ပွင့်ပွင့်လင်းလင်းပဲ မေးမယ်. . . မင်းမှာ ဘာရည်ရွယ်ချက်ရှိလို့. . . အန်ကယ်တို့ နှစ်ယောက်ကို အခုလို သီးခြားတွေ့တာလဲ"

ကျွန်တော် သူတို့နှစ်ယောက်ကိုကြည့်လိုက်ရာ သူတို့နှစ်ယောက်က ကျွန်တော်ကို ပြန်ကြည့်နေ၏။

"အဓိကကတော့ ရှယ်ယာကိစ္စပါပဲ အန်ကယ်. . . မူလသဘောတူညီချက်အရ. . ရှယ်ယာဝင်တစ်ယောက်ဟာ သူပိုင်ရှယ်ယာတချို့ကို ပြန်ရောင်းချင်တယ်ဆိုရင် လက်သိပ်ထိုးရောင်းဝယ်လို့ မရပါဘူး. . . ကုမ္ပဏီမှာပဲ တရားဝင်ရောင်းဝယ်ရပါတယ်. . . နောက်တစ်ချက်က ဦးရန်နိုင်အောင်ရဲ့သဘောထားပါ. . . သူဟာ စီးပွားရေးကိစ္စတွေမှာ တကယ်ကျွမ်းကျင်သူမဟုတ်ပါဘူး. . ဒါကြောင့် ကုမ္ပဏီသူ့လက်ထဲရောက်သွားမယ်ဆိုရင် အလွန်အန္တရာယ်ရှိပါတယ် . . ."

"အင်း. . . ဒါကတော့ မင်းတို့ဘက်က အမြင်ကိုးကွယ့်"

BURMESE CLASSIC .com

ကျွန်တော်သိလိုက်ပါသည်။ ဤညစာစားပွဲသည် အချိုးအနှိုးပင်ဖြစ်သွားလေပြီ။ ဤပုဂ္ဂိုလ်နှစ်ဦးကို အမှန်ကိုသိစေရေးသည် ကျောက်ခဲကို ဆီညှစ်သည်ထက် ခက်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



(၆)

"မင်း ပြောတဲ့စာအုပ်က ဘယ်ဆိုင်မှာမှမရှိဘူး၊ အဟောင်းဆိုင်တွေလည်း ကုန်သံလောက်ရှိပြီ . . . အဲဒီတော့ တက္ကသိုလ်စာကြည့်တိုက်နဲ့ အမျိုးသားစာကြည့်တိုက်မှာရှာကြည့်ဖို့ပဲကျန်တော့တယ် . . . စာအုပ်ကို ထုတ်ဝေခဲ့တဲ့ခုနှစ်ကိုရော မှတ်မိလို့လား"

"မမှတ်မိလိုက်ဘူး"

"ငါအကောင်းဆုံး အကြံပေးမယ် အိမ်စိုး . . . မင်းအဲဒီစာအုပ်ကိုလည်း မေ့လိုက်တော့ . . . နောက်ပြီး ထားအိသိမ့်ကိုလည်း မေ့လိုက်တော့"

ကျွန်တော်ငိုင်ကျသွားမိသည်။ ထားကိုမေ့လိုက်ရမည်တဲ့။ The Angels စာအုပ်ကို မေ့လို့ရချင်ရနိုင်သော်လည်း ထားကိုတော့ လုံးဝမေ့လို့ ရမည်မထင်ပါ။ မျိုးနိုင်ဇော်သည် ကျွန်တော်မျက်နှာကို အကဲခတ်သလိုကြည့်နေ၏။

"မျိုးနိုင်ဇော်"



"ဘာလဲဟေ့ကောင်"

"မင်းအားတဲ့နေ့နဲ့ ငါအားတဲ့နေ့ ကြိုးစားညှိကြည့်ပြီး တို့နှစ်ယောက် ထားတို့သားအဖရှိတဲ့အိမ်ကြီးကို လိုက်သွားကြည့်ရအောင် . . . မင်းလည်း ဒေသန္တရဗဟုသုတရတာပေါ့ . . . ငါ့အတွက်လည်း ထားကို တွေ့လိုတွေ့ငြားပေါ့"

"မင်းပြောတော့ သူတို့အဲဒီမှာ မရှိနိုင်တော့ဘူးဆို"

"ရှိလိုရှိငြားပေါ့ကွာ . . . နောက်ပြီး သူတို့မရှိတော့ဘူးဆိုရင်တောင်မှ အဲဒီနေရာလေးကိုကြည့်ပြီး အလွမ်းဖြေရတာပေါ့"

"ကောင်းပြီလေ . . . ငါ့အလုပ်ကတော့ အားမယ်ဆိုရင် အချိန်မရွေးအားလို့ရနေတာပဲ . . . မင်းအားမယ့်ရက်ကိုသာရွေး"

ကျွန်တော်ပြက္ခဒိန်ကို လှမ်းကြည့်လိုက်သည်။ ယနေ့မနက်လယ်တစ်နာရီတွင် ကုမ္ပဏီအစည်းအဝေးရှိသည်။ သန်ဘက်ခါဆိုလျှင် တနင်္ဂနွေနေ့။ ကုမ္ပဏီလည်း ပိတ်သည်။ ကျွန်တော်လည်း အစည်းအဝေးပြီးပြီဖြစ်သဖြင့် စိတ်ဓာတ်ပေါ့ပါးလွတ်လပ်နေမည်။

"တနင်္ဂနွေနေ့သွားမယ်ကွာ . . . ဒီက မနက်အစောကြီးထွက်မယ် . . . ဟိုမှာလည်း ဘာမှကြာမှာမဟုတ်တာ . . . ဒီကို ညမိုးချုပ်တော့ ပြန်ရောက်မှာပဲ . . . ကားကိုတော့ တို့နှစ်ယောက် တစ်လှည့်စီမောင်းတာပေါ့ . . ."

မျိုးနိုင်ဇော်ကလည်း သဘောတူပါသည်။ ထို့ကြောင့် တနင်္ဂနွေနေ့ နံနက်ငါးနာရီတွင် ထားရှိရာသို့ ကျွန်တော်တို့နှစ်ယောက်သွားကြမည်။ ခဏနေတော့ မျိုးနိုင်ဇော်က ကျွန်တော့်ကိုနှုတ်ဆက်ပြီး ပြန်သွားသည်။ သို့နှင့်ပင် ကျွန်တော်လည်း မကြာမီကျင်းပပြုလုပ်မည့် အစည်းအဝေးအတွက် ပြင်ဆင်ရလေတော့သည်။ လိုအပ်သော စာရင်းဇယားတွေကိုလည်း ဖိုင်ထဲမှာ အဆင်သင့်ကူးထားပြီးလေပြီ။ အစည်းအဝေးအတွက် အကျွေးအမွေးကိစ္စကိုလည်း စီစဉ်ပြီးလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးအဆင်သင့်ဖြစ်နေသော်လည်း ကျွန်တော့်စိတ်က ကြောင့်ကြမှုဖြစ်နေသည်။ စိတ်ထဲတွင် ဘာကြောင့်မှန်းမသိဘဲ လေးနေ၏။ ကျွန်တော် ဖေဖေ့ဆီ ခဏထသွားလိုက်သည်။ ဖေဖေကတော့ စိတ်လှုပ်ရှားမှုကို မည်သို့မျှဖော်ပြတတ်သူ မဟုတ်သဖြင့် တည်တည်ငြိမ်ငြိမ်ဖြစ်နေသည်ကိုသာ တွေ့ရသည်။

နေ့လယ် တစ်နာရီထိုးရန် ဆယ်မိနစ်မျှအလိုတွင် ကျွန်တော်တို့ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်လေးဦး၊ ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်။ သူတို့လက်ထဲတွင်လည်း ဖိုင်တချို့၊ မှတ်စုစာအုပ်တချို့ ကိုင်လာသည်။ ကျွန်တော်တို့ခြောက်ယောက် အစည်းအဝေးခန်းထဲမှာ နေရာယူလိုက်ကြသည်။ ကုမ္ပဏီ၏အမှုဆောင် အစည်းအဝေးဖြစ်သဖြင့် ကျွန်တော်တို့ခြောက်ယောက်မှအပ အခန်းထဲမှာ မည်သူ့ကိုမျှ ခေါ်မထား။

ဖေဖေက အစည်းအဝေးခေါ်ယူရခြင်းအကြောင်း စပြောပြီး၊ ပြီးခဲ့သည့်နှစ် အရှုံးအမြတ်စာရင်းကိုဖတ်ကြားသည်။ ကျွန်တော်ကတော့ ထိုအရှုံးအမြတ်စာရင်းကို အစည်းအဝေးမစမီကတည်းက သူတို့တွေကို ဝေငှထားလိုက်သည်။ ဖေဖေ စကားပြောပြီးသွားသည် အထိလည်း ပြဿနာမရှိပါ။

ကျွန်တော့်အလှည့်ရောက်မှပင် ပြဿနာစလေတော့သည်။ ကျွန်တော်ကတော့ ကုမ္ပဏီအထွေထွေမန်နေဂျာ တာဝန်ကိုယူထားသူဆိုတော့ ကုမ္ပဏီ၏ဘဏ္ဍာနှစ်တာအတွင်း လုပ်ဆောင်ခဲ့မှု၊ ပရိုဂျက်များ အောင်မြင်ခဲ့မှုနှင့် ဝန်ထမ်းများ၏အခြေအနေကိုရှင်းပြ အစီအရင်ခံရသည်။

"ထားပါလေ. . . ဒီအကြောင်းတွေက ဘာမှထူးခြားမှု မရှိပါဘူး. . . အစည်းအဝေး တစ်ခါလုပ်တိုင်း ဒါတွေချည်းပဲကြားနေရတော့ ကျုပ်တို့အနေနဲ့ ရိုးလာပြီ . . ."





ဦးရန်နိုင်အောင်၏စကားကြောင့် ပြောလက်စ ကျွန်တော့်စကားသည် ရပ်သွား၏။ အမှန်အတိုင်းပြောရလျှင် ကုမ္ပဏီ၏ရာထူးဖြစ်သည့် အထွေထွေမန်နေဂျာရာထူးကို ကျွန်တော်ယူထားသော်လည်း ကျွန်တော်သည် လူငယ်တစ်ဦးသာဖြစ်ပါသည်။ ယခုမှ ကျွန်တော့်အသက်သည် နှစ်ဆယ့်ခုနစ်နှစ်ပဲရှိသေးသည်။ ကျွန်တော် ဦးရန်နိုင်အောင်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ကျွန်တော့်ကိုယ်ထဲတွင် ဒေါသသွေးသည် လှည့်ပတ်ပြေးနေ၏။

သူကလည်း ကျွန်တော့်ကို ခပ်မာမာပြန်ကြည့်နေသည်။ သူ့အသက်သည် အလွန်ဆုံးမှ လေးဆယ်လောက်ပဲရှိဦးမည်။ ဆံပင်ကို နောက်ပြန်လှန်ဖြီးထားပြီး ရွှေရောင်မျက်မှန်ကိုင်းသေးသေး မျက်မှန်ကို တပ်ထား၏။

"ထူးခြားသည်ဖြစ်စေ. . . မထူးခြားသည်ဖြစ်စေ. . . အစည်းအဝေးရဲ့သဘာဝအရ. . . ကုမ္ပဏီဒါရိုက်တာ အစည်းအဝေးမှာ ဒီလိုအချက်တွေကို တင်ပြရမှာပဲ. . . ကုမ္ပဏီဆိုတာ. . . သာမန်လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်လို စီးပွားရေးမျိုး မဟုတ်ပါဘူး. . . စည်းမျဉ်းနဲ့ စည်းကမ်းနဲ့. . . ဥပဒေဘောင်နဲ့ ရှိပါတယ်"

သူ မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်ကို ကျွန်တော်တွေ့လိုက်ရသည်။

"ဟုတ်ပါပြီ. . . ဒါကိုထားပါတော့. . . အခုကျုပ်တို့ သိချင်တာ ဒီဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီရဲ့အဓိကပရောဂျက်က ဘာလဲ"

အခန်းသည် တိတ်ဆိတ်ငြိမ်သက်သွားသည်။ ဖေဖေသည် ကျွန်တော့်ကို တည်ငြိမ်စွာကြည့်နေ၏။ ကျွန်တော် စပြောလိုက်၏။

"အခုဆိုရင် ကျွန်တော်တို့ ကုမ္ပဏီဟာ အင်တာနက်ချိတ်ထားလိုက်ပါတယ်. . . အဲဒီမှာ ကျွန်တော်တို့ ကုမ္ပဏီရဲ့ဝက်ဆိုက် ဖွင့်ထားပါတယ်. . . အဲဒီတော့ ကျွန်တော်တို့ကုန်ပစ္စည်း၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့လုပ်ငန်းကို ကမ္ဘာ့ဈေးကွက်မှာချပြပြီး ကိုယ်ရောင်းချင်တဲ့ဈေး၊ တန်ရာတန်ကြေးဈေးကိုရဖို့ ကြိုးစားနေပါတယ်. . . အဲဒီက အကျိုးခံစားခွင့်တွေလည်း ရနေပါတယ်. . . ပေါက်ဈေးဆိုရင်လည်း တခြားဝက်ဆိုက်တွေထဲ ဝင်ကြည့်နိုင်ပါတယ်. . . အခုဆိုရင် ကျွန်တော်တို့မှာရှိနေတဲ့ ပဲစဉ်းငုံ၊ ပဲတီစိမ်း၊ နှမ်းဖြူ၊ နှမ်းမဲ. . .”

“ဒါတွေဟာ ကျုပ်တို့သိပြီးသားတွေလေ. . . အခုကျုပ်တို့သိချင်တာ အဲဒါတွေ မဟုတ်ဘူး. . . အသစ်ကို သိချင်တာ. . . အသစ်”

ကျွန်တော်နှင့် သူမျက်လုံးချင်း ဆုံမိပြန်သည်။

“ကျွန်တော်ပြောပါ့မယ်. . . လာမယ့်နှစ်မှာ ကျွန်တော်တို့ကုမ္ပဏီဟာ မီးဖိုချောင်သုံး Kitchen ware တွေ တင်သွင်းဖို့ ဆုံးဖြတ်ထားသလို. . . ကြိမ်ပရိဘောဂလုပ်ငန်းရှင်တွေဆီက ကြိမ်ပရိဘောဂတချို့ကို ပြည်ပကို တင်ပို့ရောင်းချဖို့ စီစဉ်ထားပါတယ်. . .”

“ကျုပ်တို့ သဘောမတူဘူး”

ပြဿနာတော့ စလောက်လေပြီ။

“ဒီပရောဂျက်အတွက် ကျွန်တော်တင်ပြထားတဲ့ စာရင်းဇယားတွေကို ကြည့်ကြပါ. . . တစ်ဖက်မှာ နိုင်ငံခြားက အရောင်းအေဂျင်စီတွေနဲ့ ချိတ်ဆက်မိနေသလို. . . ပြည်တွင်းကလည်း ကုန်ပစ္စည်းတွေကို လက်ခံဝယ်ယူမယ့်သူ၊ တာဝန်ယူရောင်းချမယ့်သူတွေနဲ့ ချိတ်ထားပြီးပါပြီ. . . ဒါကြောင့် ဒီပရောဂျက်ပြီးရင် ကုမ္ပဏီအတွက် အမြတ်ငွေတွေဟာ ဒီထက်တိုးလာဦးမှာသေချာပါတယ်”

“ကျုပ်တို့ သဘောမတူဘူး”

သည်တစ်ခါတော့ ဖေဖေ့အသံထွက်လာသည်။

“သဘောမတူဘူးဆိုရင် ဘာကြောင့်သဘောမတူဘူးလဲ ပြောပါ”



“သဘောမတူဘူးဆိုရတဲ့ အကြောင်းက. . . ဒီပရောဂျက်ဟာ ရိုးရှင်းလွန်းပြီး အမြတ်ဟာလည်း မဖြစ်စလောက်အမြတ်ဖြစ်နေလို့ပဲ. . . ဖြစ်နိုင်မယ်ဆိုရင် ဒီလိုခေတ်ကြီးထဲမှာ ကုမ္ပဏီရဲ့ ပေါ်လစီကို ပြောင်းဖို့ကြိုးစားရတော့မယ်. . . ကျွန်တော်တို့ဟာ ဆူလွယ်နပ်လွယ်ဖြစ်မယ့် လုပ်ငန်းမျိုးကိုပဲ ရွေးဖို့လိုတယ်”

“ဟုတ်ပြီ ဆူလွယ်နပ်လွယ်လုပ်ငန်းမျိုးဆိုတာ ဘယ်လိုဟာမျိုးလဲ. . . ဥပမာတစ်ခုလောက်ပေးပါ”

“ဥပမာပေးစရာတောင်မလိုပါဘူး. . . တိတိကျကျနဲ့ သေချာပေါက်ကိုပြောနိုင်ပါတယ်. . . ပြည်ပမှာရှိတဲ့ နို့မှုန့်ထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီကြီးတစ်ခုနဲ့ ကျွန်တော်ဆက်သွယ်မိပြီးပြီ. . . သူတို့ဆီက ကန့်သတ်ရက်ကုန်ဆုံးခါနီးနို့မှုန့်ဗူးတွေကို ဆယ်ပုံတစ်ပုံဈေးနဲ့ ကျွန်တော်တို့ဝယ်မယ်. . . အဲဒီဗူးခွံပေါ်က နေ့စွဲကိုလည်း ပြန်ပြင်ရိုက်ပေးမယ်ပြောတယ်. . . အဲဒီပရောဂျက်မျိုးသာ ခဏခဏ ရလိုက်လို့ကတော့ ကျွန်တော်တို့ကုမ္ပဏီဟာ မြန်မာပြည်မှာ Mega ကုမ္ပဏီကြီး ဖြစ်လာလိမ့်မယ်”

“ထွီ. . .”

ဖေဖေသည် မျက်နှာနီမြန်းနေပြီး မတ်တပ်ထရပ်လိုက်သည်။ ကျွန်တော်လည်း အသားတဆတ်ဆတ်တုန်သည်အထိ ဒေါသထွက်လာ၏။

“ကိုယ်ချမ်းသာဖို့. . . ကိုယ်အမြတ်အစွန်းရဖို့ တစ်ခုတည်းနဲ့ စားသုံးသူတွေ ဒုက္ခရောက်အောင်လုပ်တဲ့ အကြံအစည်ကြီးပါလား ဦးရန်နိုင်အောင်. . . တကယ်တော့ နို့မှုန့်ဆိုတာ ကလေးတွေအသောက်များတာပါ. . . မြန်မာပြည်ထဲက ထောင်ပေါင်းများစွာသောကလေးတွေ ဒုက္ခဖြစ်အောင်. . . ခင်ဗျားမို့ ဒီအကြံအစည်မျိုးကို ကြံတတ်တယ်. . . မှတ်ထား. . . ဦးရန်နိုင်အောင်. . .

www.burmeseclassic.com

www.burmeseclassic.com



ဒီပရောဂျက်မျိုးကို ကျုပ်တို့ကုမ္ပဏီဟာ ဘယ်တော့မှမလုပ်ဘူး. . . အရင်ကလည်း မလုပ်ဘူး. . . အခုလည်း မလုပ်ဘူး. . . နောင်လည်း မလုပ်ဘူး”

ဖေဖေပြန်ထိုင်လိုက်သောအခါ ဦးရန်နိုင်အောင် မဲ့ပြုံးပြုံးသည်။ သူကဆက်၍

“ကောင်းပြီလေ. . . ဒါဆိုလည်း ကုမ္ပဏီရဲ့ရှယ်ယာကိစ္စ ဆက်ပြောရအောင်. . . အခုဆိုရင် ဦးဟုတ်ဝမ်၊ ဦးတင်မြင့်နဲ့ ဦးသောင်းမြင့်အောင်တို့က သူတို့ရဲ့ ရှယ်ယာတချို့ကို ကျွန်တော့်ကို ထုတ်ရောင်းပါတယ်. . . အဲဒီအတွက် ကုမ္ပဏီရဲ့ပြင်ပမှာတော့ ကျွန်တော်တို့ သဘောတူညီချက်အသီးသီးနှင့် စာချုပ်တွေ ချုပ်ဆိုထားပြီးပါပြီ. . . ဒီတော့ အဲဒီကိစ္စအတွက် ကုမ္ပဏီမှာ တရားဝင်ဖြစ်အောင်လုပ်ပေးပါ . . .”

တိုက်ပွဲသည် စလေပြီ။ သူတို့ဘက်မှ စစ်ကြေညာလိုက်လေပြီ။ သူတို့က လေးယောက်။ ကျွန်တော်တို့က သားအဖနှစ်ယောက်တည်း။ ဦးရန်နိုင်အောင်သည် သူ၏ဖိုင်ထဲမှ စာရွက်စာတမ်းတချို့ကို ကျွန်တော်ရှေ့သို့ တွန်းပို့သဖြင့် ကျွန်တော်ကြည့်လိုက်သောအခါ ရှယ်ယာအရောင်းအဝယ်ကိစ္စအတွက် ချုပ်ဆိုထားသော စာချုပ်စာတမ်းများ ဖြစ်နေကြောင်းတွေ့ရသည်။

အရောင်းအဝယ်ပြုလုပ်ထားသော ရှယ်ယာစာချုပ်များအရ ဦးဟုတ်ဝမ်နှင့် ဦးတင်မြင့်၏လက်ကျန်ရှယ်ယာသည် ၇. ၅ ရာခိုင်နှုန်းစီသာကျန်တော့ပြီး ဦးသောင်းမြင့်၏လက်ကျန်ရှယ်ယာကတော့ ၅ ရာခိုင်နှုန်းသာကျန်တော့သည်။ သည်လိုဆိုတော့ ဦးရန်နိုင်အောင်သည် ကုမ္ပဏီ၏ရှယ်ယာလေးဆယ်ရာခိုင်နှုန်းကို ပိုင်သွားလေပြီတည်း။

သူ၏ရှယ်ယာသည် ကျွန်တော်တို့သားအဖနှစ်ယောက်၏



ရှယ်ယာနှင့် ပမာဏလာတူနေလေပြီ။ စာချုပ်တွေကို ရှေ့နေများ ရှေ့မှောက်မှာ ချုပ်ဆိုထားခြင်းဖြစ်သဖြင့် အမှန်ဟုပင် ကျွန်တော်တို့ မှတ်ယူရမည်ဖြစ်ပါသည်။ သို့တိုင်အောင် ကျွန်တော့်စိတ်ထဲ ဘဝင်မကျ။ ကျွန်တော်လည်း သက်ပြင်းတစ်ချက်ချလိုက်ရင်းက ဦးသောင်းမြင့်အောင်ကို ကြည့်လိုက်မိသည်။

ကုမ္ပဏီ၏ရှယ်ယာဝင်များအနက် ဦးသောင်းမြင့်အောင်တစ်ယောက်သာလျှင် သမာသမတ်ရှိသည်ဟု ကျွန်တော်ထင်ထားခဲ့သည်။ ယခုတော့ သူလည်းပြောင်းလဲသွားပြီ။ ကျွန်တော်က မတ်တပ်ထရပ်လိုက်ပြီး

“ကောင်းပြီလေ. . . ခင်ဗျားတို့ရဲ့ ရှယ်ယာ အရောင်းအဝယ်ကိစ္စကို ကုမ္ပဏီက အတည်ပြုလက်ခံပေးပါမယ် . . . အခုဆိုရင် ဦးရန်နိုင်အောင်ဟာ ကုမ္ပဏီရဲ့အစုရှယ်ယာရာခိုင်နှုန်းလေးဆယ်ကို ပိုင်သွားပါပြီ. . . ဒါပေမယ့် ကုမ္ပဏီ စတင်ထူထောင်စဉ်က ရေးဆွဲခဲ့တဲ့စည်းကမ်းအရ. . . ဦးရန်နိုင်အောင်ဟာ ကုမ္ပဏီရဲ့အမ်ဒီတော့ ဖြစ်ခွင့်မရှိသေးပါဘူး. . . ဘာဖြစ်လို့လဲဆိုတော့ ယခုရှိကုမ္ပဏီရဲ့ အမ်ဒီဖြစ်တဲ့ ဦးကောင်းမြတ်ရဲ့ရှယ်ယာကို မကျော်သေးလို့ပါပဲ. . . စိန်ခေါ်သူတစ်ဦးဟာ သရေဖြစ်နေရုံနဲ့ မရပါဘူး. . . နိုင်မှ ဖြစ်မှာပါ . . . ဦးကောင်းမြတ်ရဲ့ရှယ်ယာထက်များမှ ဖြစ်မှာပါ”

ထိုစကားသည် သူတို့လေးယောက်၏အရှိုက်ကို ကောင်းစွာထိပါသည်။ ဦးရန်နိုင်အောင်သည် မျက်နှာကွက်ခနဲဖြစ်သွားသည်။

“အဲဒီတော့ လာမယ့်ဘဏ္ဍာရေးနှစ်အတွက်. . . ကောင်းမြတ်ထရေးဒင်းကုမ္ပဏီရဲ့ အမ်ဒီဟာ အပြောင်းအလဲမရှိသလို. . . အမှုဆောင်ဒါရိုက်တာတွေလည်း အပြောင်းအလဲမရှိပါဘူး. . . ဒီတော့ လာမယ့်နှစ်အတွက် ကျွန်တော်တို့ရေးဆွဲထားတဲ့ ပရောဂျက်တွေဟာ ကုမ္ပဏီအတွက် အလွန်ပဲသင့်တော်ပါတယ်. . . ဘယ်သူတို့မှ

www.burmeseclassic.com

www.burmeseclassic.com



အကျိုးမယုတ်စေမှာဖြစ်သလို. . . ကုမ္ပဏီရဲ့ဂုဏ်သိက္ခာကိုလည်း မထိခိုက်စေတဲ့အတွက် အားလုံးက သဘောတူကြမယ်ထင်ပါတယ်. . . သဘောတူပါသလား ခင်ဗျား"

ကျွန်တော်သုံးခါမေးသော်လည်း တုံ့ပြန်မှုမပြုကြ။

"ဟုတ်ပါပြီ. . . ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းတစ်မျိုး . . . သဘောတူခြင်းတစ်မျိုးဖြစ်တဲ့အတွက် . . . အဲဒီပရောဂျက်ကို ကျွန်တော်တို့အကောင်အထည်ဖော်ပါတော့မယ်. . . ဒါပါပဲ ခင်ဗျား"

ကျွန်တော့်စကားဆုံးသော် ဖေဖေ့အသံထွက်လာ၏။

"ဘာများပြောစရာရှိသေးသလဲ. . . ဘာမှ ပြောစရာမရှိတော့ဘူးဆိုရင် အစည်းအဝေးပြီးပါပြီ"

ဖေဖေသည် စကားဆုံးသည်နှင့် အစည်းအဝေးခန်းထဲမှ အရင်ထွက်သွားသည်။ သူတို့လေးယောက်ကို ကျွန်တော်တစ်ယောက်ဆီ လက်ကမ်းပေးလိုက်မိသည်။ ဦးသောင်းမြင့်အောင်မှအပ သူတို့သည် ကျွန်တော့်ကို ဝတ်ကျေတမ်းကျေသာ နှုတ်ဆက်သည်။ သူတို့အားလုံး အစည်းအဝေးခန်းထဲမှ ထွက်သွားသောအခါမှ ကျွန်တော်လည်း ကုလားထိုင်မှာပြန်ထိုင်ချလိုက်မိသည်။

ဤကုမ္ပဏီ၏စည်းလုံးညီညွတ်မှုသည် လုံးဝပျက်စီးသွားခဲ့လေပြီ။ အနာဂတ်သည် ရင်လေးဖွယ်ကောင်းနေလေပြီ။

**လမ်း**ကိုလည်း မမှတ်မိ၊ နေရာကိုလည်း မမှတ်မိသဖြင့် အတော်ကလေးကို ကြိုးစားပြီးသွားရသည်။ နောက်ဆုံးမှာတော့ ထားတို့အိမ်ကြီးရှိရာ မြေနီလမ်းကလေး၏ထိပ်ကို သွားတွေ့လေသည်။ ကားကို သစ်ပင်ကြီးအောက်၊ လမ်းဘေးသို့ချ၍ ရပ်လိုက်သည်။ မျိုးနိုင်ဇော်သည် နောက်ခန်း၌ တရှူးရှူးနှင့်အိပ်မောကျနေ၏။

"ဟေ့ကောင် မျိုးနိုင်ဇော်. . . ထဦး"

"ဘာလဲကွ. . . ရောက်ပြီလား"

သူကမျက်စိကို လက်နှင့်ပွတ်ရင်း ပြူးတူးပြဲတဲနှင့် မေး၏။

"ဒီသစ်ပင်ကြီးပဲကွ. . . ဒီအောက်မှာ ငါကားရပ်ထားတုန်း ငါ့ပေါ် သစ်ကိုင်းကျိုးကျတာ"

ကျွန်တော်ကားပေါ်မှဆင်းလိုက်သည်။ အဝေးမှာမြင်နေရသော ကွင်းပြင်ကြီးသည် ညီညာပြန့်ပြူးလျက်ရှိသည်။ မြေပြစ်သောအနီးအဝေး ရှုခင်းကြောင့် လွမ်းဆွတ်ဖွယ် ခံစားရလေသည်။ မျိုးနိုင်ဇော်သည် ကျွန်တော့်ဘေးရောက်လာပြီး သစ်ပင်ကြီးကိုမေ့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"အင်း. . . သစ်ကိုင်းလေး ကျိုးရုံကျိုးပြီးထိလို့ပဲပေါ့ကွာ. . . အပင်လိုက်ကြီးသာ အမြစ်ကကျွတ်ပြီး မင်းအပေါ် လဲလို့ကတော့ အခု အချိန်လောက်ဆို မင်းအစိမ်းသရဲတောင် ဖြစ်နေလောက်ပြီ"

"မင်းပဲ အစိမ်းသရဲဖြစ်. . . ငါကတော့ အိန္ဒြာယ်နဲ့တွေ့ရဦးမယ်"

ပတ်ဝန်းကျင်ကို ခဏလောက်လှည့်ပတ်ကြည့်ပြီးသော် ကျွန်တော်တို့နှစ်ယောက် ကားပေါ်သို့ပြန်တတ်ကြသည်။ ကားကို ဆက်မောင်းရင်း မြေနီလမ်းကလေးထဲသို့ ချိုးကွေ့၍ဝင်လိုက်သည်။ လမ်းသည် ချိုင့်တွေ၊ ကျင်းတွေနှင့် ပြည့်နှက်နေသဖြင့် ကားစီးရသည်နှင့်မတူဘဲ၊ လှေစီးနေရသည်နှင့် တူသည်။ တဖြည်းဖြည်းနှင့် ကားသည် အိမ်ကြီးဆီသို့ ရောက်သွား၏။

"ဒီအိမ်ကြီးပဲ. . . မျိုးနိုင်ဇော်"

အိမ်ရှေ့မှာ ကားရပ်လိုက်ရင်း အိမ်ကိုကြည့်လိုက်ရာ တံခါး သော့ခတ်ထားသည်ကို တွေ့လိုက်ရသည်။ ရှိသမျှ တံခါးပေါက်တွေ၊ ပြတင်းပေါက်တွေ အကုန်လုံးလည်း ပိတ်လျက်သားဖြစ်နေ၏။ ထား၊ တို့သားအဖ ဤအိမ်ကြီးမှာ မရှိတော့ပြီ။ သူတို့မည်သည့်နေရာကို ထွက်သွားကြလေပြီနည်း။ မတွေ့ရတော့ဘူးဆိုလေမှ ပို၍လွမ်းလာသည်။

မြက်နှံပင်တွေကြားမှာ နှစ်ယောက်သားလမ်းလျှောက်ခဲ့သည်ကို ပြန်သတိရ၏။

ဤအိမ်ကြီးသို့ စရောက်ခါစနေ့ကို ပြန်သတိရသည်။ အဝေး တစ်နေရာဆီက ချိုးကူသံသည် လွမ်းဖွယ်ကောင်းနေ၏။ ကောင်းကင်ကြီးသည် မှိုင်းညို့နေသည်။ မျိုးနိုင်ဇော်သည် အိမ်ကြီး၏တံခါးရွက် အနီးကပ်သွားပြီး တံခါးရွက်ကြားမှ အထဲကိုချောင်းကြည့်သည်။

ဤပတ်ဝန်းကျင်တစ်ခုလုံး ကျွန်တော်တို့နှစ်ယောက်မှအပ မည်သူမျှ မရှိ။

"ဘယ်သူမှ မရှိကြတော့ဘူးကွ. . . အိမ်ထဲမှာလည်း ရှင်းနေတာပဲ. . . ဘယ်လိုလုပ်ကြမလဲ"

"အင်း. . . သူတို့ ဘယ်သွားသလဲ မသိရတာ နာတာပဲကွာ"

"နေဦးကွ. . . သော့ဖျက်ပြီး အထဲဝင်ကြည့်ရင် ကောင်းမလား"

"ဟာ. . . မကောင်းပါဘူးကွာ. . . တစ်ယောက်ယောက် မြင်သွားရင် တို့ကို သူခိုးထင်နေပါဦးမယ်"

"ရပါတယ်ကွ. . . တို့အထဲကိုဝင်ချင်တာက ဝင်ခိုးဖို့မှ မဟုတ်ဘဲ. . . နောက်ပြီး ဒီနားလည်း ဘယ်သူမှမရှိဘဲ"

မျိုးနိုင်ဇော်သည် ခြေမြန်လက်မြန်ပင် အနားဟုရှိသော ကျောက်ခဲတစ်လုံးကို ကောက်ယူပြီး သော့ကိုဖျက်လေတော့သည်။

"လာ. . . ဟော့ကောင်. . . သော့ပျက်သွားပြီ. . . အထဲဝင်ကြရအောင်"

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် အိမ်ထဲသို့ဝင်လိုက်ကြသည်။ ပြတင်းပေါက်တွေပိတ်ထားသဖြင့် အိမ်ထဲမှာ နည်းနည်းမှောင်နေသည်။ မျိုးနိုင်ဇော်က ပြတင်းပေါက်တစ်ခုကို သွားဖွင့်လိုက်မှ လင်းလာ၏။ အိမ်ထဲမှာ ဘာမှမရှိတော့ပြီ။ ပရိဘောဂတွေလည်း ဘာမှမရှိတော့။ ဤအိမ်ကြီးမှ လွန်ခဲ့သောရက်သတ္တတစ်ပတ်ကျော်က ကျွန်တော်နေခဲ့ဖူးသည်။ ဤအိမ်ကြီးမှာပင် ကျွန်တော့်အချစ်သည် ဖြစ်ပေါ်ခဲ့သည်။

ဘာမှမရှိခြင်းကပင်လျှင် လွမ်းစရာကောင်းနေ၏။ ကျွန်တော်အိပ်စက်ခဲ့ရာ အခန်းကလေးကို ဝင်ကြည့်လိုက်သော်လည်း အထဲမှာ ဘာမှမရှိတော့။ ခုတင်လည်းမရှိ။ စားပွဲခုံလည်း မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဟာလာဟင်းလင်း၊ မီးဖိုဆောင်ထဲဝင်ကြည့်တော့လည်း ဟာလာဟင်းလင်း၊ မျိုးနိုင်ဇော်သည် ဖွင့်ထားသောပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ငေးကြည့်နေ၏။ ကျွန်တော်လည်း သူ့ကိုယားခဲ့ကာ အပေါ်ထပ်သို့တက်ခဲ့သည်။ အပေါ်ထပ်မှာရှိသော အခန်းတွေသည် ပိတ်မထားဘဲ ပွင့်လျက်ရှိသဖြင့် ကျွန်တော်လည်း ထားအိသိမ့်၏အခန်းသို့ တန်း၍သွားသည်။

အခန်းထဲတွင် မည်သည့်ပစ္စည်းမျှမရှိ။ တံခါးတွေကို ပိတ်ထားသည်မှာကြာပြီဖြစ်သဖြင့် အခန်းထဲမှာ လေကောင်းလေသန့်မရဘဲ ဖုန်နံ့ကိုသာရ၏။ ထားအိသိမ့်၏အခန်းကလေးကို အလွမ်းပြေတစ်ချက်ကြည့်လိုက်ပြီး ထိုအခန်းမှထွက်ကာ ဦးမင်းဝေ၏အခန်းသို့ ဝင်မိပြန်သည်။ သည်အခန်းထဲမှာလည်း ဘာမှမရှိ။ သို့သော်လည်း အခန်းထဲမှာလည်း ဘာမှမရှိ။ သို့သော်သည်အခန်းထဲမှာတော့ စက္ကူစုတ်တချို့ကို လုံးထွေးပြီး ပစ်ထားသည်ကို တွေ့ရသည်။

ကျွန်တော်လည်း လှည့်ထွက်မည်ပြုပြီးမှ ထိုစက္ကူစုတ်တချို့ကို စပ်စုချင်လာသဖြင့် အခန်းထဲပြန်ဝင်ကာ စက္ကူစုတ်တွေကိုပြန်၍ကြည့်မိလေသည်။ အချို့သည်ကား လက်မှတ်ဖြတ်ပိုင်းတွေဖြစ်နေ၏။ ခရီးစဉ်သည် ရန်ကုန်၊ မန္တလေးခရီးစဉ်တချို့၊ ရန်ကုန်တောင်ငူ ခရီးစဉ် တချို့။ တချို့စက္ကူတွေကတော့ ဈေးစာရင်းတွေဖြစ်နေသည်။ ထိုအခိုက်မှာပင် ကျွန်တော့်မျက်စိသည် လုံးထွေးနေသောစာအုပ် ခပ်သေးသေးလေးတစ်အုပ်ကိုသွားတွေ့၏။ သို့သော်အစိတ်စိတ် အမွှာမွှာစုတ်ပြဲနေသဖြင့် ဘာမှဖတ်မရ။ ထိုစာအုပ်နှင့်ကပ်လျက်နေရာတွင် လိပ်စာကဒ်လေးတစ်ခု။ ကျွန်တော် ထိုလိပ်စာကဒ်လေးကို ယူကြည့်လိုက်မိသည်။

ဒေါက်တာတင်မောင်စိုး
စိတ်ရောဂါအထူးကုဆရာဝန်



ကုမုဒြာဆေးခန်း
(..) လမ်းမတော်၊ ရန်ကုန်မြို့။

ထိုအခိုက်မှာပင် မျိုးနိုင်ဇော်က အခန်းရှေ့ရောက်လာသည်။

"အောက်မှာတော့ ဘာမှမတွေ့ဘူးကွ... ဒီမှာရော ဘာထူးလဲ"

လိပ်စာကဒ်ကလေးကို ကျွန်တော့်အိတ်ထဲထိုးထည့်ထားလိုက်မိသည်။

"ဒီမှာလည်း ဘာမှမထူးဘူးကွ... ဟိုးဘက်အစွန်ခန်းက ထားအိသိမ့်ရဲ့အခန်းလေ... အဲထဲမှာတော့ ဘာမှမရှိဘူး"

သူပြန်ထွက်သွားသည်။ ကျွန်တော်ကလည်း အခန်းထဲမှပြန်ထွက်ရင်း လိပ်စာကဒ်လေးကို လက်နှင့်အသာစမ်းလိုက်မိသည်။ ထိုအခါ ထားအပေါ်မတွေးရက်သဖြင့် မတွေးခဲ့မိသောအကြောင်းကို စတွေးမိလေတော့သည်။

ထားသည် လူသာမန်တို့ကဲ့သို့မဟုတ်ဘဲ စိတ်ကျန်းမာရေးချို့တဲ့နေသည်၊ စိတ်ရောဂါဝေဒနာရှင်တစ်ဦးပင်ဖြစ်ပါသလော။ ဤအိမ်၌ စိတ်ရောဂါအထူးကုဆရာဝန်တစ်ဦး၏ လိပ်စာကဒ်ကို တွေ့လိုက်ရရုံနှင့် ထိုသို့တစ်ထစ်ချထင်မြင်ယူဆ၍တော့ မဖြစ်ပါ။ သို့သော်စဉ်းစားဖွယ်တော့ ကောင်းလာပါသည်။

နောက်တော့ ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် အိမ်ကြီးမှ ပြန်ထွက်ကြသည်။ ကျွန်တော်ကတော့ ဘေးပတ်ဝန်းကျင်သို့ ခဏလမ်းလျှောက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေ၏။ ရန်ကုန်ကိုအပြန်မှာတော့ မျိုးနိုင်ဇော်က ကားမောင်းသည်။ ကျွန်တော်က နောက်ခန်းမှာမျက်စိမှိတ်ရင်း အဖြစ်အပျက်တွေကို စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထားအိသိမ့်ကို ဗဟိုပြုသည့်အချက်ကို ပထမဦးစွာစဉ်းစားမိခြင်းဖြစ်ပါသည်။ ပထမစဉ်းစားပုံက ထား၏ပုံမှန်အခြေအနေကို စဉ်းစားမိခြင်းဖြစ်သည်။ ထား၌ စဉ်းစားဆင်ခြင်ဉာဏ်အပြည့်အဝရှိသည်။ ဗိတ်ဝေဒနာရှင် အတော်များများ၌ တွေ့ရသည့်အပြောင်းအလဲမြန်သည့် စိတ်ပိုင်းဆိုင်ရာအပြုအမူတွေ မတွေ့ရပါ။ ဤစဉ်းစားမှုမှာ အိန်ဂျယ်ဆိုသည့် နတ်မိမယ်ကိစ္စက ပြဿနာကြီးတစ်ခုဖြစ်၏။

ဒုတိယစဉ်းစားပုံမှာ ထား၏ပုံမှန်မဟုတ်သော အခြေအနေကို စဉ်းစားကြည့်ခြင်းဖြစ်သည်။ စဉ်းစားရင်းနှင့် ရင်ထဲမှာနာကျင်လာပြီး သက်ပြင်းတစ်ချက်ချလိုက်မိသည်။ ဒေါက်တာတင်မောင်စိုးဆိုသူထံမှာ ဆက်သွယ်စုံစမ်းကြည့်လျှင်တော့ တစ်စုံတစ်ခုကိုသိရလိမ့်မည်ထင်ပါသည်။ သို့သော် ဒေါက်တာတင်မောင်စိုးထံမှ သိရမည့် ထိုတစ်စုံတစ်ခုအတွက် စိုးရိမ်ကြောင့်ကျနေမိပြန်သည်။

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်သည် စကားပြောရင်းကားမောင်းသည်။ လမ်းဘေးက သင့်တင့်သောစားသောက်ဆိုင် တွေ့လျှင်ဝင်စားသည်။ သို့နှင့်ပင် ရန်ကုန်သို့ ပြန်ရောက်ခဲ့သည်။

(၇)

**လမ်း** မတော်မှာရှိသော ကုမုဒြာဆေးခန်းကို ကျွန်တော် ခက်ခက်ခဲခဲပင် ရှာဖွေရလေသည်။ စိတ်ရောဂါကုသသော ဆေးခန်းတို့သည် လူနာတို့၏ ဘဝသုံခြုံမှုကိုငဲ့ညှာသောအားဖြင့် ပေါ်ပေါ်ထင်ထင်ဖွင့်လှစ်လေ့မရှိတာလည်း ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် ဤဆေးခန်းကိုယ်၌က နေရာအခက်အခဲကြောင့် ယခုလိုပင် ဖွင့်လှစ်ထားခြင်းလည်း ဖြစ်ချင်ဖြစ်မည်။

ကျွန်တော်လည်းကားကို ပလက်ဖောင်းဘေးမှာပဲရပ်ခဲ့ပြီး ဆေးခန်းရှိရာ အထပ်သို့ တက်လိုက်မိသည်။ ဆေးခန်းသည် လူရှင်းနေ၏။ ထို့ကြောင့် ဆရာဝန်ကို အဆင်သင့်ပင်တွေ့ရလေသည်။

"ဩော်. . . လာပါ. . . ထိုင်ပါ"

ဆရာဝန်သည် အလွန်ဆုံးမှ အသက်သုံးဆယ့်ငါးလောက်သာရှိပါဦးမည်။ မျက်မှန်အနက်ခပ်သေးသေးလေးနှင့် စာအုပ်တစ်

www.burmeseclassic.com

www.burmeseclassic.com



အုပ်ကို ဖတ်နေရာမှ ကျွန်တော့်ကိုမော့ကြည့်၏။ ကျွန်တော် ဆရာဝန်ရှေ့မှာ ထိုင်လိုက်သည်။ သူ့အကြည့်၌ စူးစမ်းသည့်အသွင်ပေါက်နေသည်။ ကျွန်တော့်ကို စိတ်ရောဂါဝေဒနာရှင်ဟု ထင်မှတ်နေသလားတော့ မပြောတတ်ပါ။

"ဟုတ်ကဲ့. . . ဘာကိစ္စများရှိလို့ပါလိမ့်"

ကျွန်တော်လည်း ထိုအခါမှ ဘယ်လိုပြောရမလဲစဉ်းစားမိသည်။ သိချင်သောအရာကိုမေးရန် ပွင့်ပွင့်လင်းလင်းပြောပြမှ ဖြစ်ပေတော့မည်။

"ဒီလိုပါဆရာ. . . လွန်ခဲ့တဲ့ ဆယ့်ငါးရက်လောက်က ကျွန်တော် အဝေးပြေးလမ်းမကြီးရဲ့ တစ်နေရာမှာ သစ်ကိုင်းကျိုးကျလို့ ခေါင်းမှာ ဒဏ်ရာရခဲ့တယ် ဆရာ"

"ဟုတ်ပြီ ဆက်ပြောပါ. . . ဒဏ်ရာက အတော်ကြီးသလား"

"ခပ်သေးသေးပါပဲ ဆရာ. . . တစ်လက်မလောက်ပါပဲ"

"ဘယ်နေရာကို ထိခိုက်မိတာလဲ"

"ခေါင်းမှာပါ ဆရာ"

"မဟုတ်ဘူးလေ. . . ဆရာမေးတာက ခေါင်းရဲ့ဘယ်နေရာကို ထိခိုက်မိတာလဲလို့ မေးတာ. . . ခေါင်းရဲ့နောက်စေ့နေရာလား . . . ငယ်ထိပ်နေရာလား ဒါကိုမေးတာ"

"ချိုစောင်းမှာပါ"

"ဓာတ်မှန်ရော ရိုက်ကြည့်သေးလား"

"ဟင့်အင်း. . . ရိုက်မကြည့်ပါဘူး"

ဆရာဝန်သည် လူနာမှတ်တမ်းစာအုပ်အသစ်တစ်အုပ်ကို အသာဆွဲယူလိုက်ပြီး ကျွန်တော့်ကို မော့ကြည့်သည်။ သူ့အကြည့်သည် ကျွန်တော့်ကို ကရုဏာသက်သည့် အကြည့်ဖြစ်သည်။ ကျွန်တော်ကလည်း ဒဏ်ရာရခဲ့သည်မှတစ်ဆင့် ထားတို့သားအဖနှင့် တွေ့သည်အထိ ပြည့်ပြည့်စုံစုံပြောပြလိုက်မိသည်။ ကျွန်တော့်စကားဆုံးသည်နှင့် ဆရာဝန်သည် ကျွန်တော့်ကို စမေးတော့သည်။

"နာမည်ကိုပြောပါ"

"အိမ်စိုးပါ ဆရာ"

"အသက်"

"နှစ်ဆယ့်ခုနှစ်ပါ. . . ဟိုဒင်းဆရာ. . . ကျွန်တော် လူနာ မဟုတ်ပါဘူး. . . ကျွန်တော့်ရင်ထဲမှာဖြစ်နေတဲ့ ပဟေဠိအတွက် တစ်စုံတစ်ခုများ သိရမလားဆိုပြီး ဆရာ့ဆီလာခဲ့တာပါ"

"ဟာ ဟုတ်တာပေါ့ . . . လာရမှာပေါ့ ဆရာ့ဆီလာရင် အားလုံးသိရမယ်. . . ကဲ. . . ဟုတ်ပြီ. . . ခုတင်ပေါ် ခဏတက် လိုက်နော်"

ဒုက္ခပါပဲ။ ဆရာဝန်သည် ကျွန်တော့်ကို စိတ်ရောဂါဝေဒနာသည် ထင်နေလေပြီ။ ထို့ကြောင့် ကျွန်တော်အကြောက်အကန်ငြင်းရလေတော့သည်။

"မဟုတ်ဘူးဆရာ. . . ကျွန်တော်လူနာမဟုတ်ပါဘူး. . . အားလုံးကောင်းပါတယ်. . . အခုဒီကို ကျွန်တော်လာခဲ့တာက ဆရာ့ဆီမှာ အိန်ဂျယ်တစ်ယောက်များ ဆေးလာကုနေသလားလို့"

"ခုတင်ပေါ်သာ ဆရာပြောသလိုတက်လိုက်ပါ. . . အားလုံး အဆင်ပြေသွားမှာပါလိမ့်မယ်"

ဆရာဝန်သည် ထိုင်ရာမှ ထလာပြီး ကျွန်တော့်လက်မောင်းကိုအတင်းဆွဲပြီး ခုတင်ပေါ်သို့တက်စေသည်။ သူကား သန်စွမ်းလှချေသည်။ ကျွန်တော်ရုန်းသော်လည်း မရဘဲ ကုတင်ပေါ်ရောက်သွားသည်။ သူသည် ကျွန်တော့်လက်တွေကို အတင်းချုပ်ထားပြီး ဦးခေါင်းကိုဖြဲကာကြည့်သည်။ ပြီးတော့ မျက်လုံးကိုလည်းဖြဲကြည့်သည်။ ပါးစပ်ကိုလည်း ဖြဲကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ လူကလေး. . . မင်းဟာ ဆရာထင်သလိုပဲ ဂေါက်နေပြီ. . . အဲဒီတော့ မင်း. . . ဒီမနက် ဘာဟင်းနဲ့ထမင်းစားခဲ့သလဲ"

"မဟုတ်ပါဘူး ဆရာ. . . ကျွန်တော်လူနာမဟုတ်ဘူး"

"ဒီလိုပါပဲကွာ. . . ဒီကိုလာတဲ့လူနာတွေဟာ ဒီလိုပဲပြောကြတာပဲ"

ခုတင်ပေါ်မှ ကျွန်တော်အတင်းကုန်းရုန်းထဖို့ ကြိုးစားသော်လည်း မရ။ ဆရာဝန်က ကျွန်တော့်ကို အတင်းတက်ဖိထား၏။ ကျွန်တော်နောင်တရသွား၏။ ဒီကိုလာတာမှားသွားလေပြီ။

"ကဲပြော. . . မနက်က ဘာဟင်းနဲ့ စားခဲ့သလဲ"

"ကြက်သားပါဆရာ"

"ကြက်သားဟုတ်လား. . . မင်း $H_5N_1$ ကြားဖူးသလား"

"ဟုတ်ကဲ့ဆရာ. . . ကြားဖူးပါတယ်"

"မင်းပါးစပ်ပြန်ဟစမ်း . . . မင်းပါးစပ်ထဲမှာ $H_5N_1$ တွေ ဘယ်လောက် တောင်များနေပြီလဲ ကြည့်ရအောင်"

ကျွန်တော့်ပါးစပ်ကို ဖြဲကြည့်လို့ မရအောင်စေ့ထား၏။ သို့သော် မရ။ ဆရာဝန်က အတင်းဖြဲကြည့်သည်။

"ဘာဖြစ်နေတာလဲ. . . ငါ မင်းကို ဆေးကုပေးမလို့. . . ငြိမ်ငြိမ်နေစမ်း"

မျိုးနိုင်ဇော်ကို ခေါ်မလာခဲ့မိသည်ကို နောင်တရသွားသည်။ ဆရာဝန်က ဆက်ပြောပြန်သည်။

"ဒီလိုကွ. . . လူတွေရဲ့ခေါင်းထဲမှာ ဦးနှောက်ဆိုတာရှိတယ် . . . အဲဒီဦးနှောက်ထဲမှာ ဘာရှိသလဲ မင်းသိသလား"

ဤဆရာဝန်ကား သန်လှချေသည်တကား။ ကျွန်တော့်ခြေထောက်တွေကို လှုပ်လို့မရအောင် သူ့ဒူးတွေနှင့်ပါ တက်ဖိထားသည်။

"မှတ်ထားကွ. . . လူတွေရဲ့ဦးနှောက်ထဲမှာ ကျိုင်တွေရှိတယ် . . . အခုဆိုရင် မင်းရဲ့ကျိုင်တွေဟာ ပေါက်သွားပြီ. . . ဒါကြောင့် ကျိုင်ပေါက်တယ် ကျိုင်ပေါက်တယ်နဲ့ ပြောကြတယ်"

ကျွန်တော်တို့နှစ်ယောက် ဝရုန်းသုန်းကားဖြစ်နေချိန်မှာပင် အထဲမှ အသံတစ်သံကြားလိုက်ရသည်။

"ဟေ့ကောင် ဖိုးထောင် ဘာဖြစ်နေတာလဲ"

ထိုအသံသည် မီးကိုရေနှင့်ငြိမ်းသတ်လိုက်သလို ဖြစ်သွား၏။ ကျွန်တော့်ကိုယ်ပေါ်တက်ဖိထားသည့်ဆရာဝန်သည် ထိုအသံကြားသည်နှင့် ဆတ်ခနဲဖြစ်သွားပြီး ကျွန်တော့်ကိုယ်ပေါ်မှ မြန်မြန်ဆင်းသည်။ ပြီးတော့ နောက်သို့ဆုတ်ကာ ခပ်ရို့ရို့လေးသွားရပ်နေသည်။

ကျွန်တော်ခုတင်ပေါ်မှာ ထိုင်မိလိုက်ချိန်တွင် အထဲမှထွက်လာသော သူသည် ကျွန်တော့်ဘေးလာရပ်သည်။ သူသည် ဖြူဖြူသန့်သန့်၊ ဥပမိရုပ်ခပ်ကောင်းကောင်းဖြစ်ပြီး အသက်ကတော့ လေးဆယ်လောက်ပဲ ရှိဦးမည်။

"ဆောရီးပဲ. . . ဆရာ့ဆီလာတာ ထင်တယ်. . . ဆရာအထဲခဏဝင်နေလို့. . . လာပါ. . . ဒီမှာထိုင်ပါ"

"ဟို. . . ဟို. . . ဆရာ့နာမည်"

"ဆရာ့နာမည် တင်မောင်စိုးပါ. . . ဒေါက်တာတင်မောင်စိုးပါ"

"ဒါဆိုရင် သူက . . ."

ဆရာဝန်သည် ပြုံးလေသည်။ ပြီးတော့ ကျွန်တော့်အနီးမှာရပ်နေသည့် စောစောက ကျွန်တော့်ကိုယ်ပေါ်အတင်းတက်ဖိထားသောသူကို ပြောလိုက်သည်။

"ဖိုးထောင်. . . ဆရာပြောတဲ့ဆေးကို လှုပ်သောက်နော် . . ဟုတ်ပြီလား. . . ကဲ သွားတော့. . . နောက်တစ်ပတ်မှ ပြန်လာခဲ့"

ထိုသူသည် ကျွန်တော့်ကို စောင်းငမ်းစောင်းငမ်းကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ဆင်းသွားသည်။ ထိုအခါမှ ဒေါက်တာတင်မောင်စိုးက ရှင်းပြသည်။

"ဒီကောင်က စိတ်ဝေဒနာရှင်လေ. . . ဆရာ့ဆီမှာ ကုနေတာ. . . ဆောရီးနော်. . . ခင်ဗျားက သူ့ကို ဆရာဝန်ထင်နေတာ မဟုတ်လား"

"ဟုတ်ကဲ့ ဆရာ. . . ကျွန်တော် ဒီထဲကိုရောက်တော့ ဆရာ့နေရာမှာ ထိုင်နေပြီး. . . ဆေးစာအုပ်တစ်အုပ်ကို ဖတ်နေတော့ ဆရာဝန်ပဲ ထင်လိုက်မိပါတယ်. . . အဲဒီမှာပဲ သူက . . ."

ဆရာဝန်က ရယ်သဖြင့် ကျွန်တော်လည်း လိုက်ရယ်မိသည်။ တော်ပါသေးသည်။ ဆရာဝန် အရောက်မြန်ပေလို့။ ကျွန်တော်တို့နှစ်ယောက်မျက်နှာချင်းဆိုင် ထိုင်မိကြသောအခါမှ ကျွန်တော်လည်း ဆရာဝန်ကို ခပ်ကြောက်ကြောက်နှင့် -

"ဆရာဆီမှာ မထားအိသိမ့်ဆိုတဲ့ မိန်းကလေးတစ်ယောက်များ ဆေးကုသမှုခံယူနေသလား . . . ကျွန်တော်သိချင်လို့ပါ ဆရာ"

"ထားအိသိမ့် ဟုတ်လား. . . အင်း. . . အဲဒီနာမည်နဲ့တော့ တစ်ယောက်မှ မရှိဘူး. . . ဒါနဲ့ခင်ဗျားက ဘာကိစ္စကြောင့် အခုလို သိချင်ရတာလဲ"

"ဒီလိုပါဆရာ. . . ကျွန်တော့်ချစ်သူမို့လို့ပါ. . . သူရဲ့ အခြေအနေကို သိချင်လို့ပါ"

"နေဦးဗျ. . . ကျွန်တော်ဆီမှာ ဆေးကုတဲ့ လူနာတချို့ဟာ နာမည်လွှဲပေးထားတာရှိတယ်. . . အဲဒီလိုများ ဖြစ်နေမလား"

ဆရာသည် လူနာမှတ်တမ်းစာအုပ်ကို ယူ၍ဖွင့်လိုက်သည်။ ပြီးတော့ အထဲက လူနာမည်တွေကို ခပ်ကြမ်းကြမ်းရှာကြည့်နေ၏။

"သူ့ရောဂါအခြေအနေ အကြမ်းဖျင်းလောက် သိရမလား"

ကျွန်တော်သက်ပြင်းချလိုက်မိပါသည်။ ဖွင့်ပြောရသည်မှာ





ခက်ခဲလှပါဘိ။

"သူ့ကိုသူ အိန်ဂျယ်လို့ထင်နေတဲ့ မိန်းကလေးပါ ဆရာ"

ဒေါက်တာတင်မောင်စိုး၏ မျက်နှာသည် တည်သွားသည်။ ကျွန်တော်လည်း စိတ်လှုပ်ရှားရင်ခုန်စွာဖြင့် ဆရာဝန်၏စကားကို နားစွင့်နေမိသည်။ ဆရာဝန်သည် လူနာအမည်တစ်နေရာကို လက်ထောက်လိုက်ပြီး ကျွန်တော့်ကိုမော့ကြည့်၏။

"ဆရာ့ဆီမှာ အဲဒီမိန်းကလေး. . . ဆေးလာကုဖူးပါတယ် . . သူ့နာမည်က. . . ထားထားလို့ ဆရာ့ဆီမှာပေးထားပါတယ်"

ရင်ထဲတွင် နာကျင်ကြေမွသွားလေသည်။ ကျွန်တော် မတွေးရက်သော ထိုကိစ္စသည် အမှန်တကယ်ပင်လာဖြစ်နေရလေပြီ။ ကျွန်တော် မျက်ရည်တွေ ရစ်ဝဲလာသည်။ ကျွန်တော့်စကားသံသည် တုန်ရီနေလေ၏။

"ကျွန်တော် ,သူ့ရောဂါ အခြေအနေကို သိချင်ပါတယ် ဆရာ"

"စိတ်ရောဂါကု ဆေးခန်းတစ်ခုဟာ ရိုးရိုးဆေးခန်းတစ်ခုလို မဟုတ်ပါဘူး. . . လူနာတွေရဲ့ ဂုဏ်သိက္ခာ၊ ပတ်ဝန်းကျင် အခြေအနေအရ. . . ကျွန်တော်တို့၏ စိတ်ရောဂါကုဆရာဝန်တွေဟာ လူနာရဲ့အကြောင်းကို လျှို့ဝှက်ထားပေးရပါတယ်. . . ဒါကြောင့်မို့ ခင်ဗျားရဲ့အမေးကို ကျွန်တော်မဖြေနိုင်ပါဘူး"

"မဟုတ်ပါဘူး ဆရာ. . . ထားဟာ ကျွန်တော်သိပ်ချစ်ရတဲ့ ချစ်သူပါ. . . ဒါပေမယ့် အခုအချိန်မှာ ဘယ်ကိုရောက်လို့ ရောက်နေမှန်းတောင် ကျွန်တော်မသိရပါဘူး. . . သူ့ကို ကျွန်တော်လိုက်ရှာနေတာပါ ဆရာ. . . သူ့ကို ရှာတွေ့တာနဲ့ သူဟာ လူကောင်းပဲဖြစ်ဖြစ် . . . စိတ်ဝေဒနာရှင်ပဲဖြစ်ဖြစ် ကျွန်တော်သူ့ကို လက်ထပ်မှာပါ ဆရာ . . . ဒါကြောင့်မို့ ဖြစ်နိုင်ရင် ကျွန်တော့်ကို သူ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပေးပါ ဆရာ"

သည်တစ်ခါတော့ ဆရာဝန်က ကျွန်တော့်ကို ကရုဏာသက်စွာဖြင့် ကြည့်၏။ သူ့သက်ပြင်းချလိုက်သည်။

"ခက်တယ်ဗျာ. . . ကျွန်တော်ဖွင့်ပြောလို့ရရင် ဖွင့်ပြောပါတယ်"

"ဒါဆို. . . ကျွန်တော်ကို တစ်ခုတော့ သိခွင့်ပေးပါ ဆရာ . . . သူဆရာ့ဆီကို ဒီကြားထဲမှာ ပြန်လာသေးလား"

"သူပြန်မလာတာ ကြာပြီ. . . မှတ်မှတ်ရရ. . . ဆရာ့ စိတ်ထင်တော့ တစ်နှစ်လောက်တောင်ရှိသွားပြီ ထင်တယ်"

"နောက်မေးခွန်းတစ်ခုကိုလည်း ကျွန်တော်ကို မေးခွင့်ပြုပါ ဆရာ. . . သူ့ရောဂါဟာ ကုလို့ပျောက်နိုင်တဲ့ရောဂါ ဟုတ်ပါသလား ဆရာ"

"အင်း. . . ခက်တယ်ဗျာ. . . စိတ်ရောဂါမျိုးဟာ ဆန်းတယ်. . . တစ်ခါတလေ ဘာမဟုတ်တာလေးနဲ့ ရောဂါပျောက်သွားတတ်ပြီး. . . တစ်ခါတလေကျတော့ ဘယ်လိုမှကို ကုလို့မရတော့တာလည်း ရှိတယ်. . . ဘာပဲဖြစ်ဖြစ်လေ. . . လူနာဘက်ကလည်း မျှော်လင့်ချက်ထားဖို့ လိုသလို. . . ကျွန်တော်တို့ဆရာဝန်တွေဘက်ကလည်း လူနာတိုင်းကို မျှော်လင့်ချက်ထားပါတယ်"

ကျွန်တော် မတ်တပ်ထရပ်လိုက်မိသည်။ ဆရာဝန်က ကျွန်တော့်ကို မော့ကြည့်၏။

"ကျွန်တော့်ကို နောက်ဆုံးမေးခွန်းတစ်ခု မေးခွင့်ပြုပါဦး ဆရာ. . . အဲဒီထားထားဆိုတဲ့မိန်းကလေးရဲ့လိပ်စာကို ကျွန်တော် သိချင်ပါတယ်"

သူခေါင်းခါလေသည်။

"ဆရာ လုံးဝမဖြေနိုင်တဲ့ မေးခွန်းမို့ . . . ဝမ်းနည်းပါတယ်"



ထိုအခိုက်မှာပဲ အခန်းထောင့်မှာ ခုံပုလေးနှင့်တင်ထားသော တယ်လီဖုန်းသည် ခပ်ကျယ်ကျယ်အသံပြုလျက်မြည်လာ၏။ ဆရာဝန်သည် သွက်လက်စွာပင်ထပြီး ဖုန်းကိုကိုင်လိုက်သည်။ ထိုတဒင်္ဂသည် ကျွန်တော့်အတွက် အခွင့်အရေး၊ ကျွန်တော်သည် စားပွဲပေါ်သို့ ကိုယ်ကိုကိုင်းပြီးဖွင့်ထားသော လူနာမှတ်တမ်းစာအုပ်ကို ကြည့်လိုက်မိသည်။ ဆရာဝန်၏လက်ရေးက ဆိုးဝါးလွန်းလှသည်။ သို့သော် သူစောစောက လက်ထောက်ထားခဲ့သောနေရာကိုမှတ်မိသဖြင့် ကြည့်လိုက်ရာ ထား၏အိမ်လိပ်စာကို ရလိုက်လေ၏။

စိတ်ရောဂါအထူးကဆရာဝန်သည် ဖုန်းပြောနေရာမှ ကျွန်တော်ကို တစ်ချက်လှမ်းကြည့်ရာ ကျွန်တော်သူ့ကို ပြုံးပြလိုက်မိသည်။

"ကျွန်ကော်ကို ပြန်ခွင့်ပြုပါဦး ဆရာ"

သူကျွန်တော့်ကို ခေါင်းညိတ်ပြကာ ဖုန်းဆက်ပြောသည်။ ကျွန်တော်လည်း ထိုအခါမှပင် စိတ်ရောဂါအထူးကုဆေးခန်းမှ ခပ်သွက်သွက် ဆင်းခဲ့လေသည်။ ကားပေါ်ရောက်သော် စောစောက ကျွန်တော်စိတ်ဖြင့်မှတ်လာခဲ့သည့် လိပ်စာကိုပြန်စဉ်းစားရသည်။ ယခုတော့ ညနေငါးနာရီထိုးပြီးနေလေပြီ။ ယခုပင် သွားလိုက်ရကောင်းမည်လား။ ဘာပဲဖြစ်ဖြစ် ညနေငါးနာရီဆိုသောအချိန်သည် တစ်စုံ တစ်ယောက်ကို တွေ့ရန်စောပါသေးသည်။

ဆုံးဖြတ်ချက်နှင့်အတူ ကျွန်တော်ကားကို အင်းယားမြိုင်သို့ မောင်းခဲ့သည်။ သည်ဘက်မှာနေသောသူတို့သည် ငွေကြေးပြည့်စုံချမ်းသာသူတို့ဖြစ်သည်နှင့်အညီ၊ ခြံဝန်း တိုက်၊ ကားတို့ဖြင့် နေကြသည်။ ဆိတ်ငြိမ်ရပ်ကွက်လည်း ဖြစ်လေသည်။ နောက်ထပ် မိနစ် အနည်းငယ်မျှ အကြာတွင် ကျွန်တော့်ကားသည် ခြံကြီးတစ်ခြံရှေ့၌ ထိုးရပ်လိုက်သည်။ ခြံဝန်းကြီးနှင့် အထဲမှတိုက်သည် ခမ်းနား

www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်လွန်းလှ၏။ ခြံဝန်းတံခါးကြီးပင်လျှင် ခမ်းနားလှပေ၏။ ပိတ်ထားသော တံခါးရွက်ကြီးတွေကို ကြည့်ရင်း ကျွန်တော်ကားပေါ်မှ ဆင်းလိုက်၏။

ပြီးတော့ လူခေါ်လျှပ်စစ်ခေါင်းလောင်းလေးကို နှိပ်လိုက်သည်။ ကျွန်တော့်ရင်တွေသည် တဖြည်းဖြည်း ခုန်နေသည်။ စိတ်ရောဂါဆရာဝန်ထံမှ ပေးထားခဲ့သည့် ထား၏လိပ်စာသည် မှန်မှမှန်ပါရဲ့လားဟုလည်း သံသယဝင်မိသည်။ အဝေးပြေးလမ်းဘေး တစ်နေရာမှာရှိသော အိမ်အိုကြီးနှင့် သည်တိုက်အိမ်ကြီးကိုဆက်စပ်ဖို့ ခဲယဉ်းနေသောကြောင့်ဖြစ်သည်။

ခြံဝန်းထဲက မည်သည့်လှုပ်ရှားမှုမှ မတွေ့ရသောကြောင့် လူခေါ်ခေါင်းလောင်းကို ခပ်ကြာကြာနှိပ်လိုက်မိသည်။ ဒီတစ်ခါတော့ ခြံထဲ လူတစ်ယောက်ထွက်လာ၏။ ထိုလူသည် အိန္ဒိယလူမျိုးတစ်ယောက်ဖြစ်သည်။ သူကတံခါးရွက်တွေကြားမှ ကျွန်တော်ကို လာမေးသည်။

"ဘယ်သူ့ကို တွေ့ချင်လို့လဲ"

"ဒီအိမ်မှာ ဦးမင်းဝေနဲ့ မထားအိသိမ့် ရှိပါသလား"

"ဆရာကြီး ဦးမင်းဝေရဲ့အသိလား"

"ဟုတ်ပါတယ်"

ထိုအခါမှ သူသည် သူ့ခါးကြားထဲမှ သော့ကြီးနှင့် ခြံတံခါးကိုဖွင့်လေ၏။ ကျွန်တော်လည်း သူနှင့်အတူ အထဲကိုလိုက်ဝင်ခဲ့သည်။ အထဲရောက်မှ ဤခြံကြီး၏ ခမ်းနားကြီးကျယ်မှုကို ပို၍သိရသည်။ ဥယျာဉ်မှူးဖြင့် စီမံထားသော ပန်းဥယျာဉ်၊ စိမ်းလန်းစိုပြည်နေသော ဂျပန်မြက်ခင်း၊ ကျောက်စားပွဲနှင့် မိန်းကလေးတစ်ခု၊ လက်ယာဘက်အခြမ်းမှာ သစ်ခွပန်းရုံတွေကို တွေ့ရသည်။

တိုက်အိမ်သည် တစ်ထပ်တိုက်သာဖြစ်ပြီး ဆင်ဝင်ရှေ့မှာတော့ သစ်လွင်သော ကားတစ်စီးရပ်ထား၏။ အိန္ဒိယအမျိုးသားသည် ကျွန်တော်ကို ဧည့်ခန်းထဲသို့ခေါ်သွားသည်။ ဧည့်ခန်းသည် ခမ်းနားလွန်းသဖြင့် ကျွန်တော်နည်းနည်းတော့ သိမ်ငယ်သွားမိသည်။

"ခဏထိုင်ဦးနော်. . . ကျွန်တော် ဆရာကြီးကို သွားပြောလိုက်မယ်"

ကျွန်တော့်ရင်ခုန်သံသည် တဒိတ်ဒိတ်မြည်လျက်ရှိသည်။ သိပ်မကြာမီအချိန်အတွင်းမှာပင် အတွင်းခန်းထဲက ထွက်လာသော ခြေသံတရှပ်ရှပ်ကို ကြားရသည်။ ဇာခန်းဆီးသည် လှပ်ကနဲပွင့်သွားပြီး အထဲက ဦးမင်းဝေထွက်လာသည်။ ကျွန်တော်မတ်တပ်ရပ်လိုက်သောအခါ သူက ကျွန်တော့်ဆီ တစ်လှမ်းချင်းလျှောက်လာသည်။

"အန်ကယ်"

"ဩော်. . . ဘယ်သူများလဲလို့. . . မင်းကိုး. . ."

"ဟုတ်ကဲ့ပါ အန်ကယ်. . . ကျွန်တော်ထားကို. . . အဲ အန်ကယ်တို့ သားအဖကိုတွေ့ချင်လို့ ဟိုအိမ်ကြီးဆီကိုလိုက်သွားပါသေးတယ်"

"ထိုင်ပါ လူကလေး"

ကျွန်တော် ဆိုဖာမှာထိုင်လိုက်သောအခါ အဖိုးကြီးကလည်း ကျွန်တော့်မျက်နှာချင်းဆိုင် ဆိုဖာမှာဝင်ထိုင်သည်။

"ခေါင်းက ဒဏ်ရာ ဘယ်နှယ့်နေသေးလဲ"

"ပျောက်သွားပါပြီ. . . အန်ကယ်"

"ဒါနဲ့ အန်ကယ်တို့လိပ်စာ မင်းဘယ်လိုရခဲ့သလဲ"

"ဟိုအိမ်ကြီးဆီကို လိုက်သွားရင်းနဲ့ ဒေါက်တာတင်မောင်စိုးရဲ့လိပ်စာကတ်ကို ရခဲ့လို့ပါ"

အဘိုးကြီး၏မျက်နှာသည် သိသိသာသာ မှုန်မှိုင်းသွားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလူကလေး အားလုံးကို သိသွားပြီပေါ့ . . ."

"အားလုံးကို မသိပါဘူး အန်ကယ်. . . ဒေါက်တာ တင်မောင်စိုးရဲ့ လိပ်စာရခဲ့ရုံလေးတင် ရခဲ့တာပါ. . . အန်ကယ်. . . ကျွန်တော်ထားကို တွေ့ချင်ပါတယ်. . . တွေ့လို့ရမလား ဟင်"

အဘိုးကြီး၏မျက်ဝန်း၌ မျက်ရည်တွေ စို့လာသည်။

"အင်း . . . တွေ့ရမယ်. . . ဒါပေမယ့် သမီးအိပ်နေတယ်"

"ကျွန်တော်တစ်ခုမေးပါရစေ အန်ကယ်. . . ထား ကျွန်တော်ကို မှတ်မိသေးသလား အန်ကယ်"

"မှတ်မိပါတယ်. . . မှတ်မိလွန်းလို့လည်း ခက်နေရတယ်"

"ဗျာ . . ."

"ဒီလိုကွယ့်. . . အန်ကယ်ပြည့်ပြည့်စုံစုံ ရှင်းပြမယ်. . . သမီးဟာ အစတုန်းကတော့ လူသာမန်လိုပါပဲ သားရယ်. . . ဘာရောဂါမှလည်း မရှိဘူး. . . ဒါနဲ့ပဲ သမီးဟာ ရန်ကုန်တက္ကသိုလ်က ရူပဗေဒအဓိကနဲ့ ဘွဲ့ရခဲ့တယ်. . . အဲဒီနှစ်မှာပဲ သမီးနဲ့ သမီးအမေဟာ ကားအက်ဆီးဒင့်ဖြစ်တယ် လူကလေး. . . မန္တလေး ရန်ကုန်ကို အပြန် အဝေးပြေးလမ်းမပေါ်မှာ ဖြစ်တာ. . . အဲဒီမှာပဲ သမီးရဲ့ အမေဟာ ဆုံးသွားခဲ့တယ်. . . အဲဒီအချိန်မှာပဲ ဦးဆီမှာလည်း The Angels ဆိုတဲ့ စာအုပ်ကြီးတစ်အုပ်ကရှိနေတယ်. . . သမီးဟာ သူ့အမေဆုံးသွားပြီးကတည်းက. . . စိတ်ဟာ တစ်မျိုး ဖြစ်လာတယ်. . . အရင်ကထက် တည်ငြိမ်လာတယ်. . . အဲဒီနောက်မှာ သူဟာ အဲဒီ The Angels ဆိုတဲ့ စာအုပ်ကြီးကို စိတ်ဝင်တစားနဲ့ ဖတ်တော့တာပဲ"

ကျွန်တော်ပင့်သက်ရှိုက်လိုက်မိသည်။ အဘိုးကြီးက ဆက်ပြော၏။

"သူဟာ အဲဒီလို ထိခိုက်ဒဏ်ရာရသွားပြီး သေသွားမယ့် လူတွေကို ကယ်တင်ချင်တဲ့စိတ်မျိုး ဖြစ်လာတယ်. . . အဲဒီမှာပဲ သူ့ကိုယ်သူ အိန်ဂျယ်လို့ ခံယူလိုက်တော့တယ်. . . အိန်ဂျယ်တွေရဲ့ ဝတ်စားဆင်ယင်မှုအတိုင်း ဝတ်စားဆင်ယင်တယ်. . . နဖူးမှာ ရွှေလော့ကက်သီးကြိုးနဲ့ ဖဲပွင့်ပြားကိုဆွဲတယ်. . စိမ်းဖန့်ဖန့်ဖန်ချောင်းနဲ့ အတံကိုကိုင်တယ်. . . ပြီးတော့ တချို့အိန်ဂျယ်တွေ စားလေ့စားထရှိတဲ့ ဂျုံနဲ့ လုပ်ထားတဲ့ မုန့်တချို့နှင့် ပျားရည်ကိုသောက်တော့တယ်"

"နေ့တိုင်း အဲဒီလိုပဲ စားတာပဲလားဟင်"

"နေ့တိုင်းတော့ မဟုတ်ဘူး. . . ရန်ကုန်မှာနေတဲ့ အချိန်တွေမှာတော့ ပုံမှန်အတိုင်းပဲ စားတယ်. . . မိုးရာသီမှာတော့ အန်ကယ်တို့နှစ်ယောက် ဟိုအိမ်ကြီးမှာသွားနေကြတယ်. . . အဲဒီ ရောက်တာနဲ့ သူအဲဒီလိုစားတော့တာပဲ. . . နောက်တော့ အန်ကယ်လည်း ဒေါက်တာတင်မောင်စိုးဆီမှာ သမီးကို ပြကြည့်ရတော့တာပါပဲ"

"သူ့ရောဂါ ဘာရောဂါလဲဟင်"

"အာရုံအမှတ်မှားတဲ့ ရောဂါတစ်မျိုးပဲကွယ့်. . . သူ့ကိုယ်သူ အိန်ဂျယ်လို့ အထင်မှားနေတဲ့ ရောဂါပဲပေါ့"

"ပျောက်တော့ ပျောက်မှာပါ အန်ကယ်"

ကျွန်တော်မျှော်လင့်တကြီးနှင့် မေးလိုက်မိလေသည်။ အဘိုးကြီးသည် ခေါင်းတဖြည်းဖြည်းညိတ်၏။ အခန်းသည် တိတ်ဆိတ်ငြိမ်သက်သွား၏။ ထိုအခါမှာပင် အဘိုးကြီးထံမှ ခပ်တိုးတိုးအသံထွက်လာသည်။

"မောင်အိမ်စိုး"

"ဗျာ"

"သမီးဟာ မင်းကိုမှတ်မိရုံတင်မဟုတ်ဘူး. . . သတိရလွန်းလို့ ခဏခဏ"

အသံတိမ်ကျသွားသည်။ ထားသည် ကျွန်တော်ကို မှတ်မိ

www.burmeseclassic.com

www.burmeseclassic.com



သည် ဆိုပါကလား။ ကျွန်တော့်ကို သတိရသည်ဆိုပါကလား။ ကျွန်တော် ရင်ထဲလှိုက်သွားမိသည်။

"ခဏခဏ လွမ်းတယ်. . . ပြီးတော့ မျက်ရည်ကျတယ်"

ဪ ထားရယ်၊ မောင်လည်း ထားကိုလွမ်းတာပါပဲ ထားရယ်၊ ကျွန်တော့်ရင်သည် တလှပ်လှပ်ဖြစ်လာသည်။

"မောင်အိမ်စိုး. . . မောင်အိမ်စိုးကို အန်ကယ်တစ်ခုတော့ တောင်းဆိုပါရစေ. . . သမီးလေးအခုလို ခံစားနေရတာ အန်ကယ် မကြည့်ရက်ဘူး. . . အဲဒါသမီးလေး စိတ်ချမ်းသာအောင်"

"စိတ်ချပါအန်ကယ်. . . အခုဆိုရင် ကျွန်တော်နဲ့ အန်ကယ်တို့ ပြန်တွေ့ကြပြီပဲ. . . ထားကို ကျွန်တော်စိတ်ချမ်းသာအောင်ထားပါ့ မယ်"

"ကျေးဇူးတင်ပါတယ် သားရယ်. . . သမီးရဲ့ မျှော်လင့်ချက်ဟာ မောင်အိမ်စိုးပါ. . . သမီးရောဂါပျောက်ပြီး လူကောင်းပြန်ဖြစ်လာမယ်ဆိုရင် အန်ကယ်လောက်ပျော်တဲ့သူ ဒီကမ္ဘာမှာ ရှိတော့မှာ မဟုတ်ဘူး"

ထိုအခိုက်မှာပင် အတွင်းခန်းထဲက ခြေသံတရှပ်ရှပ်ကြားရပြီး ခန်းဆီးစလေးသည် လှုပ်သွား၏။ တံခါးပေါက်မှာထားသည် အဖြူရောင်ဇာဝတ်ရုံလေးနှင့်တွေတွေကလေးရပ်ကာ ကျွန်တော့်ကို ကြည့်နေ၏။ ကျွန်တော်ထိုင်ရာမှထလိုက်သည်။

ထားသည် မျက်ရည်တွေပြည့်လျက် ကျွန်တော်ရှိရာကိုတစ်လှမ်းချင်းလှမ်းလာသည်။ ဦးမင်းဝေသည် ဆိုဖာမှခပ်လေးလေးထသည်။ ထားသည် ကျွန်တော့်ရှေ့သို့ရောက်လာ၏။

" မောင်"

ကျွန်တော်လည်း မျက်ဝန်းမှာမျက်ရည်တွေပြည့်လာသည်။ ဦးမင်းဝေသည် ကျွန်တော်တို့နှစ်ယောက်ကို တစ်ချက်ကြည့်ပြီး အတွင်းခန်းသို့ဝင်သွား၏။

" ထားရယ်. . . မောင်လေ. . ထားကိုဟိုအိမ်ကြီးမှာသွားရှာသေးတယ်"

မျက်ရည်တွေနှင့် သူမပြုံးလေသည်။ ချောမောလှပသော သူမ၏မျက်နှာလေးကို ကျွန်တော်မြတ်နိုးစွာကြည့်ရင်းမျက်ရည်တွေကိုသုတ်ပေးမိ၏။

" ကုမ္ပဏီကိစ္စတွေ အဆင်ပြေလား မောင်"

ကြည့်စမ်း၊ကျွန်တော့်ချစ်သူသည် ဤဇာဝတ်ရုံကြီးကိုသာ ဝတ်ဆင်ထားလျှင်၊ နဖူးပြင်၌ ရွှေကြိုးနှင့်ရွှေလော့ကက်သီးကိုသာ ဝတ်ဆင်ထားလျှင် သူမကိုမည်သို့မျှ စိတ်ဝေဒနာရှင်ဟုသိကြလိမ့်မည်မဟုတ်ပါ။ မှတ်ဉာဏ်၌လည်းကောင်း၊ စဉ်းစားဆင်ခြင်ဉာဏ်၌လည်းကောင်း စံချိန်မီပါသည်။ ပြီးတော့ ယဉ်ကျေးသိမ့်မွေ့ပါသည်။

ကျွန်တော်မချင့်မရဲဖြစ်လာပြီး ထား၏လက်ကိုဆုပ်ကိုင်လိုက်မိသည်။

" အဆင်ပြေပါတယ်ထားရယ်. . ဒါနဲ့ထားမောင့်ကို လွမ်းနေတယ်ဆို"

"အင်း"

မျက်လွှာကလေးချ၍ ဖြေလေသည်။

"မောင်ကချောတယ်သိလား . . အရပ်ကလည်းရှည်တယ် . . မောင်လည်း ထားလို အိန္ဒိယဖြစ်သွားရင်ကောင်းမယ်နော်"

မြတ်စွာဘုရား. . . ကျွန်တော်သက်ပြင်းချလိုက်မိသည်။ ထားခံစားနေရသောစိတ်ဝေဒနာချက်ချင်း ပျောက်သွားလျှင်မည်မျှကောင်းလေမည်နည်း။

"ထား. . . မောင်လေထားနဲ့တော့ စကားတွေတဝကြီး ပြောချင်တယ်. . . ထားဆီကိုလေ မောင်နေ့တိုင်းလာခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်မောင်. . . ထားမျှော်နေမယ်"

"ထား"

"ရှင်"

"မောင်တို့လက်ထပ်ကျရအောင်နော်"

" အို. . . မဖြစ်နိုင်ဘူးလေမောင်ရဲ့. . . ထားတို့နှစ်ယောက်ကဘဝချင်းမတူဘူး မောင်ကလူသား. . ထားက အိန္ဒိယ"

ကျွန်တော်စိုးရိမ်လာမိလေသည်။ ထား၏ရောဂါကကုသ၍မှရပါလော။ ဆရာဝန်ကတော့ လူနာတိုင်းအပေါ်မှာမျှော်လင့်ချက်ထားသည်ဟုဆိုသည်။ လူနာအချို့သည် ပြန်ကောင်းသည်လည်းရှိ၍အချို့သည်လည်းပြန်ကောင်းဟုဆိုပါသည်။ အကယ်၍သာ ထား၏ရောဂါသည်မည်သို့မျှ ကုသ၍မရခဲ့လျှင်။ကျွန်တော့်မျက်လုံးမှာမျက်ရည်တွေပြည့်လာသည်။

ကျွန်တော်အံကိုတင်းတင်းကြိတ်လိုက်သည်။ အကယ်၍ထား၏စိတ်ရောဂါသည် ပျောက်သည်ဖြစ်စေ၊ မပျောက်သည်ဖြစ်စေ၊ ကျွန်တော်ကတော့ ချစ်မြဲချစ်နေမည်သာဖြစ်သည်။ ပို၍တိုးကာကြင်နာမိမည်သာဖြစ်သည်။

"ဟင်. . . မောင်ဘာဖြစ်လို့လဲဟင်. . . ထားတို့ နှစ်ယောက် လက်ထပ်လို့မရဘူးဆိုလို့ ဝမ်းနည်းသွားတာလားဟင်. . . မောင်ရယ်. . ထားတို့တစ်ယောက်နဲ့တစ်ယောက်ချစ်နေကြရင်ပြီးတာပဲ. . . မဟုတ်ဘူးလား"

ထားသည်ကျွန်တော့်ကို ရီဝေဝေလေးကြည့်ရင်းပြော၏။ ထိုအခိုက်မှာပင်အတွင်းခန်းမှ ချောင်းဟန့်သံကြားရသည်။ ညနေခြောက်နာရီခွဲနေလေပြီ။ အပြင်တွင်မှောင်စပြုနေပြီဖြစ်သည်။ ကျွန်တော်သည့်ထက်ကြာကြာပို၍မနေသင့်တော့။

"ထား. . . ထားမှာဟန်းဖုန်းရှိတယ် မဟုတ်လား. . . မောင့်ကိုနံပါတ်ပြော. . . မောင်ညကျထားဆီဖုန်းဆက်လိုက်မယ်"

ထားကသူ့ဖုန်းနံပါတ်ကိုပြောသည်။ ထိုအခါမှပင်ကျွန်တော်လည်းပြန်ရန်အတွက် ထားကိုနှုတ်ဆက်ရလေသည်။ ထားတို့အိမ်မှပြန်ခဲ့သည့်အခါလမ်းတစ်လျှောက်လုံးမှာ ကျွန်တော်ငူငူငိုင်ငိုင်ဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

"မင်း အတော်တော့ ရင်ဆိုင်ရလိမ့်မယ်နော် သူငယ်ချင်း . . . ဘာပဲဖြစ်ဖြစ် . . ဒီအကြောင်းကို မင်း မိဘ မသိအောင်တော့ လျှို့ဝှက်ထားသူငယ်ချင်း . . ဖြစ်နိုင်ရင် မင်းအမေကိုလုံးဝမသိစေနဲ့"

ကျွန်တော်ထားနှင့်တွေ့ခဲ့သည့်အကြောင်း၊ စိတ်ရောဂါအထူးကုဆရာဝန်၏လိပ်စာကတ်ကိုရခဲ့သည်မှ ထားအိမ်သို့ရောက်ခဲ့သည်အထိပြည့်ပြည့်စုံစုံပြောပြမိလိုက်သည်။

"နောက်တစ်ချက်က မင့်ကိုယ်မင်းပြန်မေးရမယ့်မေးခွန်းပဲ"

"ဘာမေးခွန်း"

"ထားရဲ့ ဘဝအမှန်ကိုမင်းသိသွားပြီး . . အဲဒီဘဝမှန်ကိုပဲ မင်းကြည်ဖြူနိုင်လို့လား . . တကယ်လို့ပေါ့ကွာ . . . တို့မျှော်လင့်သလို . . . ထားရဲ့ရောဂါဟာပြန်မကောင်းလာဘူးဆိုရင် . . ဒီကိစ္စဟာ မင်းအပေါ် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကိုဖြစ်နေမှာတော့သေချာတယ်"

"ငါထားကို သိပ်ချစ်တယ်သူငယ်ချင်း . . . ထား ပြန်ကောင်းသည်ဖြစ်စေ . . . ပြန်မကောင်းသည်ဖြစ်စေ . . ငါကြောင့်ထား စိတ်မဆင်းရဲစေရဘူး . . အိုကွာ . . . ငါ ထားကို မြတ်မြတ်နိုးနိုးနဲ့ တစ်သက် လုံးချစ်သွားမှာ"

အပြင်ဘက်မှာမိုးရွာနေသည်။ နောက်လဆိုလျှင်သီတင်းကျွတ်လေပြီ။ သို့တိုင်မိုးကယခုထိရွာနေသေးသည်။

"အခုနေ ချစ်စခင်စမှာတော့ မင်းအတွက်သိပ်ပြဿနာမရှိပေမယ့် ရေရှည်ကိုကြည့်နော် သူငယ်ချင်း . . . မင်းမိန်းမဟာစိတ်ဝေဒနာရှင်ဆိုတာကိုပတ်ဝန်းကျင်ကသိသွားမယ် . . . နောက်ပြီး ထားရဲ့အပြုအမူ အပြောအဆို အနေအထိုင်တွေကလည်း မင်းပေါ် ပြဿနာဖြစ်လာရင် မင်းထားကိုကြည်ဖြူနိုင်ပါတော့မလား . . . ကိစ္စ တစ်ခုကို လွယ်လွယ်လေးတော့ မတွေးနဲ့သူငယ်ချင်း . . . ဘာပဲဖြစ်ဖြစ် ဒီကိစ္စမျိုးဆိုတာ အချိန်ယူပြီးစဉ်းစားရမယ့်ကိစ္စမျိုး"

"ငါပတ်ဝန်းကျင်ကိုလည်းဂရုမစိုက်ဘူး သူငယ်ချင်း . . . ငါ့ကို ဘယ်သူပဲဝေဖန်ဝေဖန် . . . ငါဂရုမစိုက်ဘူး . . . ငါဂရုစိုက်တာ က ထားပဲ"

မျိုးနိုင်ဇော်သည် ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"ချစ်ခြင်းအတွက် သတ္တိတွေသိပ်ရှိနေတယ်ပေါ့ တုတ်လား သူငယ်ချင်း"

ကျွန်တော်မျက်မှောင်ကုပ်လိုက်မိသည်။ မျိုးနိုင်ဇော်ပြောပုံက ကျွန်တော်ကပဲရူးရူးမိုက်မိုက်၊ ဖြစ်ချင်ရာဖြစ်ထားတို့ရလျှင်ပြီးရော ဆိုသည့်သဘောသက်ရောက်နေ၏။

"မဟုတ်ဘူးကွ . . . ငါတို့အရွယ်ဟာ အချစ်စိတ်မွှန်ပြီး ရူးရူးမိုက်မိုက်လျှောက်လုပ်တတ်တဲ့အရွယ်မဟုတ်ဘူး . . . ငါ ထားကို လက်ထပ်ဖို့စဉ်းစားဆုံးဖြတ်တာက ဦးနှောက်နဲ့ငါသေသေချာချာ စဉ်းစားဆုံးဖြတ်လိုက်တာ . . . ငါ့အထင်ပေါ့ကွာ . . . ထားဟာ ငါနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်စိတ်ချမ်းသာမယ်ထင်တယ်. . . သူစိတ်ချမ်းသာရင် သူ့စိတ်ဝေဒနာဟာ သက်သာမယ်လို့ငါထင်တယ်. . . တကယ်လို့ပေါ့ကွာ . . . ငါသာထားနဲ့ လက်မထပ်ဖြစ်ရင် ထားရဲ့စိတ်ဝေဒနာဟာ ဒီထက် ဆိုးသွားမယ်လို့ ငါထင်တယ်"

"ကဲ ဟုတ်ပါပြီ. . . မင်းကတော့တစ်ဖက်သတ် လက်ထပ်ချင်နေပါပြီတဲ့. . . ထားဘက်ကရော မင်းကိုပြန်လက်ထပ်ပါ့မလား . . . သူ့ကိုယ်သူအိန်ဂျယ်ဆို . . . နောက်ပြီးမင်းမိဘ. . ."

"ဘာပဲဖြစ်ဖြစ်. . . ကြိုးစားကြည့်ရမှာပေါ့သူငယ်ချင်း"

မျိုးနိုင်ဇော်ပြောသည်မှာ သဘာဝကျလှပါသည်။ ကျွန်တော်ကသာ ထားကို လက်ထပ်ချင်နေတာ၊ ထားကတော့လက်ထပ်ဖို့ကို မဖြစ်နိုင်ဘူးဟု ငြင်းနေသည်။ ထို့အပြင်ကျွန်တော့်မိဘတွေကရော၊ ဖေဖေနှင့်မေမေနှစ်ယောက်မှာ ဖေဖေကတော့ပို၍သဘောထားပျော့ပြောင်းသူဖြစ်ပြီး ကျွန်တော့်ကိုလည်းအလိုလိုက်သူဖြစ်ပါသည်။ မေမေကတော့ ထားကိုလက်ထပ်ဖို့အရေး၌ ကျွန်တော်ရင်ဆိုင်ရမည့်အမိက အခက်အခဲကြီးတစ်ခု ဖြစ်ပါလိမ့်မည်။

ကျွန်တော်သက်ပြင်းတစ်ချက်ချလိုက်သည်။

ဖေဖေသည် ကျွန်တော့်ကိုသူ့အခန်းထဲခေါ်ပြီး ခဏထိုင်ခိုင်းထားသည်။ ဖေဖေက ပြောလက်စတယ်လီဖုန်းကိုဖြတ်လိုက်ကာ ကျွန်တော့်ကို ကြည့်လေသည်။ ကျွန်တော်ကတော့ ဖေဖေ့မှန်အောက်မှ အိန်ဂျယ်ပုံလေးကို ငေးနေရာမှ ဖေဖေ့ကို ပြန်ကြည့်လိုက်၏။

"ပြဿနာတွေပြီးသွားပြီလို့ ထင်ထားတာ. . . အခုပြဿနာအသစ်က ဖြစ်လာပြန်ပြီသားရေ"

"ဗျာ"

ကျွန်တော်ရင်ထိတ်သွားလေသည်။



"ဒီလိုကွ. . . ဦးရန်နိုင်အောင်၊ ဦးဟုတ်ဝမ်နဲ့ ဦးတင်မြင့်တို့သုံးယောက်ဟာ သူတို့ဆင်တဲ့အကွက်ထဲ မဝင်ဖြစ်သွားလို့. . နောက်တစ်ဆင့်ခြေလှမ်းလှမ်းလာတယ်. .

အဲဒါကတော့ ဒီကုမ္ပဏီမှာ သူတို့ရှယ်ယာတွေ ထည့်ထားပေမယ့်. . . အကျိုးအမြတ်ဟာ ရသင့်သလောက်မရလို့တဲ့. . . သူတို့ရဲ့ရှယ်ယာတွေကို ပြန်ထုတ်ချင်နေကြတယ်"

တကယ့်ပြဿနာလူတွေပဲဖြစ်သည်။ သူတို့သည်တစ်ရက်လျှင်ရွှေဥတစ်လုံးကျ ဥနေသည့်ငန်း၏ဝမ်းဗိုက်ကိုခွဲဖို့ကြိုးစားနေကြလေသည်။ သာမန်အားဖြင့်တွေးလျှင်တော့ ဤပြဿနာသည် ဘာမှမခက်ခဲသောပြဿနာပဲဖြစ်သည်။ ကုမ္ပဏီအနေနှင့် သူတို့ထည့်ဝင်ထားသော အစုရှယ်ယာတွေကို ပြန်ထုတ်ပေးလိုက်လျှင်ပြီးပြီ။ သို့သော် ကျွန်တော်တို့မြန်မာစကားမှာ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည် ဆိုသည့် စကားရှိပါသည်။

ယခုဖေဖေကထိုစကားကို စပြောလိုက်သည်နှင့် ကျွန်တော်လည်း ချွေးတွေချက်ချင်းပျံလာသည်။ ကျွန်တော့်ကုမ္ပဏီ၏ ပိုင်ဆိုင်သော ငွေကြေး၊ ကျွန်တော်တို့သားအဖနှစ်ယောက် ပိုင်ဆိုင်သော ငွေကြေးတွေသည် လုပ်ငန်းထဲမှာ နစ်မြုပ်နေ၏။ ငွေတွေပြန်ပေါ်ဖို့ အချိန်အတိုင်းအတာတစ်ခုထိ စောင့်ဆိုင်းရပေတော့မည်။

"သူတို့ကဘယ်တော့လောက် သူတို့ရှယ်ယာတွေကိုပြန်လိုချင်တာလဲ ဖေဖေ"

"ဘစ်လအတွင်းတဲ့ သားရေ"

"ဟာ. . . ကုမ္ပဏီစည်းကမ်းနဲ့ မညီဘူးမဟုတ်လား ဖေဖေ . . . ကုမ္ပဏီရဲ့ဘယ်အစုရှယ်ယာဝင်မဆို သူတို့ရဲ့အစုရှယ်ယာကို ပြန်ထုတ်ချင်တယ်ဆိုရင် တစ်လအတွင်းတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ. . တစ်လအတွင်းမှာ ကုမ္ပဏီရဲ့အစုရှယ်ယာဝင် တွေဆီက အစုရှယ်ယာတွေကိုပြန်ဝယ်မယ့် ,အစုရှယ်ယာဝင်အသစ် တွေရှိတယ်ဆိုရင်တော့ အဲဒီလိုလုပ်လို့ရတယ်. . . တစ်နည်းအားဖြင့်တော့ ရှယ်ယာဝင်အသစ်နဲ့ အဟောင်းလဲလိုက်တဲ့သဘောပဲ"

"အဲဒီလိုဝယ်မယ့်သူတွေ အဆင်သင့်ရှိနေလို့လား ဖေဖေ"

ဖေဖေတစ်ချက်ပြုံးလိုက်သည်။

"သူတို့က အဲဒီရှယ်ယာဝင်အသစ်တွေကိုခေါ်လာမယ် တဲ့. . . ကုမ္ပဏီအစည်းအဝေးကို ထပ်လုပ်ဖို့ပြောနေတယ်. . . အရေးပေါ်အစည်းအဝေးပေါ့"

ကျွန်တော်ကတော့ အစည်းအဝေးထပ်လုပ်လျှင် ဖြစ်ပေါ်လာနိုင်မည့် ပြဿနာများကိုတွေးနေမိသည်။ သည်တစ်ခါတော့ အစည်းအဝေးသည် ကောင်းသောအစည်းအဝေးပင် ဖြစ်နေမည်လား။ ဦးရန်နိုင်အောင်၊ ဦးဟုတ်ဝမ်၊ ဦးတင်မြင့်တို့ကဲ့သို့သော ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် ဝိသမလောဘသားကောင်ကြီးများ ကုမ္ပဏီမှထွက်သွားလျှင် ကုမ္ပဏီအတွက် ကောင်းသောလက္ခဏာ ပင်မဟုတ်ပါလော။

သို့သော် ကေန်းသေတော့ ငဆွေများပေါ်လာလေမလော။ ကျွန်တော်တို့ကုမ္ပဏီသို့ သူတို့အစားဝင်ရောက်လာမည့် ပြင်ပပုဂ္ဂိုလ်တွေသည် မည်သို့သောပုဂ္ဂိုလ်မျိုးတွေဖြစ်သနည်း။ ထိုပုဂ္ဂိုလ်တွေကလည်း ဦးရန်နိုင်အောင်လို ပုဂ္ဂိုလ်မျိုးတွေဆိုလျှင် ဘာမှမထူးခြားသည့်အပြင် ဆိုးပေတော့မည်။

"ရှယ်ယာဝင်အသစ်တွေရဲ့အကြောင်းကို ကျွန်တော်တို့သိဖို့တော့လိုနေပြီ ဖေဖေ"

"အေးကွ. . . ဒါပေမယ့် သူတို့ကလည်း လျှို့ဝှက်ထားမှာပဲ"

"ဘာပဲဖြစ်ဖြစ်. . . လက်မလွှန်ခင်တော့ ဒီကိစ္စကို ကျွန်တော် စုံစမ်းကြည့်ချင်တယ် ဖေဖေ. . . ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ပေါ့ ဖေဖေ"



ဖေဖေ ခေါင်းညိတ်ပါသည်။

"ဒါဆိုရင် ကုမ္ပဏီအရေးပေါ်အစည်းအဝေးကို ဘယ်တော့လောက် ထပ်ခေါ်မလဲ ဖေဖေ. . . ဒီကြားထဲမှာ ဦးသောင်းမြင့်အောင်နဲ့ ကျွန်တော်တွေ့ချင်သေးတယ်လို့"

"လမကုန်ခင်လောက်ဆိုရင် ကောင်းမလား. . . ဖေဖေသိသလောက်ကတော့ သူတို့ဘက်က အဆင်သင့်ဖြစ်နေကြပြီ"

ကျွန်တော်ခေါင်းညိတ်လိုက်မိသည်။ ပြီးတော့ ဖေဖေ့အခန်းထဲက ကျွန်တော်ပြန်ထွက်ခဲ့သည်။ ကျွန်တော့်မှာ တစ်ပူပေါ်နှစ်ပူဆင့်ရလေပြီ။ ထားကို လက်ထပ်ဖို့ အရေး၌ ကြုံတွေ့ရမည့် ပြဿနာများနှင့် ကုမ္ပဏီ၏အရေးပေါ် အခြေအနေကိစ္စ။ ညကတော့ ထားဆီသွားရင်းနှင့် ဖခင်ဦးမင်းဝေကို ကျွန်တော်စကားတွေ အကြာကြီးပြောမိ၏။

"အန်ကယ့်ကို ကျွန်တော် စကားတွေ ပြောစရာရှိပါတယ်"

"ဒီမှာပဲ ပြောကြရအောင်"

"မဟုတ်ဘူး အန်ကယ်. . . ဒီစကားတွေကို ထားကို မကြားစေချင်ဘူး"

"ဒါဆိုလည်းလာ. . . အန်ကယ့်အခန်းထဲသွားမယ်"

ကျွန်တော်တို့နှစ်ယောက် ဦးမင်းဝေ၏အခန်းထဲရောက်သွားကြသည်။ ထိုအခါမှ ကျွန်တော်က ဆိုင်းမဆင့်ဘုံမဆင့်ပြောချလိုက်သည်။

"နားနဲ့မနာ ဖဝါးနဲ့နာပါ အန်ကယ်. . . ထားနဲ့ ကျွန်တော်ဟာ လူငယ်ဘာသာဘာဝ တစ်ယောက်နဲ့ တစ်ယောက်ချစ်ကြိုက်နေကြပါပြီ. . . အဲဒါ ကျွန်တော် ထားကို လက်ထပ်ချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သားစိတ်ကို သားဆုံးဖြတ်ပြီးပြီလား. . . ဒီကိစ္စဟာ တဒင်္ဂ ကိစ္စမဟုတ်ဘူးနော် သား. . . ဘဝတစ်သက်တာကိစ္စဖြစ်နေတယ်"

"ကျွန်တော်သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီးပါပြီ"

"အင်း. . . အန်ကယ့်အနေနဲ့ ဘာမှပြောစရာအကြောင်း မရှိပါဘူး. . . မောင်အိမ်စိုးအကြောင်းကိုလည်း အန်ကယ်သိနေပြီပဲ . . . နောက်ပြီး အန်ကယ်မျှော်လင့်နေတာ တစ်ခုရှိတယ်. . . ထား ရဲ့ရောဂါဟာ အဲဒီလိုလက်ထပ်လိုက်ခြင်းဖြင့် ပိုများကောင်းလာ မလားဆိုတာကိုပဲ. . . ဆရာဝန်ကိုယ်တိုင်လည်း အဲဒီလိုစကားမျိုး ပြောဖူးတယ်. . . ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်ကျသွားခြင်းဖြင့် လက်တွေ့ဘဝတစ်ခုကို သူရသွားလိမ့်မယ်. . . ခင်ပွန်းသည်ရဲ့ကိစ္စ . . . အိမ်ထောင်ရဲ့ကိစ္စတွေက သူ့ကို စိတ်ကူးယဉ်အိန်ဂျယ်လောက ကနေ လက်တွေ့အိမ်ထောင်သည် မိန်းမတစ်ယောက်ရဲ့ဘဝထဲ ဆွဲခေါ်သွားလိမ့်မယ်"

ထိုအချက်သည် လက်ခံနိုင်စရာရှိပါသည်။ ကျိုးကြောင်း ဆက်နွယ်မှုလည်း ရှိပါသည်။

"နောက်တစ်ချက်က သမီးလေး ထားဟာ အမှန်အတိုင်း ပြောရရင် အထီးကျန်ဆန်နေတယ်. . . အန်ကယ်ကလည်း အားရင် သူနဲ့နေပေးပေမယ့် လူငယ်တစ်ဦးလိုတော့ သူနဲ့စကားမပြောနိုင်ဘူး . . . ဒါကြောင့် အိမ်ထောင်ပြုတယ်ဆိုတာ တစ်ဦးနှင့်တစ်ဦး အဖော် ပြုခြင်းပဲ မဟုတ်လား. . . သမီးဟာ သားနဲ့လက်ထပ်လိုက်ခြင်း အားဖြင့် သူချစ်တဲ့သူကိုရလိုက်လို့ ကျေနပ်နှစ်သိမ့်သွားလိမ့်မယ်. . . နောက်ပြီး သူအထီးကျန် မဆန်တော့ဘူး. . . နောက်တစ်ချက်က လက်တွေ့လောကထဲရောက်သွားလို့ အိန်ဂျယ်ဆိုတာကြီးကို မေ့သွား လိမ့်မယ်"

"ဒီအချက်တွေ အန်ကယ့်ဆီက ကျွန်တော်ကြားလိုက်ရတာ ဝမ်းသာပါတယ် အန်ကယ်. . . ထားရဲ့ရောဂါကို ပျောက်စေမယ့် မျှော်လင့်ချက်ကိုလည်း တွေ့ရပါပြီ. . . ဒီတော့ ကျွန်တော်စောစော က ပြောခဲ့သလိုပဲ ကျွန်တော် ထားကိုလက်ထပ်ချင်ပါတယ်"

အဘိုးကြီးသည် ကျွန်တော့်ကို လက်ကမ်းပေး၏။ ကျွန်တော် တို့နှစ်ယောက် လက်ချင်းဆုပ်မိကြသည်။ ဆက်၍ထွက်လာသော သူ့အသံသည် နူးညံ့ပျော့ပြောင်းနေ၏။

"ထားကို စည်းရုံးဖို့နဲ့ သားမိဘတွေရဲ့သဘောတူညီချက် ကိုတော့ သားရဖို့ အတော်ခက်လိမ့်မယ် ထင်တယ်"

"ကျွန်တော်အစွမ်းကုန် ကြိုးကားပါ့မယ် အန်ကယ်"

သူပြုံးလိုက်သည် ထင်ပါသည်။ ဘာပဲပြောပြောထားကို လက်ထပ်ဖို့အရေး၌ ထား၏ဖခင် ဦးမင်းဝေ၏သဘောတူညီချက်ကို ရလိုက်ခြင်းကပင်လျှင် ကျေနပ်ဖွယ်ကောင်းနေ၏။ ကျွန်တော်လည်း ညတုန်းက အန်ကယ်ဦးမင်းဝေနှင့်ပြောဖြစ်ခဲ့သော စကားတွေကို ပြန်သတိရရင်းနှင့် ကျွန်တော့်အခန်းထဲရောက်ခဲ့သည်။ ရောက် ရောက်ချင်းပင် မောင်စိုးသိန်းကိုလှမ်းခေါ်လိုက်ပြီး ကျွန်တော့်ရှေ့မှာ ထိုင်ခိုင်းလိုက်သည်။

"မောင်စိုးသိန်း . . . ဒီနေ့ကစပြီး ကုမ္ပဏီကိုမလာနဲ့"

"ဗျာ. . . ကျွန်တော့်ကို ဆရာအလုပ်ဖြုတ်လိုက်ပြီလားဟင်"

"မဟုတ်ပါဘူးကွ. . . ငါကိစ္စတစ်ခုအတွက် မင်းကို ခိုင်းမလို့ . . . အဲဒါ မင်းသိုသိုသိပ်သိပ်နဲ့ လုပ်ပေးရမယ်"

"ဟုတ်ကဲ့ ဆရာ"

မောင်စိုးသိန်းသည် ကျွန်တော့်အတွက်တော့ အလွန်ပင် အားထားရသည့် ချာတိတ်ပင်ဖြစ်သည်။ သူသည် ရိုးသားပြီး သစ္စာ လည်းရှိသည်။ ပြီးတော့ သွက်လက်ချက်ချာ၏။

"ဘယ်သူမှတော့ မသိစေနဲ့ကွနော်. . . ဟုတ်ပြီလား. . .

www.burmeseclassic.com

www.burmeseclassic.com



ငါမင်းကို ဦးရန်နိုင်အောင်ရဲ့လှုပ်ရှားမှုတွေကို နောက်ယောင်ခံလိုက်ခိုင်းမလို့. . . သူဘယ်သူနဲ့ ဆက်သွယ်တယ်. . . ဘာတွေလုပ်နေတယ်ဆိုတာလောက်ပဲ. . . သူလုံးဝမရိပ်မိစေနဲ့. . . မင်းရတဲ့ အချက်အလက်တွေကို ငါ့ဆီတိုက်ရိုက်လာပြော. . . ဟုတ်ပြီလား. . . ရော့ . . . အဲဒီအတွက် မင်းမှာအသုံးစရိတ်လိုလိမ့်မယ်. . . လိုအပ်မယ်ဆိုတက္ကစီသုံး"

သူကို ငွေတချို့ထုတ်ပေးပြီး ထိုကိစ္စအတွက်မှာသင့်တာတွေဆက်မှာရလေသည်။ သူကျွန်တော့်ဆီမှထွက်သွားမှာ ကျွန်တော်လည်း လုပ်စရာအလုပ်တွေဆက်လုပ်ရ၏။ ညနေရောက်တော့ ထားဆီသို့ သွားချင်သော်လည်း ကုန်ပစ္စည်းတချို့ကို သင်္ဘောတင်ကိစ္စရှိသဖြင့် မသွားဖြစ်ဘဲ ထားဆီသို့ တယ်လီဖုန်းသာဆက်လိုက်ရသည်။ ကုန်ပစ္စည်းတွေကို သင်္ဘောတင်သည့်ကိစ္စက ညရှစ်နာရီလောက်မှာပြီးသွားသည်။ ကျွန်တော်အိမ်ပြန်ရောက်တော့ ဖေဖေမေမေတို့က ထမင်းစားပြီးနေကြလေပြီ။ မေမေက မနက်ဖြန်မန္တလေး ပြန်မည့်အကြောင်း ကျွန်တော့်ကိုလာပြော၏။

"မေမေ့ရွှေဆိုင်ကိုလည်း စိတ်မချဘူး သားရယ်. . . ဟိုမှာ သားအစ်မကလည်း ခပ်အအ မဟုတ်လား. . . အဲဒီတော့ မေမေပြန်မှ ဖြစ်မယ်"

ကျွန်တော်ထမင်းစားပြီးသောအခါ အခန်းထဲတန်းဝင်ခဲ့သည်။ ပြီးတော့ ခုတင်ပေါ်တက်လှဲရင်းနှင့် ထားဆီသို့ ဖုန်းဆက်မိသည်။

"ထား"

"မောင်လား. . . ထား မောင့်ဖုန်းကို မျှော်နေတာ"

"ထမင်းစားပြီးပြီလား ဟင်"

"အင်း"



"ဘာဟင်းနဲ့ စားလဲ"

"ပျားရည်နဲ့ အချိုမုန့်"

ကျွန်တော်မျက်မှောင် ကုပ်လိုက်၏။

"မောင် ဟနက်ခွေနေ့ အားလားဟင်"

"အင်း. . . အားပါတယ်. . . ဘာဖြစ်လို့လဲဟင်"

"ထားအိမ်မှာ နေရတာပျင်းလို့. . . အဲဒါမြို့ထဲလျှောက်သွားချင်တယ်. . . မောင်လိုက်ပို့မလား"

ဤသည်မှာ ကောင်းသောလက္ခဏာတစ်ခုပင်ဖြစ်သည်။ ဖြစ်နိုင်လျှင် ထားသည် လူတွေကြားထဲ ရောနှောနေသင့်သည်။ သို့မှသာ သူမ၏ မသိစိတ်ကဖြစ်နေသော အိန်ဂျယ်ဆိုတာကြီး ပျောက်သွားပေလိမ့်မည်။

"ကောင်းတယ်ထား. . . မောင်လိုက်ပို့မယ်. . . ထားသွားချင်တဲ့နေရာတွေ အကုန်လုံး မောင်လိုက်ပို့ပေးမယ်"

"ဒီနေ့ သင်္ဘောတင်တာ အဆင်ပြေလားမောင်. . . ကုမ္ပဏီကိစ္စတွေရောအဆင်ပြေတယ် မဟုတ်လား"

"ပြေလှတယ်တော့ မဟုတ်ဘူး ထား. . . မောင်ပြောဖူးတဲ့ပြဿနာပဲ. . . ဒါပေမယ့် ဒီတစ်ခါကတော့ တစ်မျိုး"

ကျွန်တော်လည်း ထားကို ကုမ္ပဏီကိစ္စအနည်းငယ် ကျယ်ကျယ်ပြန့်ပြန့်ပြောပြလိုက်မိသည်။ ထားသည် ဉာဏ်ရည်ထက်မြက်သောမိန်းကလေးတစ်ဦးဖြစ်ပြီး သင့်တင့်လျောက်ပတ်သော ဗဟုသုတလည်း ရှိပါသည်။ ထားသည် ကျွန်တော်ပြောပြသည့်အကြောင်းအရာတွေကို စိတ်ဝင်တစားနှင့်နားထောင်လေ့ရှိသည်။

"ကောင်းတော့ကောင်းတယ် မောင်. . . အဲဒီဦးရန်နိုင်အောင်ဆိုတဲ့ လူကို မောင်ရှဲဒိုးလိုက်ခိုင်းလိုက်တာ. . . ထားထင်တာတစ်ခုပြောမယ်မောင်. . . ဟုတ်ချင်မှလည်း ဟုတ်မှာနော်. . . ထား

www.burmeseclassic.com

www.burmeseclassic.com



အထင်ကို ပြောတာ. . . အဲဒီဦးရန်နိုင်အောင်ဆိုတဲ့ လူဟာ ကျန်တဲ့ ရှယ်ယာဝင်သုံးယောက်စီက ရှယ်ယာတွေဝယ်တဲ့ကိစ္စဟာ တကယ် ဟုတ်ချင်မှဟုတ်မှာ"

"သူတို့ စာချုပ်ချုပ်ပြီးတော့ ရှယ်ယာအရောင်းအဝယ်လုပ် ထားကြတာပဲ ထားရဲ့"

"ထားစိတ်ထင်တော့ သူတို့လေးယောက် မောင့်တို့ကိုတိုက်ခိုက်ဖို့ ပူးပေါင်းကြံစည်လိုက်တာပဲဖြစ်မယ်. . . ကုမ္ပဏီရဲ့ အမ်ဒီရာထူးကိုရဖို့ တစ်ယောက်တည်းကို ရှယ်ယာတင်ပေးလိုက်တဲ့ သဘောပဲ. . . ကုမ္ပဏီကိုသာ ရှယ်ယာအရောင်းအဝယ်တင်ပြလိုက်တာ. . . အပြင်မှာတော့ ရှယ်ယာရောင်းကြမှာမဟုတ်ဘူး"

ကျွန်တော် အံ့သြသွားမိလေသည်။ ကျွန်တော်အဘယ်ကြောင့် ထားတွေးသလို မတွေးမိတာပါလိမ့်။ ဦးရန်နိုင်အောင်တို့ အုပ်စု၏လှည့်ကွက်ဖြစ်နိုင်သော ထိုအချက်ကို ကျွန်တော်က မမြင်ပဲ ထားက သွားမြင်သည်။ ထားပြောသော ထိုအချက်သည် စဉ်းစားဖွယ်ကောင်းသော အချက်ဖြစ်ပါသည်။ ဦးရန်နိုင်အောင်သည် ကုမ္ပဏီ၏အမ်ဒီဖြစ်ဖို့အတွက် ကျန်ရှယ်ယာဝင်တွေထံမှ ရှယ်ယာအဝယ်ပြလိုက်ခြင်းသာ ဖြစ်ပေလိမ့်မည်။

ကျွန်တော်လည်း ရှယ်ယာဝင်တွေထဲမှ ဦးသောင်းမြင့်အောင်နှင့်တွေ့ဖို့ ဆန္ဒပြင်းလာသည်။ ဘာပဲဖြစ်ဖြစ် ဦးသောင်းမြင့်အောင်နှင့် တွေ့လိုက်ရလျှင် တစ်စုံတစ်ခုတော့ ကျွန်တော်သိရပေလိမ့်မည်။

"ထား"

"ဟင်. . . ဘာလဲ မောင်. . . မောင်အိပ်ချင်ပြီမို့လို့လား . . . ဒါဆို ထားဖုန်းချလိုက်တော့မယ်"

"ဟင့်အင်း မောင်မအိပ်ချင်သေးဘူး. . . ထားကို မောင် အံ့သြမိလို့ပါ"



သူမဘက်မှ တိတ်သွား၏။

"ထားမှာ ကျိုးကြောင်းဆင်ခြင်တတ်တဲ့ ဉာဏ်ရှိကယ်. . . ပြီးတော့ ထက်မြက်တယ်. . . တကယ်တော့ ထားဟာ အိန္ဒိယ လုံးဝမဟုတ်ဘူး. . . ထားဟာ မောင့်လိုပဲ လူ. . . လူမိန်းမ. . ."

ရယ်သံလွင်လွင်လေးကြားရသည်။

"ထားကိုယ်ထား ပြောပြီးပြီလေ မောင်ရဲ့. . . ထားဟာ လူမဟုတ်ဘူး. . . အိန္ဒိယပါလို့. . . မောင်က ဘာတွေဘယ်လို တွေးပြီး ထားကို လူလို့ထင်နေတာလဲ"

"ထားကို မောင်လူလို့ထင်တဲ့အချက်တွေက အများကြီးပဲ ထားရဲ့"

"ဟင်းဟင်း. . . ပြောစမ်းပါဦး. . . ထားလည်း သိရအောင်"

"တစ်အချက်က. . . ထားဟာ အိန္ဒိယတွေလို အငွေ့သာရှိတဲ့ ဖြပ်မဲ့ကိုယ်ခန္ဓာမျိုး မဟုတ်ဘူး. . . ထားကိုထိလို့လည်း ရတယ် . . . ကိုင်လို့လည်း ရတယ်. . . ပြီးတော့ နမ်းလို့လည်း ရတယ်. . . နောက်ပြီးတော့ ဟိုဒင်း. . ."

"ဟင်း ဟင်း. . . မောင်နော်. . . ရှက်စရာတွေ လျှောက်ပြောမနေနဲ့"

သူရယ်သံဖြင့် ကျွန်တော်လည်း လိုက်ရယ်လိုက်မိသည်။

"နောင်တစ်ချက်ဟာ. . . ထားမှာ မောင့်လိုပဲ ရန်ခုန်တတ်တဲ့ နှလုံးသားရှိတယ်. . . ဟိုတစ်ခါ မောင်ထားကို ဆွဲဖက်ထားတုန်းက ထားရင်ခုန်နေတာ မောင်သိတယ်. . . အိန္ဒိယတွေမှာ အဲဒီလို နှလုံးသားမျိုးမရှိဘူး"

ကျွန်တော်ဆက်ပြောမိသည်။

"နောက်တစ်ချက်ကတော့ ထားဟာ ဘရာဇီယားရဲ့ ဝင်တီ

www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်လို့ပဲ"

"ဟယ်. . မောင် ဘာတွေလျှောက်ပြောနေတာလဲ"

"ဒါဘာမှရှက်စရာ မလိုဘူး. . . ထား မရှက်နဲ့. . . လူမိန်းမတွေမှသာ အဲဒီလို ဘရာဇီယာတို့ ပင်တီတို့ဝတ်တာ ထားရဲ့. . . အိန်ဂျယ်တွေဟာ ဘယ်တော့မှ ဘရာဇီယာတို့ ပင်တီတို့ မဝတ်ဘူး"

ထားရယ်လေသည်။

"မောင်ဖတ်ဖူးလို့လား. . . အိန်ဂျယ်အကြောင်းကိုလေ"

"The Angels စာအုပ်တစ်အုပ်တော့ ဖတ်ဖူးတယ်"

"အာလူး. . . လျှောက်ပြောနေတယ်"

"တကယ်ပြောတာ ထားရဲ့. . . အဲဒီစာအုပ်ကို ပရောဖက်ဆာ H.T Hudson ဆိုတဲ့သူက ပြုစုထားတာ"

သည်တစ်ခါတော့ ထားတကယ်ကို ငြိမ်သွားပါသည်။

(၉)

တနင်္ဂနွေနေ့ နံနက်ဆယ်နာရီတိတိမှာ ထားအိမ်သို့ ကျွန်တော်ရောက်သွားပါသည်။ ရာသီဥတုသည် ကြည်ကြည်လင်လင် သာသာယာယာ။ မိုးနှောင်းကာလဖြစ်သဖြင့် မိုးသည် တဖြည်းဖြည်းပါးလာ၏။ ဦးမင်းဝေသည် အခန်းထဲမှာ စာဖတ်နေရာမှ ကျွန်တော်ရောက်လာသောကြောင့် ကျွန်တော့်ဆီထလာပြီး စကားလာပြော၏။

"ခဏနေဘ် သား. . . သမီး မင်းလာမယ်ဆိုလို့ မနက်ကတည်းက ဖြီးလိမ်းပြင်ဆင်နေတာ. . . အခုထိ မပြီးနိုင်သေးဘူး . . . ဒါနဲ့ သားမိဘတွေရော နေကောင်းကြသလားကွဲ့"

"နေကောင်းပါတယ် အန်ကယ်. . . အန်ကယ့်ကို ကျွန်တော် တစ်ခုမေးချင်လို့. . . ဟိုလေ အန်ကယ်တို့က ဘာ ဘာသာကိုးကွယ်တာလဲဟင် . . ."

အဘိုးကြီးသည် ကျွန်တော့်ဘေးထိုင်ပြီး ရယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓဘာသာပဲပေါ့ကွ. . . သမီးလည်း ဗုဒ္ဓဘာသာပဲ. . . သမီးအမေလည်း ဗုဒ္ဓဘာသာပဲ. . . ဘာဖြစ်လို့လဲ"

"ဟိုလေ. . . ဟိုတစ်ခါ ထားကို ကျွန်တော်ခရစ်ယာန်ဘာသာဝင်မှန်းတောင် မသိဘူးတဲ့ . . . သူသိတာ သူ့တာဝန်ပဲတဲ့"

"ဟား ဟား. . . အလကားလျှောက်ပြောနေတာ. . . သမီးကို မင်းမေးကြည့်. . . ဘုရားရှိခိုးလည်း အကုန်ရတယ်. . . မင်္ဂလသုတ်လည်း အလွတ်ရတယ်. . . မေတ္တာသုတ်လည်း အလွတ်ရတယ် . . . လာ သား. . . သားကို အန်ကယ်ဘုရားခန်းပြမယ်"

အဘိုးကြီးသည် ကျွန်တော့်ကို ဘုရားခန်းသို့ခေါ်သွားသည်။ ဘုရားခန်းသည် ခမ်းနားတင့်တယ်နေပြီး ဘုရားစင်သည်အလွန်ပင်သပ္ပါယ်နေ၏။ ပန်း၊ ဆီမီး၊ သောက်တော်ရေတို့ ကပ်လှူပူဇော်ထားသည်။ ထို့ကြောင့် ကျက်သရေရှိနေ၏။ ကျွန်တော်လည်း ဘုရားစင်ရှေ့မှာ ဘုရားဝတ်ပြုမိလေသည်။

ကျွန်တော်တို့နှစ်ယောက် ဧည့်ခန်းထဲရောက်သည်အထိ ထားက ထွက်မလာသေး၊ ဦးမင်းဝေလည်း အထဲပြန်ဝင်သည်။ ခဏနေတော့ ဇာခန်းဆီးလေးလှပ်သွားပြီး ထားထွက်လာသည်။ ထားသည် ဖြီးလိမ်းပြင်ဆင်ထားသောအခါ ကြွေရုပ်ကလေးတစ်ရုပ်နှယ်လှပနေ၏။ သို့သော် ချက်ချင်းပင် ကျွန်တော်မျက်မှောင် ကုပ်လိုက်မိသည်။ ကြည့်ပါဦး။ ကျွန်တော်ထား ဝတ်စားဆင်ယင်လာတာကို။ ထား၏ နဖူးပြင်ဝင်းဝင်းနှင့် ဦးခေါင်းတွင် ရွှေလော့ကက်သီးနှင့်ရွှေကြိုး။ ပြီးတော့ အဝတ်အစားကလည်း ဇာလိုအသား၊ ခြုံထည်။ သို့သော် ထူထူထဲထဲတော့ရှိပါ၏။

အိန်ဂျယ်။ သူမကို စတွေ့ခဲ့စဉ်ကလို ဝတ်စားထား၏။ ဒုက္ခပါပဲ။ သည်အဝတ်အစားမျိုးနှင့် ကျွန်တော်တို့နှစ်ယောက်မြို့ထဲကို သွားလို့ကတော့။ ကျွန်တော်ချက်ချင်းပဲ ချွေးတွေပျံလာသည်။ ထားသည် ပြုံး၍ ကျွန်တော့်ရှေ့သို့ရောက်လာ၏။

"ထားလှလား မောင်"

"ထား. . . ထား အရမ်းလှပါတယ်. . . ဒါပေမယ့် ဟို. . . မြို့ထဲကို ဒီပုံစံမျိုးနဲ့တော့ သွားလို့မဖြစ်ဘူး. . . ပြန်လဲလိုက်နော်. . . နဖူးက ရွှေကြိုးကိုလည်း ဖြုတ်ခဲ့. . . ပြီးတော့ ဒီခြုံထည်ကြီးအစား မြန်မာဆန်ဆန်ပဲဝတ်ခဲ့. . . အဲဒါဆိုရင်လေ ထား အရမ်းလှသွားလိမ့်မယ်"

"အို. . . မောင်ကလည်း . . . ထားက အိန်ဂျယ်ပဲဥစ္စာ . . . အိန်ဂျယ်ဆိုတာ အိန်ဂျယ်လိုပဲ ဝတ်စားရတယ် မောင်ရဲ့. . . လာပါ. . . အချိန်တောင် နောက်ကျနေပြီ"

"မဟုတ်ဘူး ထား. . . ဒီလိုပုံစံမျိုး ထားဝတ်သွားရင် အားလုံး က ထားကိုဝိုင်းကြည့်ကြလိမ့်မယ်. . . မောင်တို့နှစ်ယောက် လမ်း တောင်ကောင်းကောင်းလျှောက်လို့ရတော့မှာ မဟုတ်ဘူး"

"ဘာဖြစ်လဲ မောင်ရဲ့. . . အိန်ဂျယ်ကို မမြင်ဖူးလို့ကြည့်ကြတာပဲ ကြည့်ပါစေပေါ့"

"သူတို့က ထားကို အိန်ဂျယ်ဆိုပြီးကြည့်ကြမှာ မဟုတ်ဘူး . . . ဟိုဒင်းဆိုပြီး ကြည့်ကြမှာ"

"ဟိုဒင်းဆိုတာ ဘာလဲမောင်ရဲ့. . . ပြောပါဦး"

ကျွန်တော်ချွေးတွေ စို့ရွဲလာသည်။ ကျွန်တော်တို့နှစ်ယောက်ကို လူတွေက ဂေါက်နေသောဇနီးမောင်နှံဟုထင်သွားမည့်အကြောင်း ကျွန်တော် ထားကို မပြောရက်ပါ။

"လုပ်ပါ ထားရယ်. . . သွားပြန်လဲလိုက်ပါ. . . လိမ္မာပါတယ်"

"ဟင့်အင်း မောင်. . . ထား မလဲဘူး. . . အခုလိုလှအောင် အစောကြီးကတည်းက လုပ်ထားရတာ. . . ကဲပါ သွားကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"လဲလိုက်ပါထားရယ်"

"မောင်နော်. . . ထားငိုလိုက်မှာ သိလား. . . ကိုယ့်ချစ်သူဘာဝတ်ဝတ်ပေါ့ မောင်က ထားကိုမချစ်ပါဘူး. . . ချစ်ဟန်ဆောင်နေတာပါ"

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ မျက်ရည်လေးတွေ စို့ထွက်လာသော ထားကိုလေသံပျော့ပျော့လေးနှင့် ပြောလိုက်မိသည်။

"ကဲ. . . ဟုတ်ပါပြီ. . . မလဲနဲ့တော့ ဒီအတိုင်းပဲလိုက်ခဲ့တော့. . . မထူးတော့ပါဘူး. . . သူက အိန်ဂျယ်ဆိုတော့လည်း ငါက အိန်ဂျယ့်ချစ်သူပေါ့. . . ဂေါက်နေပြီ ထင်လည်း မတတ်နိုင်ဘူး. . . ရှေ့မျက်နှာနောက်ထားရမှာပဲ. . . အင်း. . . အရေးထဲ နေကာမျက်မှန်ပါမလာတာ နာတာပဲကွာ"

"ဘာတွေပြောနေတာလဲ မောင်ရဲ့. . . ပါးစပ်ကလည်း ပွစိပွစိနဲ့"

"ဘာမှမဟုတ်ပါဘူး. . . နေကာမျက်မှန်လေးနဲ့ဆို ထားပိုလှသွားမှာပဲလို့ ပြောတာ"

"အို. . . အိန်ဂျယ်က နေကာမျက်မှန်တပ်ပါ့မလား. . . မဟုတ်တာမောင်ရယ်"

ကျွန်တော်သက်ပြင်းချပြီး ဧည့်ခန်းထဲမှ ထွက်ဖို့ပြင်ရင်းက အန်ကယ်ဦးမင်းဝေရှိရာအခန်းသို့ လှမ်းကြည့်မိသည်။ အဘိုးကြီးသည် ဤပြဿနာအား ကျွန်တော့်ပြဿနာဟုပင် သဘောထားပြီး ယောင်၍ပင် ထွက်မလာချေ။ ထားသည် ကျွန်တော့်ကို အမှီလိုက်လာပြီး ကျွန်တော့်လက်မောင်းကိုတွဲသည်။ သည်တော့မှ ကျွန်တော်လည်း ထားကို ငုံ့ကြည့်ကာ ပြုံးတုံ့တုံ့နှင့် ပြန်ကြည့်နေ၏။

ဖိနပ်ချွတ်ကျတော့ ထားက လေးလက်မလောက်ရှိမည့် ဒေါက်ဖိနပ်လေးကို ကောက်စီးသည်။ ထား၏ဖိနပ်လေးနှင့် ခြေထောက်ဖွေးဖွေးလှလှလေးသည် ပန်းရလွန်းလှပါသည်။ သို့တိုင် ကျွန်တော် စောဒကတက်မိအောင် တက်လိုက်မိသေးသည်။



"အိန်ဂျယ်တွေဟာ အခုလို ဒေါက်ဖိနပ်စီးလို့လား ထားရဲ့"

ထားက ကျွန်တော့်လက်မောင်းကို မနာအောင်ဆိတ်ရင်း ပြန်ဖြေ၏။

"ဖိနပ်မပါဘဲသွားရင် ထား ခြေထောက် ဆူးစူးမှာပေါ့ မောင်ရဲ့. . . နောက်ပြီး ထား ခြေထောက်ပူမှာပေါ့"

ကျွန်တော်ကတော့ လောကကြီးမှာ ဤကဲ့သို့ အိန်ဂျယ်မျိုးလည်း ရှိပါသေးလားဟု တွေးလိုက်မိသည်။ ကျွန်တော်တို့နှစ်ယောက်သည် ရှေ့ခန်းမှာပင် အတူထိုင်လိုက်ပြီး ကျွန်တော်က ကားမောင်းသည်။ ထားသည် စိတ်လက်ပေါ့ပါးပြီး ပျော်ရွှင်နေသလောက် ကျွန်တော်ကတော့ မြို့ထဲရောက်မှာ တွေးကြောက်နေ၏။

"မောင် ထမင်းစားပြီးပြီလား"

"အစောကြီးရှိသေးတာပဲ ထားရယ်. . . ဘယ်စားရဦးမလဲ"

"ဒါဆိုအတော်ပဲ. . . နေ့လယ်စာကို ကြေးအိုးစားကြရအောင်နော်"

"ဟင်. . ပျားရည်နဲ့ အချိုမုန့် မဟုတ်တော့ဘူးလား"

"မောင်နော်. . . ထားငိုလိုက်မှာသိလား. . . ပျားရည်နဲ့ အချိုမုန့်က နေ့တိုင်းစားနေရတော့ ရိုးလာလို့ တစ်ခါတလေ ပြောင်းစားမလို့"

သည်လိုဆိုတော့လည်း ကျွန်တော် ထားကို သနားသွားမိပြန်သည်။ ကျွန်တော်တို့နှစ်ယောက် သိပ်မကြာခင်မှာပင် မြို့ထဲသို့ ရောက်သွား၏။

"ထား ဘယ်ကိုအရင်သွားချင်သလဲ"

ကျွန်တော် ခပ်ရွှံ့ရွှံ့မေးလိုက်သည်ကို ထားကရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရှင်ရုံအောက်တွေမှာ လမ်းလျှောက်ချင်တယ်"

မြတ်စွာဘုရား။ သည်နေ့တနင်္ဂနွေနေ့ဖြစ်သဖြင့် ရုပ်ရှင်ရုံတစ်ဝိုက်တွေမှာ လူတွေပြည့်ကျပ်နေမှာသေချာသည်။

"ထား. . . ရုပ်ရှင်လည်း ကြည့်တာမဟုတ်ဘဲ. . ဟိုဒင်း. . ကမ်းနားဘက်ပဲ လျှောက်ရအောင်နော်. . ကမ်းနားဘက်က လမ်းလျှောက်လို့ပိုကောင်းတယ်. . . ဟဲဟဲ. . ပြီးတော့ လူလည်းရှင်းတယ်"

"ကမ်းနားဘက်က ခြောက်ကပ်ကပ်နဲ့ ပျင်းစရာကြီးပါ မောင်ရယ်. . . လုပ်ပါ. . ရုပ်ရှင်ရုံတွေဘက် လမ်းလျှောက်ရအောင်. . . ထားလည်း အဲဒီနေရာတွေမရောက်တာ ကြာပြီ"

"ဒါဖြင့် ဒီလိုလုပ်. . လမ်းလျှောက်ရတာ ညောင်းပါတယ်. . ထား ကားပေါ်ကပဲလိုက်ခဲ့. . . မောင် ရုပ်ရှင်ရုံတွေရှေ့က ကွေ့မောင်းပေးမယ်"

"မောင်နော်. . ဘယ်လိုဖြစ်နေတာလဲ. . . ကိုယ့်ချစ်သူကို ချစ်တယ်လည်းပြောသေးတယ်. . အလိုလည်း မလိုက်ချင်ဘူး. . . မရဘူး. . ရုပ်ရှင်ရုံတွေအောက်မှာပဲ လမ်းလျှောက်ချင်တယ်"

ကျွန်တော်ပင့်သက်ရှိုက်လိုက်သည်။ ဝက်ဖြစ်မှတော့ မစင်ကြောက်မနေ၍ အဲ. . အိန်ဂျယ်၏ချစ်သူဖြစ်နေမှာတော့ သည်အခက်အခဲတွေကိုကြောက်နေ၍ မရတော့ပါ။ ထို့ကြောင့် ကျွန်တော်လည်း ဆူးလေတစ်နေရာမှာ ကားပါကင်ထိုးလိုက်ပြီး ကားပေါ်မှအသာဆင်းလိုက်သည်။ ကားကိုမှန်တွေတင်ပြီး သော့ခတ်လိုက်ချိန်တွင် ထားကလည်း တစ်ဖက်မှဆင်းသည်။

ပထမဦးဆုံးထားကိုစတွေ့သူမှာ ကွမ်းယာရောင်းသော အမျိုးသမီးပင်ဖြစ်ပါသည်။ သူသည်ယာလက်စ ကွမ်းယာကို အသာချကာ ထားနှင့်ကျွန်တော့်ကို ခပ်စူးစူးကြည့်လေသည်။ ပြီးတော့ပြုံးသည်။ နောက်တော့ သူဘေးက တခြားဈေးသည်တွေကို လက်ကုပ်လိုက်သည်။ ကျွန်တော့်မျက်နှာသည် တဖျင်းဖျင်းနှင့်ပူလာ၏။ အနေထဲမှ နေကာမျက်မှန်ကလည်း ပါမလာ။

ထားက ကျွန်တော့်ဘေးရောက်လာပြီး ကျွန်တော့်လက်မောင်းကို လာချိတ်လိုက်ချိန်တွင် ကျွန်တော့်မျက်နှာကြီး နီရဲနေမည်ထင်ပါသည်။

"ကုလားမ လင်မယားတော့ မဟုတ်ဘူးကွ. . . လင်မယားနှစ်ယောက်စလုံး အသားဖြူတယ်"

မြတ်စွာဘုရား။ ပတ်ဝန်းကျင်က လူတွေက ကျွန်တော်တို့နှစ်ယောက်ကိုကြည့်ပြီး ထင်မြင်ချက်တွေစပေးတော့၏။ သူတို့စိတ်ထဲမှာ ထား၏ခြုံထည်မျိုးကို မမြင်ဖူးကြသဖြင့် အိန္ဒိယအမျိုးသမီးတို့၏ဆိုးရာဝတ်စုံဆာရီဟုပင် ထင်မြင်နေကြပုံရသည်။ ကျွန်တော်တို့နှစ်ယောက်စလုံးသည် ရုပ်ရှင်ရုံတွေဘက် လမ်းစလျှောက်သည်။

"ဟင်. . ဘာလဲဟ"

"မော်ဒယ်လင်မယားထင်တယ်"

"ကောင်မလေးကလှလိုက်တာဟယ်. . . မင်းသမီးများလား"

"ဟိုက်. . ဘာကြီးပါလိမ့်"

တချို့အုပ်စုတွေသည် စကားဖြိုင်ဖြိုင်ဖွဲ့နေရာမှ ကျွန်တော်တို့နှစ်ယောက်ကိုတွေ့သွားသောအခါ ပြောလက်စစကားတွေ ရပ်သွားကြသည်။ တချို့သည် ပြုံးကြသည်။ တချို့မိန်းကလေးတွေကတော့ အားကျကြသည်။ တချို့ကတော့ ကဲ့ရဲ့ကြ၏။

"အဝတ်အစား ဒီဇိုင်းကတော့ သိပ်မိုက်တယ်. . . မော်ဒယ်ရှိုးမှာသာ အဲဒီအတိုင်းတက်လျှောက်လိုက်ရရင် ကောင်းမယ်ဗျာ"

"သူတို့မို့ဟယ်. . ကြံကြံဖန်ဖန်. . မရှက်ကြဘူးလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ပတ်ဝန်းကျင်ကို အာရုံမထားမိအောင် မနည်းကြိုးစားနေရ၏။ သို့သော် ကျွန်ုပ်စိတ်ထဲ မသင်္ကာသလိုဖြစ်လာသဖြင့် ထားနှင့်ယှဉ်လျှောက်နေရာမှ နောက်သို့မသိမသာလှည့်ကြည့်လိုက်သည်။ ဟိုက်။ ကျွန်တော်တို့နှစ်ယောက်နောက်မှာ ကလေးတွေတပြုံကြီးလိုက်နေကြပါလား။ ထားကတော့ ဘာမှမသိ။ ယခုနေ ကျွန်တော့်မျက်နှာကို ရေနှင့်ပတ်လိုက်လို့ကတော့ ရှုံ့ခနဲမြည်လိမ့်မည်လား မသိ။

"ထား"

"ဟင်. . ဘာလဲမောင်. . . ကြေးအိုး စားတော့မလို့လား"

"ဟာ. . . ဘယ်ကလာ ကြေးအိုးစားရမှာလဲ. . . နောက်ကို လှည့်ကြည့်လိုက်စမ်း"

ထားလှည့်ကြည့်လိုက်ရာ ကလေးတွေကိုတွေ့သွား၏။

"မောင်"

"ဘာလဲ ထား. . . ကားဆီပြန်တော့မလို့လား"

"အို. , ဘာလို့ပြန်ရမှာလဲ. . . ဒီမှာ လမ်းလျှောက်လို့တောင် မဝသေးဘူး. . . မောင့်မှာ ပိုက်ဆံအကြွေတွေပါလား"

"ဘာလုပ်မလို့လဲ. . . ရှုရှူပေါက်ချင်လို့လား"

"အို မဟုတ်ပါဘူး. . . ကလေးတွေကို မုန့်ဖိုးပေးချင်လို့"

သေဟဲ့။ ကျွန်တော် ကိုယ့်နဖူးကိုယ် လက်ဝါးနှင့်ရိုက်လိုက်မိ၏။ သို့သော်ဘာမှမပြောဖြစ်တော့ဘဲ သူမ၏လက်ထဲသို့ပါသမျှပိုက်ဆံအကြွေတွေထည့်ပေးလိုက်ရာ ဘာပြောကောင်းတော့မည်နည်း။ ပွဲကြီးပွဲကောင်းစလေတော့သည်။ ကလေးတွေသည် ထားမြှောက်ပေးသော ပိုက်ဆံတွေကို အလုံအရယက်ကောက်ကြလေတော့သည်။ ထား၏ ပုံသဏ္ဌာန်က ဘာနှင့်အလားသဏ္ဌာန်တူသလဲဆိုတော့ အိန်ဂျယ်တစ်ပါး က လူတွေအတွက် ပိုက်ဆံတွေစွန့်ကြနေသည့်ပုံမျိုး။

သို့သော် ထိုသို့တဝုန်းဝုန်းဖြစ်နေကြသည့်ကြားသို့ ဝင်ရောက်တိုးဝှေ့ပြီးကြည့်သူအဘိုးကြီးတစ်ယောက်ကတော့ ခပ်ကျယ်ကျယ် မှတ်ချက်ပြုလေသည်။

"ရှင်ပြုမှာ ပိုက်ဆံကြဲတယ်မှတ်လို့. . . လက်စသတ်တော့ ကုလားလင်မယားမင်္ဂလာဆောင်မှာ ပိုက်ဆံကြဲတာကိုး"

ကြာတော့ ကျွန်တော်မည်သို့မျှ ထိန်းမရအောင် ရှက်လာတော့သည်။

"ထား. . တော်တော့ ထားရယ်. . . နောက်မှာလည်း ဝရုန်းသုန်းကားတွေဖြစ်ကုန်ပြီ. . လာပါ. . . ကားဆီကို ပြန်ကြရအောင်"

ထားက ဆက်၍လမ်းလျှောက်ချင်သေးသော်လည်း သူ၏လက်မောင်းကိုကိုင်ပြီး အတင်းဆွဲခေါ်မှ ထားကငိုမဲ့မဲ့လေးပါလာသည်။ သို့နှင့်ပင် ကျွန်တော်တို့နှစ်ယောက် ကားဆီသို့ပြန်ရောက်သွားသည်။ ကျွန်တော်စိတ်ခတ်အလွန်ကျနေသဖြင့် ကားစတီယာရင်ပေါ် လက်တင်ပြီး မျက်နှာနှင့်အပ်ထားလိုက်မိသည်။

"ပျော်စရာကောင်းတယ်နော် မောင်. . . မောင်ရော မပျော်ဘူးလား"

ကြည့်။ ဒီလောက်ဝရုန်းသုန်းကားတွေဖြစ်ခဲ့ရတာတောင် သူမမရှက်ဘဲ ပျော်နေသေးသည်။ ကျွန်တော်စိတ်တိုစွာနှင့် ထားကို ကြည့်လိုက်သည်။ ထားသည် ကျွန်တော့်ကိုပြုံးကြည့်နေ၏။ မျက်လုံးအစုံသည် ကြည်လဲ့နေသည်။ ချက်ချင်းပင် ကျွန်တော်ကရုဏာသက်သွားမိသည်။ ဩော် သူမခမျာ လူသာမန်မဟုတ်ဘဲ ဝေဒနာရှင်ပေပဲဟု ယူကြုံးမရသည့်စိတ်ကဖြစ်လာသည်။

"မောင်လည်း ပျော်တာပေါ့ ထားရယ်"

"ဒါဆို. . ကြေးအိုးသွားစားကြရအောင်နော်"

"အင်း. . . သွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကြေးအိုးဆိုင်ကျတော့လည်း ဆိုင်အဝင်မှာရော ဆိုင်ထဲမှာရော ကျွန်တော်တို့နှစ်ယောက်ကို လူတွေအာရုံစိုက်ကြသည်။ ပြုံးကြသည်။ စားပွဲထိုးချာတိတ်လေးက ကျွန်တော့်တို့နှစ်ယောက်ထံရောက်လာပြီး ဘာမှာမလဲဟုမေးရာ ကျွန်တော်လည်း ယောင်ပြီးလွှတ်ခနဲမှာလိုက်၏။

"ပျားရည် ' နှစ်ပွဲ"

ထားက ကျွန်တော့်ကိုမျက်စောင်းထိုး၏။ ထိုအခါမှ ကျွန်တော်လည်းရယ်ပြီး ကြေးအိုးနှစ်ပွဲမှာလိုက်ရသည်။ စားပွဲထိုးကောင်လေးသည် ကျွန်တော်တို့နှစ်ယောက်ကို စောင်းငမ်းငမ်းကြည့်ပြီးထွက်သွား၏။

ထားသည် ကျွန်တော့်ကို ရွှန်းရွှန်းစားစားကြည့်နေ၏။

တစ် ပတ်မျှအကြာတွင် မောင်စိုးသိန်းသည် ကျွန်တော့်ထံ ပြန်ရောက်လာ၏။ ကျွန်တော့်လည်း အခန်းတံခါးတို ပိတ်ခိုင်းလိုက်ပြီးမှ မောင်စိုးသိန်းကို စပြောခိုင်းရ၏။

"ကဲ. . ပြောပါဦး. . . ဘာတွေသိခဲ့ရသလဲ"

"ဒီလိုပါ ဆရာ. . . ကျွန်တော်တစ်ပတ်လုံးလုံး ဦးရန်နိုင်အောင်နောက်ကို နောက်ယောင်ခံလိုက်ကြည့်တဲ့အခါ ဦးမောင်မောင်တင့်ဆိုတဲ့သူဆီ အများဆုံးသွားတာ တွေ့ရပါတယ်"

"ဦးမောင်မောင်တင့် ဟုတ်လား. . . သူက ဘာလဲ"

"သူက စီးပွားရေးသမားတစ်ယောက်ပဲ ဆရာရဲ့. . . ပိုက်ဆံလည်း အရမ်းရှိတယ်. . . နောက်ပြီး လေးကောင်ဂျင်လည်း အရမ်းကစားပါတယ် ဆရာ"

ကျွန်တော် ပခုံးတွန့်လိုက်မိသည်။

"သူတို့နှစ်ယောက် စကားပြောတာတွေ ဘာတွေရော. . . မင်းကြားခဲ့သလား"

"ဟိုတစ်နေ့က စားသောက်ဆိုင်တစ်ဆိုင်မှာ သူတို့နှစ်ယောက်ချိန်းတွေ့တယ် ဆရာ. . . ကျွန်တော်လည်း သူတို့အနီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



စားပွဲမှာသွားထိုင်တယ်. . . သူတို့ စကားပြောတာတွေတော့ မကြားရ တစ်ချက်. . . ကြားရတစ်ချက်. . . အဓိကကတော့ ရှယ်ယာကိစ္စ ပြောကြတာပဲ ဆရာ"

"နောက်ရော ဘာကြားသေးလဲ"

"အဲဒီလောက်ပဲ. . . ကျန်တာတွေတော့ ကျွန်တော်သိပ်နား မလည်ဘူး"

"ဟုတ်ပြီ. . . အဲဒီဦးမောင်မောင်တင့်ရဲ့ပုံသဏ္ဌာန်က ဘယ်လိုလဲ"

"အရပ်ခပ်ပုပု. . ဆံပင်ခပ်တိုတို ဆရာ. . . ခေါင်းကိုလည်း ဆီထည့်ထားလေ့ရှိတယ်"

"အင်း. . ကဲ. . မောင်စိုးသိန်း. . . မင်း လုပ်စအလုပ်တွေကို အခုပြန်လုပ်တော့. . . ဟုတ်ပြီလား. . . ဆရာသိချင်တာရှိရင် လှမ်းခေါ်လိုက်မယ်"

ကျွန်တော်လည်း မောင်စိုးသိန်းကို သူ့နေရာသူပြန်လွှတ်လိုက်ပြီး ဖေဖေ့အခန်းသို့သွားလိုက်သည်။ ပြီးတော့ ကျွန်တော်သိခဲ့ရသည့်အချက်တွေကို ဖေဖေ့ကိုပြောပြလိုက်မိသည်။ ဖေဖေက ကျွန်တော့်စကားကို ငြိမ်ငြိမ်သက်သက်ပင် နားထောင်နေသည်။

"ဒီလိုလူမျိုး ဖေဖေတို့လုပ်ငန်းထဲရောက်လာရင်တော့ ပြဿနာပဲနော်. . . အေးလေ. . . ဘာပဲဖြစ်ဖြစ် ဖေဖေကြိုသိထားရတော့ ကောင်းပါတယ်. . . သားကရော ဒီကိစ္စကို ဘယ်လိုဖြေရှင်းချင်သလဲ"

"ကျွန်တော်ကတော့ ဦးသောင်းမြင့်အောင်ကို သွားတွေ့ချင်တယ်. . . သူ ကျွန်တော်တို့ဘက်ရောက်လာရင် ကျွန်တော်တို့ ဘာကိုမှကြောက်စရာမလိုတော့ဘူး ဖေဖေ"

"တွေ့ကြည့်လေ. . . ဖေဖေ့စိတ်ထင်တော့ ဒီလူက စဉ်းစား



ဆင်ခြင်ဉာဏ်ရှိပါတယ်. . . သား ပြောတာတွေ နားလည်ပါတယ်"

ဖေဖေ့မှန်စားပွဲပေါ် ကျွန်တော်လက်ထောက်ထားသည်ဖြစ်၍ ကျွန်တော့်လက်အောက်မှာ အိန်ဂျယ်ပုံလေးကရောက်နေ၏။ ကျွန်တော်အိန်ဂျယ်ပုံလေးကို ငုံ့ကြည့်လိုက်မိသည်။ ဖေဖေကလည်း ကျွန်တော်ကြည့်ရာကိုလိုက်ကြည့်၏။

"ဖေဖေ"

"ဟေ. . . ဘာလဲကွ"

"ကျွန်တော်မိန်းကလေးတစ်ယောက်ကို သက်ထပ်ချင်တယ် ဖေဖေ"

"လက်ထပ်လေ သားရဲ့. . . သားအရွယ်ဟာ အိမ်ထောင်ပြုသင့်တဲ့အရွယ်တောင် ကျော်နေပြီ. . . ကဲပြော. . . မိန်းကလေးက ဘယ်သူလဲ"

ကျွန်တော်သက်ပြင်းချလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ရင်နာရပေတော့မည်။

"သူ့နာမည်က ထားအိသိမ့်တဲ့လေ. . . ဒါပေမဲ့ ဖေဖေ. . . ကျွန်တော် သူ့ကိုလက်ထပ်ဖို့ကိစ္စမှာ ပြဿနာတွေရှိနေတယ်"

ဖေဖေရယ်ပါသည်။

"သားမေမေ သဘောမတူမှာစိုးလို့လား. . . ဖေဖေပြောပေးပါ့မယ်ကွာ. . . သိပ်တော့ စိတ်မပူပါနဲ့"

"မေမေတင် မကဘူး. . . ဖေဖေပါ သဘောတူပါ့မလား မသိဘူး"

ဖေဖေ့မျက်နှာတွင် အံ့ဩသွားသောအရိပ်အယောင်တွေ ပေါ်လာ၏။

"ဘယ်လိုဖြစ်လို့လဲ သားရဲ့. . . သားရဲ့မိန်းကလေးက အဲဒီလောက်တောင်. . ."

www.burmeseclassic.com

ဖေဖေ့စကားမဆုံးမီပင် ကျွန်တော်လည်း အကြောင်းစုံကို ရှင်းပြလိုက်မိတော့သည်။ ဖေဖေက စကားတစ်လုံးမှ ဝင်မထောက်ဘဲ ငြိမ်သက်စွာနားထောင်နေ၏။

“အဖြစ်အပျက်ကတော့ အဲဒါပဲ ဖေဖေ. . . ကျွန်တော့်မိန်းတလေးဟာ စိတ်ဝေဒနာရှင်ပါ. . . ဒါပေမဲ့ သူ့ဝေဒနာပျောက်ဖို့အတွက် မျှော်လင့်ချက်တွေရှိပါတယ် ဖေဖေ”

ဖေဖေ့မျက်နှာသည် ကျွန်တော့်စကားအဆုံး၌ မှုန်မှိုင်းသွားလေသည်။ ခဏနေမှ ခပ်လေးလေးပြောလေသည်။

“မျှော်လင့်ချက်ဆိုတာ သေချာတဲ့ကိစ္စတော့ မဟုတ်ဘူးသား. . . တကယ်လို့ သားမျှော်လင့်သလို သူ့ဝေဒနာဟာ မပျောက်ဘူးဆို ရင်ရော”

ထိုမေးခွန်းကိုဖြေဖို့ ကျွန်တော်ပင်ပန်းလွန်းပါသည်။ သို့သော် ကျွန်တော်ဖြေလိုက်မိပါသည်။

“အဲဒီလိုဆိုရင်လည်း ကျွန်တော်သူ့အပေါ်မှာ ခင်ပွန်းကောင်းအနေနဲ့ တစ်သက်လုံးတာဝန်ကျေသွားမှာပါ ဖေဖေ”

“အဲဒီလိုဆိုရင်. . . သားရင်ဆိုင်ရမယ့်ပြဿနာတွေဟာ အများကြီးပဲနော် သား”

“အဲဒါတွေကို ကျွန်တော်ထည့်စဉ်းစားပြီးပါပြီ ဖေဖေ”

“အင်း. . . တစ်ခုတော့ရှိတယ် . . . လောလောဆယ်တော့ ဒီကိစ္စကို သားမေမေကိုလုံးဝမသိနဲ့ဦး ဟုတ်ပြီလား. . . ဖေဖေ သားတောင်မလေးနဲ့ တွေ့ကြည့်ဦးမယ်”

နောက်တော့ ကျွန်တော် ကျွန်တော့်အခန်းသို့ပြန်လာခဲ့သည်။ ညနေရုံးမဆင်းမီ နာရီဝက်လောက်စောပြီး ကျွန်တော်ဆင်းခဲ့သည်။ ပြီးတော့ ဦးသောင်းမြင့်အောင်၏အိမ်သို့သွားလိုက်ရာ သူ့ကို အဆင်သင့်ပင် အိမ်၌တွေ့ရလေ၏။ သူသည် ကျွန်တော့်ကို ပျူပျူ



ငှာငှာ ခရီးဦးကြိုပြု၏။

“သော. . . မောင်အိမ်စိုး. . . အန်ကယ့်ဆီကို သက်သက်လာတာပဲလား”

“ဟုတ်ကဲ့ အန်ကယ်. . . ကျွန်တော်က အန်ကယ်နဲ့တွေ့မှ တွေ့ပါ့မလားလို့”

ကျွန်တော်တို့နှစ်ယောက် သူ့အိမ်ဧည့်ခန်းမှာပင် ထိုင်၍ စကားပြောဖြစ်ကြလေသည်။ စကားတွေပြောဖြစ်မှပင် သူသည် စိတ်ကောင်းရှိ၍ ရိုးသားသောလူတစ်ဦးဖြစ်မှန်းသိရ၏။

www.burmeseclassic.com



(၁၀)

"ထား မောင့်ကို လက်ထပ်ကို လက်ထပ်ရမယ်"

ထားသည် တယ်လီဖုန်းထဲမှရယ်၏။

"ဒီအတိုင်းတစ်ယောက်နဲ့တစ်ယောက် ချစ်နေလည်း ရသားနဲ့ မောင်ရယ်"

"မလိုချင်ဘူး. . . ထား မောင်နဲ့ လက်ထပ်ရမယ်. . . နောက်ပြီး လက်ထပ်ပြီးရင် သားသမီးတွေမွေးရမယ်"

"ခစ်ခစ်. . . ဘာတွေလျှောက်ပြောနေတာလဲ. . . အိန်ဂျယ်ဆိုတာ လူနဲ့လက်မထပ်ရဘူးလေ. . . နောက်ပြီး အိန်ဂျယ်ဆိုတာ ကလေးမမွေးဘူး"

"ထားနဲ့မောင် လောင်းမလား"

ထားဘက်မှ အသံတိတ်သွားသည်။

"လောင်းရင် ရှုံးသွားမှာပေါ့"

အောင်မာ သူကလည်း အလာကြီးပေပဲ။ သို့သော် အဲဒီလို လောင်းလို့ကတော့ ထားသေချာပေါက်ရှုံးပြီးသားပဲ။



"ကောင်းပြီလေ. . . မောင်ရှုံးရင်ရှုံးပေစေ. . . မောင် အနစ်နာခံပြီး လောင်းမယ်"

သူမ၏ရယ်သံလွင်လွင်လေး ကြားရပြန်သည်။

"တော်ပါပြီ. . . မလောင်းတော့ဘူး. . . နောက်ပြီး လောင်းလို့လည်း မဖြစ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"အို. . . ထားမှ မောင့်ကိုလက်မထပ်ဘဲ"

"အဲဒါဆို ထား မောင့်ကိုမချစ်လို့ဘဲ. . . မောင်ကတော့ ချစ်လိုက်ရတာ ထားရယ်"

သူမ၏အသံတိတ်သွားသည်။ ကျွန်တော့်အသံကို သနားစရာဖြစ်အောင် ကြိုးစား၍ပြောလိုက်မိပြန်သည်။

"မောင်လေ. . . မောင်နဲ့ ထားချစ်နေတဲ့အကြောင်းကို မောင့်ဖေဖေကိုဖွင့်ပြောလိုက်ပြီးပြီ. . . ဖေဖေကတောင် ပြောနေသေးတယ်. . . ထားနဲ့ဆိုရင်လေ. . . အရမ်းကို သဘောတူတာပဲတဲ့. . . အမြန်ဆုံးလက်ထပ်လိုက်တော့တဲ့"

"အာလူး. . . မဟုတ်က ဟုတ်က"

"တကယ်ပါ ထားရယ်. . . ဖေဖေက မလိမ်ပါဘူး"

"ဖေဖေက မလိမ်ပါဘူး. . . မောင်ကလိမ်တာ မဟုတ်လား"

ကျွန်တော်ပါးစပ်ပြသွားမိသည်။ မလွယ်ပါ။ ထားနှင့် စကားပြောရသည်မှာ မလွယ်ပါ။

"ထား"

"ရှင်"

"မောင့်ကို ချစ်သလားဟင်"

"အင်း. . . ချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ချစ်သလဲ"

"အသက်လောက် ချစ်တယ်. . . ပြောမပြနိုင်လောက်အောင်ချစ်တယ်"

"ဟုတ်ပြီ. . . ဒါဆိုရင် ထားမောင့်ကို လက်ထပ်ရမယ်. . . အဲဒီလိုမှ လက်မထပ်ရင် မောင့်ကိုမချစ်လို့ပဲ"

"ဒုက္ခပါပဲ. . . မောင်ကလည်း ထားကိုအကျပ်ကိုင်နေပြန်ပါပြီ"

"မရဘူး. . . မရဘူး. . . ထား မောင့်ကိုလက်မထပ်ရင် မောင့်ကို တကယ်မချစ်လို့ပဲလို့ သတ်မှတ်လိုက်မှာ"

သည်တစ်ခါတော့ ထားဘက်က လုံးဝအသံတိတ်သွားပါသည်။ ကျွန်တော်ကလည်း စကားတွေတရစပ်ဆက်ပြောလိုက်၏။

"တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ချစ်နေကြပြီးမှ. . . အခုဟာက မောင်ကသာ ထားကိုပိုချစ်နေသလိုဖြစ်နေတယ်. . . ထားဘက်က အဲဒီလိုလက်ထပ်ဖို့တွန့်ဆုပ်နေလေ. . . မောင်က ထားအချစ်ကို သံသယရှိလေပဲ"

"မောင်"

"ဟင်. . . ဘာလဲ ထား. . . မောင့်ကို လက်ထပ်မယ် မဟုတ်လားဟင်"

"ထား ဝမ်းနည်းတယ် သိလား. . . မောင်က ထားကိုအထင်လွဲတယ်. . . ကောင်းပြီလေ. . . မောင့်ကို ထားလက်ထပ်ဖို့ အထက်ကိုတင်ပြကြည့်ဦးမယ်"

ကျွန်တော်မျက်လုံးပြူးသွားမိသည်။ ဘယ်အထက်ကို တင်ပြမလို့ပါလိမ့်။

"အထက်ကိုတင်ပြကြည့်ဦးမယ် ဟုတ်လား. . . ဘယ်အထက်ကို တင်ပြမှာလဲ. . . အိန္ဒိယခေါင်းဆောင်ကိုလား"



"ထားရဲ့ အထက်က အိန္ဒိယကိုပါ မောင်ရဲ့"

"ဟုတ်လား. . . သူ့နာမည်က ဘယ်သူလဲ"

"ဘာလုပ်မလို့လဲ. . . မရဘူး နာမည်ပြောမပြဘူး. . . တော်ကြာ မောင် သူ့ကိုတွေ့ရင် သူနဲ့ကြိုက်ချင်ကြိုက်သွားမှာ"

"ဒုက္ခပါပဲ. . . အိန္ဒိယမြင်တိုင်း လျှောက်ကြိုက်နေတဲ့ကောင်များ ထင်နေလားမသိဘူး. . . ကဲပါ ဟုတ်ပါပြီ. . . ထားရဲ့ အထက်အရာရှိ အဲဒီအိန္ဒိယကို မြန်မြန်တင်ပြလိုက်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဦး ရန်နိုင်အောင်နှင့် ဆက်သွယ်နေသော ဦးမောင်မောင် တင့်ဆိုသူအကြောင်းကို ကျွန်တော်တို့ပို၍သိလာကြသည်။ သူသည် စီးပွားရေးသမားတစ်ဦးဖြစ်သော်လည်း ဥပဒေနှင့်မညီသော လုပ်ငန်းမျိုးတွေကို လုပ်ကိုင်ဖို့အလွန်ပင် စိတ်အားထက်သန်သော သူတစ်ယောက်ဖြစ်ပါသည်တဲ့။ တစ်ခါတစ်ရံ မူးယစ်ဆေးဝါးတွေနှင့် ပါ ပတ်သက်သည်တဲ့။ အမြတ်ရဖို့ဆိုလျှင် မစဉ်းစားသောလူစားမျိုး ဖြစ်ပါသည်တဲ့။

ကျွန်တော်ကျောချမ်းသွားပါသည်။ ကျွန်တော်တို့တော့ ခြေ ပွေးခါးပိုက်ပိုက်မိကြတော့မည် ထင်သည်။ ပြီးတော့ပို၍ကြောက်မ ဖွယ်ကောင်းသောတစ်ချက်ကို ကျွန်တော်သွားမြင်သည်။ သန်ဘက် တွင် ကျင်းပပြုလုပ်မည့် ကုမ္ပဏီ၏အရေးပေါ် အစည်းအဝေး ဦးရန်နိုင်အောင်၊ ဦးဟုတ်ဝမ်၊ ဦးဝသင်မြင့်တို့ပိုင်ရှယ်ယာလေးဆယ့် ရာခိုင်နှုန်းကိုသာ ဦးမောင်မောင်တင့်ဝယ်ယူလိုက်နိုင်လျှင် ကျွန်တော်





တို့ကောင်းမြတ်ထရေးဒင်းကုမ္ပဏီ၏အမိက ရှယ်ယာပိုင်ဆိုင်သူသည် ဖေဖေမဟုတ်တော့ဘဲ ဦးမောင်မောင်တင့်သာဖြစ်သွားပေလိမ့်မည်။

ထိုအခါ သူသည်ကောင်းမြတ်ထရေးဒင်းကုမ္ပဏီ၏အမ်ဒီ ဖြစ်သွားပေတော့မည်။ သူ့လက်ထဲရောက်သွားသော ကျွန်တော်တို့ ကုမ္ပဏီသည် ရေတိမ်နစ်ရပေတော့မည်။ မြင်းဆိုးကို ချိတပ်ပေးလိုက် သလိုဖြစ်ရပေတော့မည်။

ထိုကိစ္စအတွက် ကျွန်တော်တို့ဘာများလုပ်နိုင်ပါဦးမည် နည်း။ ဦးသောင်းမြင့်အောင်နှင့်စကားပြောခဲ့စဉ်က သိခဲ့ရသော အချက်တစ်ချက်မှာ ထား၏ ယူဆချက်အတိုင်းပင်ဖြစ်သည်။ ဦးဟုတ်ဝမ်၊ ဦးတင်မြင့်၊ ဦးသောင်းမြင့်အောင်တို့၏ရှယ်ယာတွေကို ဦးရန်နိုင်အောင်ထံသို့ မည်သူမျှမရောင်းကြ။ သို့သော်သူတို့သည် စာချုပ်အတုပြုလုပ်ပြီး အရောင်းအဝယ်ဖြစ်သယောင်ပြုကာ ကျွန် တော်တို့ကုမ္ပဏီသို့ စာချုပ်စာတမ်းတွေကို တင်ပြခဲ့ကြသည်။

ကျွန်တော်ပြောပြသောအချက်တွေအရ ဦးသောင်းမြင့် အောင်လည်း အမှန်ကိုမြင်သွားပြီး ကျွန်တော်တို့နှင့်ပူးပေါင်းတော့ မည်ဖြစ်သည်။ သို့သော် ဦးသောင်းမြင့်အောင် ကျွန်တော်တို့ဘက် ရောက်လာရုံနှင့် ဘာမျှလုပ်မရသေးပါ။ အမိကကတော့ ဦးရန်နိုင် အောင်တို့သုံးယောက်၏ ရှယ်ယာကိုပြန်ထုတ်ပေးရေးသာဖြစ်သည်။ ကျွန်တော်တို့မှာ အချိန်လည်း မရတော့ပြီ။

ဖေဖေကတော့ မည်သို့နေမည်မသိ။ ကျွန်တော်ကတော့ တွေးရင်းနှင့် ရင်တွေပူလာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ထား မောင့်ကိုလက်ထပ်ဖို့အကြောင်း. . . ထား အထက်ကို တင်ပြလိုက်ပြီ မောင်"

ကျွန်တော်ဝမ်းသာသွားပါသည်။ ထို့ကြောင့် ကသောကမျော မေးလိုက်မိသည်။

"ဟုတ်လား. . . အဲဒီတော့ ဘာပြန်ပြောသလဲ"

"အချိန်ကို စောင့်ဦးတဲ့. . . အိန်ဂျယ်အစားရမှ လက်ထပ်ရမယ်တဲ့"

"ဟာ"

ထားသည် ကျွန်တော့်ကို ပြုံးတုံ့တုံ့နှင့်ကြည့်နေ၏။ ကျွန်တော်တို့နှစ်ယောက်သည် ထားတို့ခြံထဲက ဒန်းကလေးမှာ ယှဉ်တွဲထိုင်ရင် စကားပြောနေကြခြင်းဖြစ်သည်။

"အချိန်ကို စောင့်ရမယ် ဟုတ်လား. . . အဲဒီတော့ ထားက ပြန်မပြောလိုက်ဘူးလား. . . အချိန်မစောင့်ပါရစေနဲ့လို့"

"ဘယ်နေမလဲ မောင်ရဲ့. . . ထားလည်း အဲဒီလိုပြန်ပြောလိုက်တာပေါ့"

"အဲဒီတော့"

"အဲဒီတော့. . . အင်း. . . ဒါဆိုလည်း ထားလုပ်ချင်သလို လုပ်တော့တဲ့"

ကျွန်တော်ဝမ်းသာသွား၏။ သို့သော်အပြည့်အဝတော့ ဝမ်းမသာနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ညတုန်းက ဖေဖေနှင့်ပြောခဲ့သော စကားတွေကို ပြန်သတိရသွား၍ဖြစ်ပါသည်။

"ဖေဖေတို့ စကားနည်းနည်းပြောကြရအောင်သား. . . သားလက်ထပ်ချင်တဲ့မိန်းကလေးရဲ့ မျိုးရိုးဘက်မှာရော အဲဒီလို ရောဂါမျိုးမှာ ဖြစ်ဖူးသလား"

"မရှိပါဘူး ဖေဖေ. . . ထားတစ်ယောက်တည်းမှာပါ. . . နောက်ပြီး အခုလိုဖြစ်ရတာလည်း သူတို့သားအမိရဲ့ ကားအက်ဆီးဒင့်ဖြစ်လာတာပါ"

"အင်း. . . များသောအားဖြင့်တော့ စိတ်ရောဂါဟာ မျိုးရိုးတော့သိပ်မလိုက်တတ်ကြပါဘူး. . . ဒါပေမဲ့သားရယ်. . . ဒီကိစ္စမှာ ဖေဖေ့အမြင်ကိုပြောရရင် သားဟာ အရမ်းကိုစွန့်စားလွန်းတယ်လို့ ထင်တယ်. . . ဒီတော့ ဒီလိုလုပ်ကြည့်ပါလား. . . ကောင်မလေး ရောဂါကို အရင်ကုကြည့်. . . ပျောက်သွားပြီဆိုမှ လက်ထပ်ပေါ့"

"မဟုတ်ပါဘူး ဖေဖေ. . . ထားရဲ့ရောဂါက သူမသိစိတ်တ ဖြစ်နေတဲ့အိန်ဂျယ်ကိစ္စကြီးပါ. . . အဲဒီကိစ္စကြီး သူ့စိတ်ထဲကပျောက်သွားဖို့ဆိုတာ သူ့အနားမှာအဖော်ကောင်းတစ်ယောက် အမြဲရှိနေဖို့လိုပါတယ်. . . နောက်ပြီး ထားမှာသာအဲဒီအိန်ဂျယ်ဆိုတာကြီးမရှိရင် တကယ့်လူကောင်းတစ်ယောက်လိုပါပဲ ဖေဖေ. . . ဘာမှ မသိသာဘူး . . . ပုံမှန်အတိုင်းပဲ"

"ဖေဖေတို့ မိဘဘက်ကိုလည်း သားနည်းနည်းစဉ်းစားကြည့်ဦး သား. . . သားကို ဖေဖေတို့ သိပ်ချစ်ကြတယ်. . . ဘာပဲဖြစ်ဖြစ် ကိုယ့်သားသမီးကို အပြစ်အနာအဆာမရှိတဲ့မိန်းကလေးမျိုးနဲ့ပဲသတ်

www.burmeseclassic.com

www.burmeseclassic.com



ထပ်စေချင်တယ်”

ကျွန်တော်သက်ပြင်းချလိုက်မိသည်။ ယခုလို ထားဘက်မှ လိုက်လျောသည့် သဘောတွေပြလာသည်ဆိုလျှင်တောင်မှ အခက်အခဲတွေရှိနေပါလိမ့်ဦးမည်။

“မောင် မျက်နှာလည်းမကောင်းပါလားဟင်. . . . ဘာဖြစ်လို့လဲ. . . အလုပ်ကိစ္စ အဆင်မပြေလို့လား”

“မနက်ဖြန် လုပ်မယ့်အစည်းအဝေးကိစ္စ စဉ်းစားလိုက်မိလို့ပါ ထားရယ်”

“အစည်းအဝေးက ဘယ်အချိန်လဲ”

“နေ့လယ်တစ်နာရီ”

ထား အသံတိတ်သွားသည်။ မိုးကုန်ပြီဖြစ်သဖြင့် ရာသီဥတုသည် သာသာယာယာဖြစ်နေ၏။

(၁၁)

နေ့လယ် တစ်နာရီတိတိတွင် သူတို့အားလုံးရှေ့ဆင့် နောက်ဆင့်ပင် အစည်းအဝေးခန်းသို့ရောက်လာသည်။ ဦးရန်နိုင်အောင်၊ ဦးဟုတ်ဝမ်နှင့် ဦးတင်မြင့်တို့က တစ်အုပ်စု။ သူတို့နှင့်အတူ လူစိမ်းတစ်ယောက်လည်းပါလာသည်။ ထိုလူစိမ်းသည် ကျွန်တော်တို့သိထားသည့်အတိုင်း သတင်းရထားသည့်အတိုင်း ဦးမောင်မောင်တင့်ဆိုသူပင်ဖြစ်သည်။ သူတို့လေးယောက် နေရာအသီးသီးယူပြီးမှ ဦးသောင်းမြင့်အောင်က ရောက်လာသည်။ ကျွန်တော်တို့အားလုံးလူစုံလေပြီ။ သို့သော်အစည်းအဝေးခန်းထဲမှာ တိတ်ဆိတ်နေ၏။ တိုက်ပွဲမစမီ ငြိမ်သက်နေသည်နှင့်ပင် သဏ္ဌာန်တူ၏။

“ကဲ. . . အားလုံးပဲ လူစုံပြီဆိုတော့ အစည်းအဝေးပွဲလေး စလိုက်ရအောင်”

ကျွန်တော်မတ်တပ်ထရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအစည်းအဝေးဟာ ကုမ္ပဏီရဲ့သက်တမ်းငါးနှစ်အတွင်းမှာ အထူးခြားဆုံးအစည်းအဝေးဖြစ်ပါတယ်. . . ဘာဖြစ်လို့လဲဆိုတော့ ပြီးခဲ့တဲ့ငါးနှစ်သက်တမ်းအတွင်းမှာ အခုလိုအရေးပေါ်အစည်းအဝေး တစ်ခါမှ မလုပ်ခဲ့ဖူးလို့ပါပဲ. . . နောက်ပြီး စိတ်မကောင်းဖို့ကောင်းတာတစ်ခုက ပြီးခဲ့တဲ့ငါးနှစ်တာကာလလုံး သွေးစည်းညီညွတ်ခဲ့တဲ့ ကုမ္ပဏီဟာ ဒီနေ့မှာပဲသွေးစည်းညီညွတ်မှု ပျက်ပြားတော့မှာဖြစ်လို့ပါပဲ"

ဦးရန်နိုင်အောင်သည် ကျွန်တော့်ကိုမကြည့်ဘဲ ဘေးက ဦးမောင်မောင်တင့်ဆိုသော လူနှင့်စကားပြောနေသည်။ သူတို့သည် အစည်းအဝေးစတင်သည်အထိ ထိုလူနှင့်ကျွန်တော်တို့ သားအဖကို မိတ်ဆက်မပေးပါ။ ထိုအချက်သည် ခံပြင်းစရာတော့ ကောင်းလှပါသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . အကြောင်းအမျိုးမျိုးကြောင့် လမ်းခွဲကြတဲ့အခါ အဆင်ပြေပြေနဲ့လမ်းခွဲကြဖို့ အရေးကြီးပါတယ်. . . အဲဒီတော့ ကျွန်တော်တို့ကုမ္ပဏီရဲ့ရှယ်ယာဝင်တချို့ဟာ သူတို့ရှယ်ယာတွေနဲ့ပတ်သက်လို့ ပြောစရာစကားတွေရှိနေပါလိမ့်မယ်. . . အဲဒါတွေအတွက် ကျွန်တော်တို့ နားထောင်ပါရစေ"

ကျွန်တော်နေရာမှ ပြန်ထိုင်လိုက်သည့်အခါ ဦးရန်နိုင်အောင်၏အသံထွက်လာသည်။

"ဘာမှထူးခြားတဲ့ကိစ္စတော့ မဟုတ်ပါဘူး. . . ကုမ္ပဏီရဲ့ လမ်းကြောင်း မပြောင်းတဲ့ပေါ်လစီကြောင့် ကျုပ်တို့ဒီကုမ္ပဏီနဲ့ဆက်မလုပ်ချင်တော့ဘူး. . . ကျုပ်တို့ဆိုရာမှာ ကျွန်တော်ဦးရန်နိုင်အောင်၊ ဦးဟုတ်ဝမ်၊ ဦးတင်မြင့်နဲ့ ဦးသောင်းမြင့်အောင်တို့လေးယောက်. . ."

"ခဏနေဦး"

ဦးသောင်းမြင့်အောင်၏ အသံခပ်စူးစူးထွက်လာသဖြင့် ဦးရန်နိုင်အောင်၏အသံ ရုတ်တရက်ရပ်သွား၏။ ဦးသောင်းမြင့်အောင်က ဆက်ပြော၏။

"ကုမ္ပဏီနဲ့ဆက်မလုပ်ချင်တဲ့ ရှယ်ယာဝင်တွေထဲမှာ ကျွန်တော်မပါဘူး"

"ဘယ်လိုဖြစ်တာလဲ ဦးသောင်းမြင့်အောင်. . . ကျုပ်တို့ကြိုတင်သဘောတူညီချက်တောင် လုပ်ထားပြီးပြီလေ. . . အခုမှ ဘယ်လိုဖြစ်တာလဲ"

"ကြိုတင်သဘောတူထားတာ တူထားတာတစ်ပိုင်းပဲ. . . အခုတော့ ကျုပ်သဘောမတူဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ နာမည်ကောင်းဆိုတဲ့ဂုဏ်ကို ချစ်တတ်သွားလို့ပဲ"

အခန်းတွင်း၌ ငြိမ်ကျသွားသည်။ လေအေးပေးစက်သံ တရှဲရှဲကိုပင် ကြားနေရ၏။ ဖေဖေ့မျက်နှာ၌ အပြုံးရိပ်ကလေးထင်သွား၏။

"ဟုတ်ပါပြီလေ. . . နဂိုမူလက ကျုပ်တို့သဘောတူညီချက်ထဲ ဦးသောင်းမြင့်အောင်မပါတော့ဘူးဆိုလည်း မတတ်နိုင်တော့ပေါ့ . . . အဲဒါဆို ကျုပ်တို့သုံးယောက်ကတော့ ဒီကုမ္ပဏီနဲ့ဆက်မလုပ်တော့ဘူး. . . ဒီတော့ ကျွန်တော်တို့ပိုင်ရှယ်ယာတွေကို ချက်ချင်းပြန်လိုချင်ပါတယ်"

"ဘယ်ကုမ္ပဏီမှာမှ ကိုယ့်ရှယ်ယာကိုချက်ချင်းပြန်ယူလို့ မရပါဘူး ဦးရန်နိုင်အောင်. . . စာရင်းရှင်းတမ်းတွေလည်းဆွဲဖို့ အချိန်ယူရပါသေးတယ်. . . အဲဒီလိုရှယ်ယာတွေကို ပြန်ထုတ်ပေးနိုင်ဖို့ ကျုပ်တို့မှာ အချိန်ကာလတစ်ခုယူရပါလိမ့်မယ်"

ဖေဖေ့လေသံက တကယ့်ကိုအေးအေးလေး။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့လုံးဝမစောင့်နိုင်ဘူး ဦးကောင်းမြတ်ရဲ့... ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ဒီမှာထည့်ထားတဲ့ငွေတွေနဲ့ တခြားမှာပြန်ရင်းနှီး မြှုပ်နှံရမှာမို့ပဲ"

"အဲဒါက ဦးရန်နိုင်အောင်ရဲ့အပိုင်းလေ... ကုမ္ပဏီရဲ့ သဘောတူညီချက်အရတော့ ရှယ်ယာတွေပြန်ထုတ်ပေးဖို့ အချိန်ကာလတစ်ခုတော့ယူကိုယူရမှာပဲ"

"အဲဒီလိုအချိန်ကာလတစ်ခု မယူဘဲနဲ့ ရှယ်ယာတွေကို ကျွန်တော်တို့ပြန်ယူလို့ရမယ့်နည်းရှိပါတယ်... ကျွန်တော်ဟောဒီက စီးပွားရေးလုပ်ငန်းရှင် ဦးမောင်မောင်တင့်နဲ့မိတ်ဆက်ပေးပါရစေ... သူဟာ ဒီကုမ္ပဏီမှာ ကျွန်တော်တို့ထည့်ထားတဲ့ရှယ်ယာတွေကို လွှဲပြောင်းဝယ်ယူပြီး ကောင်းမြတ်ထရေးဒင်းကုမ္ပဏီထဲကို ဝင်ချင်နေတဲ့သူပါ"

တိုက်ပွဲသည် ပီပီပြင်ပြင်ဖြစ်လာလေပြီ။

"ကုမ္ပဏီဆိုတာ အရပ်ထဲမှာရှိတဲ့ သာမန်စီးပွားရေးလုပ်ငန်းလေးတစ်ခုတော့ မဟုတ်ဘူးနော် ဦးရန်နိုင်အောင်... အသင်းအဖွဲ့တစ်ခုအနေနဲ့ တရားဝင်မှတ်ပုံတင်ထားရတယ်... ဘာပဲဖြစ်ဖြစ် ဒီ လိုကိစ္စမျိုးဖြစ်လာရင် တရားဝင်ဖြစ်အောင်လုပ်ရပါလိမ့်မယ်"

ကျွန်တော့်စကားကြောင့် ဦးရန်နိုင်အောင်ရယ်လေသည်။

"ဒီကိစ္စက အဲဒီလောက်မခက်ပါဘူး... တကယ့်ကို လွယ်လွယ်လေးပါ... ဟောဒီဦးမောင်မောင်တင့်က ကျုပ်တို့သုံးယောက်ရဲ့ရှယ်ယာတွေကို ဝယ်ယူမယ်... ဒီကုမ္ပဏီထဲကို ရှယ်ယာဝင်တစ်ယောက်အနေနဲ့ သူဝင်လာလိမ့်မယ်... ဒါကို ကုမ္ပဏီအနေနဲ့ အသိအမှတ်ပြုလိုက်ရုံပဲ... ကျန်တဲ့လုပ်ထုံးလုပ်နည်းဥပဒေတွေကိစ္စက ဘယ်တော့လုပ်လုပ် သူနဲ့ကျုပ်တို့ရှယ်ယာအရောင်းအဝယ်ဖြစ်ကြတာကို အသိအမှတ်ပြုပေးရုံလေးပဲ"



ကျွန်တော်ဇောချွေးတွေပြန်လာသည်။ ကျွန်တော်တို့ စိုးရိမ်ထားသောအခြေအနေကို ရောက်လာလေပြီ။ ကျွန်တော် ဖေဖေ့ကို လှမ်းကြည့်လိုက်သောအခါ ဖေဖေ့အသံခပ်တိုးတိုးထွက်လာသည်။

"ကောင်းပြီလေ... ဂုမ္ပဏီမှာ ရှယ်ယာကိစ္စကို တရားဝင်ပြောတာဆိုတော့ ရောင်းတာကို ကုမ္ပဏီကလက်ခံပါတယ်"

"နေဦးဗျ... ကိစ္စက ဒီလောက်နဲ့မပြီးသေးဘူး"

ထိုအသံသည် ဦးမောင်မောင်တင့်၏အသံပင်ဖြစ်၏။

"သူတို့ရှယ်ယာတွေကို ကျွန်တော်ဝယ်မှာတော့ မှန်ပါတယ်... ဒါပေမဲ့ အရင်းအတိုင်းတော့ မဝယ်နိုင်ဘူး... ရှယ်ယာတွေရဲ့ တန်ဖိုးကို နှစ်ဆယ်ရာခိုင်နှုန်းချပေးမှ ကျုပ်ဝယ်မယ်"

ထိုအကွက်သည် ကျွန်တော်တို့မည်သို့မျှ မမျှော်လင့်ထားသောအကွက်ဖြစ်၏။ ဦးရန်နိုင်အောင်တို့အုပ်စု၏ ရှယ်ယာတန်ဖိုးကို နှစ်ဆယ်ရာခိုင်နှုန်းဈေးလျှော့၍ဝယ်ယူမည်ဆိုပါက ထိုလျှော့ဝယ်သော ရှယ်ယာတန်ဖိုးများအတွက် ကျွန်တော်တို့ကစိုက်ထုပ်ပြန်အမ်းရမည့် သဘောဖြစ်နေသည်။

ဆိုပါစို့။ ဦးရန်နိုင်အောင်တို့အား ပြန်အမ်းရမည့်ငွေသည် ၁၀၀ ကျပ်ဖြစ်သည်ဆိုပါစို့။ ယခုဦးမောင်မောင်တင့်ဆိုသူက ရှစ်ဆယ်ဖြင့်သာ ဝယ်ယူမည်ဆိုလျှင် ဦးရန်နိုင်အောင်တို့က ထိုရှစ်ဆယ်ကို လက်ခံပါမည်လော။ လက်မခံလျှင် ထိုငွေနှစ်ဆယ်ကို ကုမ္ပဏီက စိုက် ထုတ်ပေးချေလိုက်ရမည့်သဘောဖြစ်သည်။

"လုပ်လေ... ခင်ဗျားတို့ဘာသာ ဘယ်ဈေးနဲ့ဝယ်ဝယ်... နှစ်ဆယ်ရာခိုင်နှုန်းမကလို့ တစ်ဝက်ဈေးနဲ့ပဲဝယ်ဝယ်... ဒီကိစ္စဟာ ကျွန်တော်တို့ကုမ္ပဏီနဲ့ မဆိုင်ဘူး... ခင်ဗျားတို့ချင်းညှိရမယ့်ကိစ္စ"

"ဟုတ်ပြီလေ... ဒီလိုဆိုတော့လည်း ကျွန်တော်တို့ချင်း မညှိတော့ဘူး... အဲဒီတော့ ကျွန်တော်တို့ပိုင်တဲ့ ရှယ်ယာတွေ

www.burmeseclassic.com

www.burmeseclassic.com



အခုချက်ချင်းပြန်လိုချင်တယ်. . . အဲဒါကို ကုမ္ပဏီအနေနဲ့ လုပ်ပေးပါ"

ကျွန်တော်တို့ မလှုပ်သာအောင် မြှားဦးလှည့်လာသည်။ ကုမ္ပဏီအနေနှင့်ကလည်း သူတို့ငွေတွေကို ချက်ချင်းပြန်ထုတ်ပေးနိုင်သည့် အခြေအနေမျိုးမရှိ။ ထို့ကြောင့်ပင်လျှင် သူတို့က သည်လမ်းကို ထွင်လာခြင်းဖြစ်သည်။

"ကုမ္ပဏီအနေနဲ့ ရွေးစရာလမ်းနှစ်ခုပဲရှိပါတယ်. . . ကျုပ်တို့ပိုင် ရှယ်ယာတွေကို အခုချက်ချင်းပြန်လိုချင်လို့ ချက်ချင်းရှယ်ယာတွေ ပြန်အမ်းဖို့နဲ့. . . နောက်တစ်ခုက အမ်းစရာပိုက်ဆံမရှိဘူးဆိုရင်ပေါ့ ဒီက ဦးမောင်မောင်တင့်ပြောတဲ့ဈေးနဲ့ပဲ ရှယ်ယာတွေကို အရောင်းအဝယ်လုပ်ပြီး လျှော့ဝယ်တဲ့ရှယ်ယာနှစ်ဆယ်ရာခိုင်နှုန်းကို ကုမ္ပဏီက စိုက်ထုတ်လိုက်ပေါ့"

မည်မျှ မိုက်ရိုင်းသည့် စကားဖြစ်ပါသနည်း။ ဖေဖေ့မျက်နှာသည် ရုတ်ခြည်းပင်အိုစာသွားလေသည်။ ဖေဖေ့အသံသည် တုန်ရင်နေ၏။

"ခင်ဗျားတို့သုံးယောက်ရဲ့ရှယ်ယာတွေကို ကျွန်တော်လက်ခံခဲ့လိုက်တာကိုက ကျွန်တော့်အမှားပဲလေ. . . ကောင်းပြီ. . . ခင်ဗျားတို့ပြောသလိုပဲ. . ."

ထိုအခိုက်မှာပင် အစည်းအဝေးအခန်းတံခါးပွင့်လာပြီး အထဲသို့ မြန်မာဆန်ဆန်ဝတ်စားဆင်ယင်ထားသည့် မိန်းကလေးတစ်ယောက်နှင့် အဘိုးကြီးတစ်ယောက်ဝင်လာ၏။ မည်သူမျှ ဝင်ခွင့်မရှိသည့် ဤအစည်းအဝေးခန်းထဲသို့ လူစိမ်းများဝင်လာခြင်းအတွက် ကျွန်တော်မျက်မှောင်ကုပ်လိုက်စဉ် ထားအိသိမ့်သည် ကျွန်တော့်ကို ပြုံးပြသည်။

"ကောင်းမြတ်ထရေးဒင်းကုမ္ပဏီရဲ့ ရှယ်ယာဝင်တချို့က



ရှယ် ယာတွေပြန်ရောင်းမယ် သတင်းကြားလို့ ကျွန်မတို့လာခဲ့တာပါ"

ကျွန်တော်အံ့အားသင့်သွားသည်။ ထားသည် ကျွန်တော့်ကို မတိုင်ပင်ဘဲ ဘာတွေလုပ်ချလာတာပါလိမ့်။ ကျွန်တော်မတ်တပ်ထရပ်လိုက်သည်။ ထိုအခါမှ အန်ကယ်ဦးမင်းဝေက ခပ်အေးအေးပြော၏။

"အချိန်တော့ မီသေးတယ် မဟုတ်လား မောင်အိမ်စိုး"

ဖေဖေသည် ကျွန်တော့်ကို နားမလည်သလိုကြည့်နေသဖြင့် ကျွန်တော်ဖေဖေ့ကို ရှင်းပြလိုက်ရသည်။

"ဖေဖေ. . . ဒါ ကျွန်တော်ပြောနေတဲ့ ထားပါ ဖေဖေ. . . ဒီအန်ကယ်ကတော့ ထားရဲ့ဖေဖေဦးမင်းဝေပါ. . . အန်ကယ်. . . ဒါ ကျွန်တော့်ဖေဖေ ဦးကောင်းမြတ်. . . ထား. . ဒါ ကိုယ့်ဖေဖေ"

ထားတို့သားအဖနှင့် ဖေဖေနွေးထွေးစွာ နှုတ်ဆက်လိုက်ကြသည်။ ကျွန်တော်ကတော့ ထားတို့အတွက် နေရာပေးရလေသည်။ ကျွန်တော့်ဘေးမှာ ထားရောက်လာ၏။ ထားသည် ကျွန်တော့်ကိုရွှန်းလဲ့စွာကြည့်သည်။ သူမဝတ်စားထားသည်မှာ မြန်မာဆန်ဆန်နှင့် ကျွန်တော်အံ့ဩနေမိပြန်သည်။ သည်လိုဆိုတော့လည်း ထားသည် လူကောင်းပကတိနှင့်မခြားပါကလား။

ထားတို့သားအဖသည် တကယ့်အချိန်ကောင်းမှာမှ ရောက်လာခြင်းဖြစ်သည်။ ကျွန်တော်ဦးမင်းဝေကို လှမ်းစကားပြောလိုက်မိသည်။

"ဒီကုမ္ပဏီက ရှယ်ယာတွေကို အန်ကယ်တို့သားအဖဝယ်မယ်ဆိုတာ ဟုတ်ပါသလား အန်ကယ်"

"အေးကွ. . . သမီးပြောပြထားလို့ အန်ကယ်စိတ်ကူးနေတာကြာပြီ. . . အခုမှပဲ အကောင်အထည်ပေါ်တော့တယ်"

ကျွန်တော်ပြုံးလိုက်မိလေသည်။ ယခုတော့ အစည်းအဝေး

www.burmeseclassic.com

www.burmeseclassic.com



မှာ ဘက်ညီသွားလေပြီ။ ဦးရန်နိုင်အောင်တို့ ဘာမှတတ်နိုင်မည် မဟုတ်တော့ပါ။ ကျွန်တော်မတ်တပ်ထရပ်လိုက်သည်။

"အားလုံး ကြားကြတဲ့အတိုင်းပဲ. . . အခုဆိုရင် ဟော့ဒီက အန်ကယ်ဦးမင်းဝေနဲ့ မထားအိသိမ့်တို့က ဦးရန်နိုင်အောင်တို့ရဲ့ရှယ်ယာတွေကို ဝယ်ချင်နေပါတယ်. . . ဒါကြောင့်မို့ စောစောက ဦးမောင်မောင်တင့်ပြောခဲ့တဲ့ နှစ်ဆယ်ရာခိုင်နှုန်းလျှော့ဝယ်မယ်ဆိုတဲ့ ကိစ္စကြီးဟာ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး"

"ဦးရန်နိုင်အောင်. . . ဘယ်လိုဖြစ်တာလဲဗျ. . . ခင်ဗျား ပြောတော့ ရှယ်ယာတွေကို နှစ်ဆယ်ရာခိုင်နှုန်းတောင်လျှော့ဝယ်လို့ ရတယ်ဆို. . . အရင်းအတိုင်းဆိုရင်တော့ ကျုပ်ခင်ဗျားတို့ရှယ်ယာ တွေကို မဝယ်ဘူး"

ဦးမောင်မောင်တင့်၏စကားကြောင့် ဦးရန်နိုင်အောင်တို့ အုပ်စု ခေါင်းငိုက်စိုက်ကျသွားကြသည်။

"ကောင်းပြီလေ. . . ကျုပ်ကလည်း ကျုပ်တွက်ကိန်းနဲ့ ကျုပ် ခင်ဗျားကိုဆက်သွယ်ခဲ့တာပဲ. . . ဘာပဲဖြစ်ဖြစ်လေ. . . ခင်ဗျားမဝယ် ဘူးဆိုရင်လည်း ဝယ်မယ့်သူတွေရှိနေတော့ ကျုပ်တို့အတွက်က အဆင်ပြေပါတယ်"

ကျွန်တော်တို့နိုင်သွားလေပြီ။ ကျွန်တော်ကတော့ကုမ္ပဏီ၏ တကယ့်အရေးပေါ်အခြေအနေမှာ ကုမ္ပဏီကို ဝင်ရောက်လာသည့် ထားတို့သားအဖကို ကျေးဇူးတင်လိုက်မိသည်။ ထို့နောက်မှာတော့ အစည်းအဝေးသည် တိတ်တိတ်ဆိတ်ဆိတ်ပင်ပြီးသွားတော့သည်။ ဦးရန်နိုင်အောင်၊ ဦးဟုတ်ဝမ်၊ ဦးတင်မြင့်တို့၏ရှယ်ယာလေးဆယ့်ငါး ရာခိုင်နှုန်းကို ဦးမင်းဝေက သုံးဆယ်ရာခိုင်နှုန်းဝယ်ယူပြီး ထားက ဆယ့် ငါးရာခိုင်နှုန်းဝယ်ယူလိုက်ပါသည်။ ငွေကိုဘဏ်မှတစ်ဆင့် ဦးရန်နိုင် အောင်တို့စာရင်းသို့ လွှဲပြောင်းပေးမည်ဖြစ်ပါသည်။





အစည်းအဝေးပြီးသော် ဦးရန်နိုင်အောင်တို့အုပ်စုသည် အခန်းထဲမှ အရင်ဆုံးထွက်သွားပြီး ဦးသောင်းမြင့်အောင်ကတော့ ဖေဖေနှင့်အရင်သွားစကားပြောသည်။ ပြီးတော့မှ ကျွန်တော့်ဆီ ရောက်လာ၏။

"ဘယ်နှယ့်လဲ မောင်ရင်. . . အခုတော့ စိတ်အေးသွားရပြီ ထင်တယ်. . . ဒီလူတွေတစ်နေ့ကျရင် နောင်တရလိမ့်မယ်. . . အဲဒါ ကို အန်ကယ်တို့စောင့်ကြည့်နေရအောင်"

ကျွန်တော်ပြုံး၍လက်ကမ်းပေးလိုက်ရာ ကျွန်တော်တို့နှစ် ယောက်လက်ချင်းဆုပ်မိသည်။ ပြီးတော့ ဦးသောင်းမြင့်အောင်နှင့် အန်ကယ်ဦးမင်းဝေတို့သားအဖ စကားပြောနေကြပြန်သည်။ ဖေဖေ ကတော့ မြန်မာဆန်ဆန်လေးဝတ်ထားပြီး ယဉ်ကျေးသိမ်မွေ့စွာ လှနေ သည့်ထားကို မသိမသာအကဲခတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ပထမ သဘော်တူထားတုန်းက တစ်မျိုး၊ တကယ့်လက် တွေ့ကျတော့ ထားကဖောက်ချလာပြန်သည်။ ကြည့်ပါဦး။ ထား၏ သတို့သမီးဝတ်စုံကို သူမသည် ပန်းနုရောင် ပိုးသားဝတ်ရုံရှည်ကိုဝတ်ဆင်ပြီး အိန္ဒိယတစ်ယောက်အဖြစ် ခံယူလာ၏။ သည်မျှအထိတော့ သိပ်ပြဿနာမရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် သတို့သားဖြစ်သူ ကျွန်တော်ကလည်း အနောက်တိုင်း ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် ပန်းနုရောင်ပိုးသားဝတ်ရုံရှည်ဝတ်ဆင်သည့်ကိစ္စသည် သိပ်ပြဿနာမရှိသည့်အပြင် လိုက်ဖက်မှုတောင်ရှိနေပါသေးသည်။

သို့သော် သူမ၏နဖူးပြင်နှင့် ဦးခေါင်း၌ဝတ်ဆင်ထားသည့် ရွှေကြိုးနှင့်လော့ကတ်သီးကတော့ မင်္ဂလာဆောင်နှင့်ဘဝင်မကျဖြစ်စရာဖြစ်နေသည်။

"အဲဒါကြီး ပြန်ချွတ်လိုက်ပါ ထားရယ်. . . မကောင်းပါဘူး . . . မင်္ဂလာဆောင်ကို လာကြမယ့်သူတွေ အများကြီး. . . လူကြီးလူကောင်းတွေလည်း ပါတယ်"

"အို. . . မောင်ကလည်း ဘာဖြစ်လဲ. . . ဒါလည်း လှတာပဲ ဥစ္စာ"

"လှတော့ လှပါတယ်. . . ဒါပေမဲ့ ဟိုဒင်း"

ထိုအခါ ထားကိုအလှပြင်ဆင်ပေးသည့် အလှဖန်တီးရှင်တကျွန်တော့်ကို ဝင်ပြော၏။

"ဟုတ်သားပဲ. . . ဒီရွှေကြိုးနဲ့ လော့ကတ်သီးမျိုးဝတ်တဲ့ သတို့သမီးမျိုး တို့တစ်သက်မှာ တစ်ခါမှမကြုံဖူးပေမယ့်. . . ယှဉ်မိန်းမနဲ့တော့ အရမ်းလိုက်တာပဲ. . . ကြည့်ပါလား. . . ဘယ်လောက်လှသလဲ. . . ဧည့်သည်တွေအကုန်လုံး သဘောကျသွားလိမ့်မယ်"

ကျွန်တော် သက်ပြင်းချလိုက်သည်။ မင်္ဂလာပွဲစဖို့ ဆယ်မိနစ်သာလိုပါတော့သည်။ ထားသည် ပုံပြင်တွေ၊ ဒဏ္ဍာရီတွေထဲမှ နတ်မိမယ်လေးတစ်ဦးလို လှချင်တိုင်းလှနေသည်။ ထိုအခိုက်မှာပင် ကျွန်တော့်သူငယ်ချင်း မျိုးနိုင်ဇော်က အခန်းထဲဝင်လာ၏။

"ဟေ့ကောင်. . . မြန်မြန်လုပ်တော့. . . အဆိုတော်တ အခါတော်ပေးသီချင်းတောင်ဆိုတော့မယ်. . . ဟင် ဘယ်နှယ့်ဟာကြီးလဲဟ"

သူသည် ထား၏ဝတ်စားဆင်ယင်မှုကြောင့် မျက်မှောင်ကုတ်သွား၏။ ကျွန်တော်လည်း စိတ်ပေါက်ပေါက်နှင့်ရယ်ချလိုက်မိသည်။

"ကိုမျိုးနိုင်ဇော်ကြီး. . . ဘယ့်နှယ့်လဲ. . . ထားလှလား"

"အင်း လှတော့လှတယ်ဟ. . . ဒါပေမဲ့ ဟိုဒင်း"

"ကဲ မောင်. . . အခါတော်ပေးသီချင်းတောင် ဆိုတော့မယ်တဲ့. . . ထားတို့ ထွက်ကြရအောင်"

သည့်နောက်မှာတော့ ကျွန်တော်တို့ဇနီးမောင်နှံ အတူယှဉ်တွဲပြီး အခန်းထဲမှထွက်သည်။ အပြင်မှာတော့ ကျွန်တော့်မိဘနှစ်ပါး၊ ပြီးတော့ အန်ကယ်ဦးမင်းဝေ၊ သတို့သားအရံ သတို့သမီးအရံ

www.burmeseclassic.com



မင်္ဂလာပန်းကြမည့်မိန်းကလေး၊ ဧည့်ပရိသတ်သည် ခန်းမထဲမှာ နေရာယူထားပြီး အဆင်သင့်ဖြစ်နေလေပြီ။

ထိုအခိုက်မှာပင် မင်္ဂလာအခါတော်ပေးသီချင်းသံကြားရသည်။ မေမေသည် ထား၏ဝတ်စားဆင်ယင်မှုကြောင့် အံ့သြနေပုံရသည်။ ကျွန်တော်တို့မင်္ဂလာစင်မြင့်သို့ စတင်လျှောက်ကြသည်။ ဧည့်ပရိသတ်သည် ထား၏ဝတ်စားဆင်ယင်မှုနှင့် အလှကြောင့် မင်သက်နေကြ၏။ အနီးရှိစားပွဲမှ ခပ်တိုးတိုးဝေဖန်သံကြားရသည်။

"ဝတ်စုံလေးက လှလိုက်တာဟယ်. . . ဘယ်ဒီဇိုင်းနာဆီမှာ အပ်တာလည်း မသိဘူး. . . လှတယ်နော်. . . သူနဲ့ အရမ်းလိုက်တာပဲ"

ကျွန်တော် ရယ်လည်းရယ်ချင်သည်။ ကျွန်တော်ကတော့ ထား၏ဝတ်စားဆင်ယင်မှုအတွက် ဘဝင်မကျဖြစ်နေသော်လည်း ပရိသတ်တွေအတွက်ကတော့ မမြင်ဖူးသည့်ဒီဇိုင်းတစ်မျိုးကြောင့် သဘော ကျသွားကြပုံရသည်။ ဗီဒီယိုကင်မရာသမား၊ ဓာတ်ပုံဆရာတို့သည် ကျွန်တော်တို့နှစ်ယောက်ကို နေရာအမျိုးမျိုးမှ ဓာတ်ပုံရိုက်ကြသည်။

"မောင်. . . ပျော်လားဟင်"

"အင်း"

စင်မြင့်ပေါ်မှာ ထိုင်လိုက်ချိန်တွင် ထားကခပ်တိုးတိုးမေးသည်။

"ပျော်တယ်သာဆိုတယ်. . . မောင့်မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ"

"ထားဝတ်စုံကြီးကြောင့် မောင့်မျက်နှာအဲဒီလိုဖြစ်နေတာ"

"အို ထားလိုက်စမ်းပါ. . . ဒီဝတ်စုံ. . . ထားဟာ အိန်ဂျယ်လေမောင်ရဲ့"





"ဟာ အရေးထဲ. . . ဒီအိန်ဂျယ်ဆိုတာကြီးကတမျောင့်"

ထားသည် ရယ်၍ ကျွန်တော့်လက်မောင်းကိုဆိတ်သည်။

"ဒီနေ့ကစပြီး ထားဟာအိန်ဂျယ်မဟုတ်တော့ဘူးနော် ထား. . . လူဖြစ်သွားပြီ. . . လူဖြစ်ရုံတင်မဟုတ်ဘူး. . . မောင့်မိန်းမဖြစ်သွားပြီ. . . ကြားလား"

"အင်းပါ မောင်ရဲ့"

ကျွန်တော် သူမကိုစောင်းငဲ့ကြည့်လိုက်သောအခါ ထားက ကျွန်တော့်ကို ရွှန်းရွှန်းစားစားပြန်ကြည့်နေလေသည်။ အမှန်အတိုင်းပြောရလျှင် ဤအိန်ဂျယ်ပုံစံဝတ်စားဆင်ယင်မှုသည် ထားနှင့်အလွန်လိုက်ဖက်သည်ဟု ကျွန်တော်ကြိတ်ပြီး ဝန်ခံလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

**ထား** နှင့် ကျွန်တော်သည် အိမ်ရှေ့ဝရံတာမှာထွက်၍ ထိုင်နေမိသည်။ ဆောင်းညဖြစ်သောကြောင့် ကောင်းကင်မှတိမ်တွေမရှိဘဲ ကြယ်စင်များကသာ ကောင်းကင်အနှံ့ပြန့်ကြဲနေ၏။ အေးမြသောဆောင်းလေသည် ခပ်မြူးမြူးလေး တိုက်ခတ်နေသည်။ ကျွန်တော်လည်း ကျွန်တော့်ပခုံးကိုမှီပြီး ထိုင်နေသည်။ ထားချမ်းမှာစိုးသည့်အတွက် သူမ၏ပခုံးလေးကိုဖက်လိုက်သည်။ ထားသည် ကျွန်တော့်ကိုမကြည့်ဘဲ ကောင်းကင်ကိုသာ မော့ကြည့်နေ၏။

"ထား ဘာတွေစဉ်းစားနေတာလဲဟင်"

"ဟြော် ကြယ်လေးတွေကိုကြည့်နေတာ မောင်ရဲ့. . . အဲဒီကြယ်လေးတွေပေါ်မှာ အိန်ဂျယ်တွေအများကြီးရှိမှာပဲနော်"

"လာပြန်ပြီလား ဒီအိန်ဂျယ်"

"ဟင်း ဟင်း"



"ထားနော်. . . မောင်ပြောထားမယ်. . . အခုဆို ထားဗိုက်က ခုနစ်လထဲရောက်တော့မယ်. . . နောက်သုံးလလောက်ဆို သမီးလေးမွေးလာတော့မှာ. . . မောင်ပြောထားသလိုပဲ. . . ထားဟာ အိန်ဂျယ်မဟုတ်ဘူး. . . လူ. . . လူဟာ ဘရာဇီယာဝတ်တယ်. . . ပင်တီအောက်ခံဝတ်တယ်. . . ထမင်းစားတယ်. . . အီအီးပါတယ်"

"မောင်နော်. . . မညစ်ပတ်နဲ့"

"တကယ်ပြောတာ ထား. . . လူဟာ အဲဒါတွေလုပ်တဲ့အပြင် အိမ်ထောင်ပြုတယ်. . . ပြီးတော့ ကလေးလည်းမွေးတယ်. . . အခုဆို ထားဟာ အဲဒါတွေအကုန်လုပ်တဲ့အပြင် ကလေးလည်းမွေးတော့မယ် . . . ဒါကြောင့် ထားဟာ အိန်ဂျယ်မဟုတ်ဘူး. . . ထားဟာလူ. . . ထားရဲ့ရွှေလော့ကတ်သီးနဲ့ ရွှေကြိုး၊ ထားရဲ့ အိန်ဂျယ်ဝတ်စုံ၊ ထားရဲ့ နှင်တံတွေကို မောင်သိမ်းထားလိုက်ပြီ. . . တစ်နေ့ကျရင် အဲဒီဟာတွေကို. . ."

"ဟင်း ဟင်း. . . သမီးလေးအတွက် လိုချင်လို့ဦးမှာ. . . မောင်ရဲ့"

"ဟာ. . . ဒီမိန်းမ"

"ထားသိပါတယ် မောင်ရယ်. . . ထားလူဖြစ်သွားပြီမှန်း ထားကိုယ်ထားသိပါတယ်. . . အခုဟာက ဟိုးကြယ်လေးတွေပေါ်က အိန်ဂျယ်လေးတွေကို လွမ်းလို့. . . မောင်ရော မလွမ်းဘူးလားဟင်"

နုညက်နေသောပါးပြင်ကလေးကို ကျွန်တော်မြတ်နိုးစွာမွေး ကြူလိုက်မိ၏။

"မောင်ကတော့ အဲဒီကြယ်လေးတွေပေါ်က အိန်ဂျယ်လေးတွေကို လွမ်းလည်းမလွမ်းဘူး. . . စိတ်လည်း မဝင်စားဘူး. . . တောဒီ မောင့်ဘေးနားမှာထိုင်နေတဲ့ မောင့်ရဲ့ချစ်သူအိန်ဂျယ်လေးတို့ပဲ စိတ်ဝင်စားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထားသည် ကျွန်တော့်ရင်ခွင်ထဲသို့ ခေါင်းဟလေးတိုးဝင်လာသည်။ ခေတ်မီသောဗိုက်ဖုံးအင်္ကျီလေးဖြင့် လှနေသော ကျွန်တော့်ဇနီးကို ကျွန်တော်မြတ်နိုးစွာဖက်ထားလိုက်သည်။ ချစ်သူဘဝက ကြုံခဲ့ရသော ချစ်သူအိန်ဂျယ်ကိုတော့ စိတ်ထဲ၌လွမ်းသလိုတော့ဖြစ်သွားမိသည်။

မြောက်ပြန်လေသည် ကျွန်တော်တို့နှစ်ယောက်ကြားသို့ မတိုးနိုင်တော့ချေ။

(ကိုငြိမ်းဦး)
၁၈-၁၁-၂၀၀၇
နေ့လယ် ၁း၀၀ နာရီ

BURMESE CLASSIC .com

www.burmeseclassic.com